THE STRUGGLE

11

MAY 2025


တော်လှန်ရေးသီအိုရီမရှိဘဲ၊ တော်လှန်ရေး လှုပ်ရှားမှု မရှိနိုင်ဘူး(လီနင်)

# နယ်ချဲ့စနစ်၊ ပြည်တွင်းစစ်နဲ့ ဆိုရှယ်လစ်တော်လှန်ရေး



# THE STRUGGLE

MAY 2025 · 11

တော်လှန်ရေးသီအိုရီမရှိဘဲ၊ တော်လှန်ရေးလှုပ်ရှားမှုမရှိနိုင်ဘူး (လီနင်)

## CONTENTS


03 နယ်ချဲ့စနစ်၊ပြည်တွင်းစစ်နဲ့ ဆိုရှယ်လစ်တော်လှန်ရေး

အယ်ဒီတာ့အာဘော်

09 စစ်အာဏာရှင်စနစ်၊ တရုတ်ဖိအားနဲ့ ဗမာ့ပြည်တွင်းစစ်

19 ထရမ့်အောင်ပွဲရရှိသွားခြင်းအပေါ် ဆန်းစစ်ခြင်း

28 အမျိုးသားလုံခြုံရေးအကြောင်းပြချက်နဲ့ တစ်တော့(ခ်)ကို ဘန်းခြင်း

32 ကွန်မြူနစ်ဝါဒ၊ လီနင်နဲ့ ဘာသာရေး - “လောကနိဗ္ဗာန်တည်ဆောက်ရေး”

38 မဇ္ဈိမရဲ့ သတင်းစာအရည်အသွေးကို အကဲခတ်ခြင်း

43 ဒိုင်ယာလက်တစ်ရုပ်ဝါဒမိတ်ဆက်






# နယ်ချဲ့စနစ်၊ပြည်တွင်းစစ်နဲ့ ဆိုရှယ်လစ်တော်လှန်ရေး

EDITORIAL

၂၀၂၄ ကုန်ဆုံးလို့ ၂၀၂၅ ကို ကူးပြောင်းသွားခဲ့ပါပြီ။ ၂၀၂၄ တနှစ်လုံးကို ပြန်ကြည့်လိုက်ရင် တကမ္ဘာလုံးမှာ မတည်ငြိမ်မှုတွေ၊ ကသောင်းကနင်းဖြစ်မှုတွေ အမြောက်အများတွေ့ရလိမ့်မယ်။ ဒီကနေ့ခေတ်က ဆိုဗီယက် ပြိုကျပြီးနောက်ပိုင်း အမေရိကန် တဗိုလ်တည်း ကြီးစိုးနေတဲ့ ကမ္ဘာ့စနစ်ပျက်ယွင်းလာပြီး ကမ္ဘာ့ အင်အား ချိန်ခွင်လျှာ အပြောင်းအလဲ အကြီးအကျယ် ဖြစ်နေတဲ့ ခေတ်။ တက်သစ်စ နယ်ချဲ့ပါဝါတွေဖြစ်တဲ့ ရုရှားနဲ့ တရုတ်က တစတစ အကျဘက် ရောက်လာတဲ့ အမေရိကန် နယ်ချဲ့ကို ပုခုံးချင်း ယှဉ်လာတယ်။

ဒါဟာ ကမ္ဘာ့ နိုင်ငံရေး အကြီးအကျယ် မငြိမ်မသက်ဖြစ်နေရတဲ့ အဓိက အကြောင်း ဖြစ်ပါတယ်။ ဒီပဋိပက္ခက ပြင်းထန်သိပ်သည်းလာတယ်။ လတ်တလောအဆင့်မှာ proxy war တွေအဖြစ် ထိပ်တိုက်တွေ့နေကြပေမယ့် ဒေသကြီးတခုလုံး စစ်မီးတောက်လောက်တဲ့ အဆင့်ကို အချိန်မရွေး ရောက်သွားနိုင်ပါတယ်၊ အဲဒီ အန္တရာယ် အတော်ကြီးပါတယ်။ အရှေ့အလယ်ပိုင်းမှာ အမေရိကန်နဲ့ သူ့မဟာမိတ် အစ္စရေးတို့ရဲ့ ရန်စ စစ်မီးမွှေးတဲ့ လုပ်ရပ်တွေကို ကြည့်လိုက်ရင် အလွန်ထင်ရှားပါတယ်။

ဒါ့ကြောင့် ၂၀၂၄ ကုန်ဆုံးလို့ ၂၀၂၅ ကို ရောက်သွားပေမယ့် တည်ငြိမ်အေးချမ်းတဲ့ ပုံမှန် အခြေအနေကို ပြန်မရောက်နိုင်ပါဘူး။ ဒီထက် ပိုပြင်းထန်တဲ့ ပဋိပက္ခတွေ၊ မတည်ငြိမ်မှုတွေသာ ဆက်တိုက် လာပါလိမ့်မယ်။ ဒါကိုက 'new normal' ဖြစ်လာတယ်။

ဒီကနေ့ အခြေအနေကို ပထမ ကမ္ဘာစစ် မတိုင်ခင် နယ်ချဲ့ပါဝါတွေကြား အင်အား ချိန်ခွင်လျှာ အပြောင်းအလဲနဲ့ ချိန်ထိုးကြည့်လို့ ရနိုင်တယ်။ အရင်းရှင်နယ်ချဲ့ ပါဝါတွေကြားက ဆက်ဆံရေး တင်းမာလာတာ၊ အင်အား ချိန်ခွင်လျှာ အပြောင်းအလဲ ဖြစ်လာတာတွေဟာ အရင်းစစ်လိုက်ရင် အရင်းရှင်စနစ်ရဲ့ အကျပ်အတည်း သိပ်သည်း ပြင်းထန်မှုကနေ လာပါတယ်။ ဒီကနေ့ အရင်းရှင်စနစ်က 'impasse' လို့ ခေါ်တဲ့ ထွက်ပေါက်မရှိတဲ့ အခြေအနေကို ရောက်နေပြီ။

အဲဒီအခြေအနေ ရောက်လာရင် အရင်းရှင် နိုင်ငံကြီးတွေက သူတို့ပြည်တွင်း အကျပ်အတည်းကို တခြား နိုင်ငံတွေအပေါ် ပုခုံးပြောင်း ပစ်တင်ပေးဖို့ ကြိုးစားလေ့ရှိတယ်။ ဒေါ်

နယ်ထရမ့်ရဲ့ 'အမေရိကသာ ပထမ' ပေါ်လစီရဲ့ အနှစ်သာရက အဲဒီသဘောပဲ။ ဒါပေမယ့် ဒီလို လုပ်နေတာ ဒေါ်နယ်ထရမ့် တယောက်တည်း မဟုတ်သလို သူပထမဆုံးလဲ မဟုတ်ပါဘူး။ 'economic nationalism' ကို သူ့ရှေ့က ဘိုင်ဒင် အစိုးရလဲ ကျင့်သုံးခဲ့တယ်။ ဥရောပ အရင်းရှင် နိုင်ငံတွေလဲ ကျင့်သုံးနေသလို တရုတ်၊ အိန္ဒိယတို့ကလဲ ကျင့်သုံးပါတယ်။

ဒုတိယ ကမ္ဘာစစ် မတိုင်ခင် ၁၉၃၀ ခုနှစ်များတဝိုက်က မဟာ စီးပွားပျက်ကပ်ကြီး မဖြစ်ခင် အခုလို ပြည်တွင်းစီးပွားရေး ဦးစားပေး 'protectionist' မူဝါဒတွေ အပြိုင်အဆိုင် ကျင့်သုံးခဲ့ကြဖူးတယ်။ ဒီမူဝါဒတွေ ကျင့်သုံးလာပြီး နောက် ဘာဆက်ဖြစ်သွားသလဲ အားလုံး သိပါတယ်။ ဒီတော့ မေးစရာ ရှိလာတာက ဒီကနေ့ ကမ္ဘာ့ အရင်းရှင်စနစ် အကျပ်အတည်းကရော ဘယ်ကို ဦးတည်နေသလဲ။ ဒါလဲ မြင်နေရပြီလို့ ထင်ပါတယ်။ ကမ္ဘာ့ အုပ်စိုးသူ အရင်းရှင် လူတန်းစားက လူသားမျိုးနွယ်တခုလုံးကို ဘာဘရစ်ဇင် ချောက်ထဲ ဆွဲချမယ့် လမ်းကြောင်းအတိုင်း ဦးတည်သွားနေပြီလို့ ဆိုနိုင်တယ်။

ဒီကနေ့ လူ့အဖွဲ့အစည်းကို ရှေ့ဆက်မတိုးနိုင်အောင် တားဆီး ပိတ်ပင်ထားတဲ့ အခြေခံ အကြောင်းတရား နှစ်ခု ရှိပါတယ်။ ပထမတခုက 'private property' လို့ခေါ်တဲ့ ကုန်လုပ်ပစ္စည်းတွေကို ပုဂ္ဂလိကပိုင်ပြုထားခြင်း ဖြစ်ပြီး ဒုတိယတခုက 'nation state' လို့ခေါ်တဲ့ အမျိုးသား နိုင်ငံတော် ဖြစ်ပါတယ်။

အရင်းရှင်စနစ်အောက်မှာ အဆမတန် ကြီးထွားဖွံ့ဖြိုးလာတဲ့ ကုန်လုပ်စွမ်းအားစုတွေက အမျိုးသား နိုင်ငံတော် ဆိုတဲ့ နယ်ကျဉ်းကျဉ်းလေးထဲမှာ နေမရတော့လို့ ကမ္ဘာပတ်လာတဲ့ ခေတ်၊ တနည်းဆိုရရင် အရင်းရှင်စနစ်က ကမ္ဘာ့စနစ် ဖြစ်လာတဲ့ ခေတ်ကို ရောက်နေပြီ။ ဒါ့ကြောင့်လဲ အရင်းရှင် နိုင်ငံကြီးတွေက 'free trade' ရယ်လို့ ဟစ်ကြွေးပြီး ကမ္ဘာပတ် စီးပွားရေး အင်ပိုင်ယာကြီးတွေ ထူထောင်ခဲ့ကြတယ် မဟုတ်ပါလား။

ဒါပေမယ့် အခု သူတို့ ဘာပြောနေကြသလဲ။ 'protectionism' ကိုပဲ ပြောနေကြပြီ။ ကမ္ဘာ့ အင်အားအကြီးဆုံး အမေရိကမှာ isolationist တဦးက သမ္မတ ဖြစ်လာတယ်။ ဒါပေမယ့် ဆင်ကောင်ကြီးကို အပ်နဖားပေါက်ထဲ အတင်းထိုးသွင်းလို့ မရသလို ကမ္ဘာ့ လက္ခဏာဆောင်နေတဲ့ ကုန်လုပ်စွမ်းအားစုတွေကိုလဲ အမျိုးသား နိုင်ငံတော် ဘောင်ထဲ ဇွတ်အတင်း ထိုးသိပ်ထားလို့ မရနိုင်ဘူး။ ဒါ့ကြောင့် ကုန်လုပ်စွမ်းအားစုတွေက ပုဂ္ဂလိက ပိုင်ဆိုင်မှုနဲ့ အမျိုးသား နိုင်ငံတော် ဆိုတဲ့ ချုပ်နှောင်မှုတွေကို တွန်းကန်ဖောက်ထွက်နေမှာပဲ။ ဒါဟာ ဒီကနေ့ ကမ္ဘာ့ အရင်းရှင်စနစ်ရဲ့ အခြေခံ ပဋိပက္ခလဲ ဖြစ်တယ်။

## နယ်ချဲ့စနစ်နဲ့ ပြည်တွင်းစစ်

ဒီကနေ့ ကမ္ဘာ့ နယ်ချဲ့နိုင်ငံတွေကြား အင်အားချိန်ခွင်လျှာ အပြောင်းအလဲကို ပထမ ကမ္ဘာစစ် မတိုင်ခင် အခြေအနေနဲ့ နှိုင်းယှဉ်ကြည့်လို့ ရနိုင်ကြောင်း အထက်မှာ ဆိုခဲ့တယ်။ အဲသလိုပဲ ဒီကနေ့ အရင်းရှင် နယ်ချဲ့စနစ်ကို နားလည်ချင်ရင် ပထမ ကမ္ဘာစစ်အတွင်းက လီနင် ရေးခဲ့တဲ့ နယ်ချဲ့စနစ် စာအုပ်ကို အသေအချာ လေ့လာထားဖို့ လိုပါတယ်။

အရင်းရှင် နယ်ချဲ့နိုင်ငံတွေက ကမ္ဘာကြီးကို သူတို့ ဩဇာခံ နယ်ပယ်တွေ၊ ဈေးကွက်တွေ၊ ကုန်ကြမ်းရင်းမြစ်တွေ ၊ လုပ်သား ရင်းမြစ်တွေ၊ အရင်း တင်ပို့စရာ နယ်မြေတွေအဖြစ် အသီးသီး ခွဲဝေယူကြတယ်။ အဲသလို ခွဲဝေယူတဲ့အခါ ဘယ်အပေါ် အခြေခံပြီး ဝေခြမ်းကြသလဲ။ အရင်းရှင်စနစ်အောက်မှာ စဉ်းစားကြည့်လို့ ရနိုင်တဲ့ အခြေခံ တခုပဲ ရှိတယ်လို့ လီနင်က ရှင်းပြခဲ့တယ်။ အဲဒါကတော့ -

"ပါဝင်ကြသူတွေရဲ့ အင်အား အချိုးအစားပေါ် မူတည်ပြီး ခွဲယူကြခြင်း ဖြစ်တယ်။ သူတို့ရဲ့ အထွေထွေ စီးပွားရေး အင်အား ၊ ဘဏ္ဍာရေးနဲ့ စစ်ရေး အင်အား၊ အစရှိတဲ့ အင်အားစုအပေါ် အခြေခံထားခြင်း ဖြစ်ပါတယ်။ ဒါ့အပြင် အဲသလို ခွဲဝေယူကြသူတွေရဲ့ အင်အားဟာလဲ တပြေးညီ ဖြစ်ပေါ် ပြောင်းလဲနေ

တာ မဟုတ်ဘူး။ အကြောင်းကတော့ အရင်းရှင်စနစ်အောက်က အမျိုးမျိုးသော လုပ်ငန်းတွေ၊ လက်ဝါးကြီးအုပ် လုပ်ငန်းစုတွေ၊ စက်မှု နယ်ပယ်တွေ ဒါမှမဟုတ် နိုင်ငံတွေရဲ့ တိုးတက်ဖွံ့ဖြိုးမှုဟာ ညီတူမျှတူ မဖြစ်နိုင်လို့ပဲ။ [...] ငြိမ်းငြိမ်းချမ်းချမ်း မဟာမိတ်ပြုကြတယ်ဆိုတာ လာမယ့် စစ်ပွဲတွေအတွက် ပြင်ဆင်ထားခြင်း ဖြစ်သလို စစ်ပွဲတွေ ဖြစ်ရာက အဲသလို မဟာမိတ်ဖွဲ့မှုတွေ ထွက်ပေါ်လာခြင်းလဲ ဖြစ်တယ်။ တခုက တခုကို ပြုပြင်ဖန်တီးပေးရင်း ငြိမ်းငြိမ်းချမ်းချမ်း တိုက်ပွဲ သဏ္ဍာန်နဲ့ မငြိမ်းချမ်းတဲ့ တိုက်ပွဲ သဏ္ဍာန်တွေကို တလှည့်စီ ထွက်ပေါ်လာစေတယ်။ အဲဒီ တိုက်ပွဲ သဏ္ဍာန်တွေဟာ ကမ္ဘာ့စီးပွားရေးနဲ့ ကမ္ဘာ့ နိုင်ငံရေးအတွင်း ကူးလူးယှက်နွယ်နေတဲ့ အရင်းရှင် နယ်ချဲ့ ဆက်ဆံရေး အခြေခံ တခုတည်းအပေါ်ကနေ ထွက်ပေါ်နေခြင်း ဖြစ်တယ်။”

ပထမ ကမ္ဘာစစ် ဖြစ်တော့ လီနင် ဘာလုပ်ခဲ့သလဲ။ ဘာလုပ်နေသလဲ။ ဒိုင်ယာလက်တစ် အဘိဓမ္မာကို လေ့လာနေတယ်လို့ ဖြေရင် ယုံနိုင်ပါ့မလား။ မယုံရင် ကိုယ်တိုင် လေ့လာကြည့်ဖို့သာ တိုက်တွန်းချင်ပါတယ်။ အဲသလို ဒိုင်ယာလက်တစ် အဘိဓမ္မာကို အပတ်တကုတ် လေ့လာပြီး အသုံးချနိုင်ခဲ့လို့သာ ‘Imperialism’ လို ကျမ်းမျိုး ရေးပြီး ကမ္ဘာ့ အရင်းရှင် နယ်ချဲ့စနစ်ကို ခွဲခြမ်းစိတ်ဖြာပြနိုင်ခဲ့ ခြင်း ဖြစ်တယ်။ သူနဲ့ခေတ်ပြိုင် နာမည်ကြီး ဆိုရှယ် ဒီမိုကရက်တွေ သူ့လို နားလည်နိုင်စွမ်း မရှိတော့ ဘာဖြစ်သွားခဲ့သလဲ ပြန်ကြည့်ပါ။ ဆိုရှယ် ရှိုဗင်နစ်တွေ ဖြစ်ကုန်တာပဲ။

အဲဒီကာလ လီနင်တို့ ဘော်ရှီဗစ် ကေဒါတွေကြား ချခဲ့တဲ့ လိုင်းက နယ်ချဲ့စစ်ကို ပြည်တွင်းစစ်အဖြစ် ပြောင်းပစ်ရေးပဲ။ သာမန်ပြည်သူတွေကြား ဖော်ထုတ်ခဲ့တဲ့ ကြွေးကြော်သံတော့ မဟုတ်ပါဘူး။ ဒါကလဲ အရေးကြီးပါတယ်။ ကိုယ့်တပ်၊ ကိုယ့်ပါတီကို မူပေါ် ကြံ့ကြံ့ခံ ရပ်နိုင်အောင် တည်ဆောက်ရတဲ့ အလုပ်နဲ့ လူထုကြား နိုင်ငံရေး ကြွေးကြော်သံ ထုတ်ဖော်ရတဲ့ အလုပ် ထပ်တူပြုလို့ မရတာတွေ (မရသေးတဲ့ အခိုက်အတန့်တွေ) ရှိပါတယ်။

လီနင် သင်ကြားပြခဲ့သလို အရင်းရှင် နယ်ချဲ့စနစ်ကို နားလည်အောင် မလုပ်နိုင်ရင် ဒီကနေ့ခေတ်မှာလဲ မျက်စိလည်ပါလိမ့်မယ်။ ကျနော်တို့က ယူအက်(စ်)ကို အရင်းရှင် နယ်ချဲ့လို့ပြောရင် လစ်ဘရယ်တွေက မကြိုက်ပေမယ့် လက်ဝဲတွေက လက်ခံနိုင်ပါလိမ့်မယ်။ ဒါပေမယ့် တရုတ်ကို အရင်းရှင် နယ်ချဲ့လို့ ပြောလိုက်ရင် လက်မခံနိုင်တဲ့ လက်ဝဲ အတော်များများ ရှိလိမ့်မယ်။ လီနင်ဝါဒကို အခြေခံ မကျေသူများလို့ပဲ သက်သက်ညှာညှာ ပြောရမယ် ထင်ပါတယ်။

သဘောတရား ရှုပ်ထွေးမှု၊ မှားယွင်းမှုကြောင့် လက်တွေ့မှာ disaster ဖြစ်ခဲ့ရတဲ့ သမိုင်း သာဓကတွေ များလှပါပြီ။ ကိုယ့်ကြောင့် ထပ်တိုးသွားအောင် မလုပ်မိဖို့ အရေးကြီးပါတယ်။ ဘယ့်လောက် အရေးကြီးသလဲဆို သေရေး ရှင်ရေးတမျှ အရေးကြီးပါတယ်။

ဒီကနေ့ ဗမာ့ နိုင်ငံရေးအပေါ် ဩဇာ ကြီးကြီးမားမား သက်ရောက်နိုင်တဲ့ နယ်ချဲ့ပါဝါက တရုတ်ပဲ ရှိပါတယ်။ အမေရိကန် နယ်ချဲ့ပါဝါက ဗမာ့ နိုင်ငံရေး၊ ဗမာ့ ပြည်တွင်းစစ်အပေါ် အဲ့သလောက် ဩဇာ မလွှမ်းနိုင်ပါဘူး။ ဒါပေမယ့် လက်ဝဲ ဆိုသူတွေကြားမှာ တရုတ်ကို အရင်းရှင် နယ်ချဲ့စနစ်လို့ မမြင်နိုင်လောက်အောင် သဘောတရားရေး ချွတ်ခြုံကျမှု ဖြစ်နေကြတယ်။ တဖက်မှာ အမေရိကန် အရင်းရှင်နယ်ချဲ့ကို ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူကြီးလို့ ထင်နေကြတဲ့ အုပ်စုတွေလဲ မနည်းမနော ရှိနေတယ်။

ဒီအခြေအနေမှာ ဗမာ့ ပြည်တွင်းစစ် ‘proxy war’ ဖြစ်သွားမလား ဆိုတဲ့ ပြဿနာ ရှိပါတယ်။ ဖြစ်သွားနိုင်တဲ့ အန္တရာယ် ရှိတယ်လို့ပဲ ပြောရလိမ့်မယ်။ သို့သော် အခု မဖြစ်သေးပါဘူး။ မဖြစ်အောင် ကာကွယ်ဖို့လဲ သေရေး ရှင်ရေးတမျှ အရေးကြီးပါတယ်။ ယူကရိန်းလို ‘proxy war’ မဖြစ်ရကောင်းလား ဆိုပြီး ကြိတ်မနိုင်ခဲမရ ဖြစ်နေသူတွေလဲ မနည်းလှဘူး။ ဒီလို လွဲမှားတဲ့ အယူအဆတွေကို ပြတ်ပြတ်သားသား ဖွင့်ချတိုက်ထုတ်ကြဖို့ လိုပါတယ်။

ဗမာ့ ပြည်တွင်းစစ်ကို ဆီးရီးယားလို ဖြစ်သွားမယ်လို့

ပြောရင် ရန်သူလို မြင်ရာကနေ အခု ဆီးရီးယားမှာ ဘာရှာ အာဆတ် ပြုတ်ကျသွားတော့ ဆီးရီးယားကို အားကျတယ် ဆိုတာမျိုး၊ ဆီးရီးယားလို အခွင့်အခါကောင်းကို အမိအရ အသုံးချတတ်ဖို့ သင်ယူရမယ် ဆိုတာမျိုး ပြောလာကြပြန်ပြီ။

ဒါတွေကလဲ အရင်းရှင် နယ်ချဲ့စနစ် အကြောင်း မသိနားမလည်ရာက ထွက်ပေါ်လာတဲ့ အမြင်လွဲမှားမှုတွေပဲ။ အရင်းရှင် နယ်ချဲ့ပါဝါတွေ ဝင်မွှေလို့ ဆီးရီးယား နိုင်ငံ ဖွတ်ဖွတ်ညက်ညက် ကျေခဲ့ရတာ နားလည်ထားဖို့ လိုပါတယ်။ ဗမာ့ပြည်တွင်းစစ်မှာသာ အရင်းရှင် နယ်ချဲ့ပါဝါတွေ ဝင်မွှေတဲ့ အခြေအနေ ရောက်သွားရင် ဆီးရီးယားလို ဖြစ်မှာပဲ။ ဒီအန္တရာယ်ကို ပေါ့ပေါ့လေး သဘောထားလို့ မဖြစ်ပါဘူး။

ဒါ့ကြောင့် ဗမာ့ နိုင်ငံရေးအကြောင်း ပြောတဲ့အခါ ပြည်တွင်းရေးသက်သက်လေး ကွက်ပြောလို့ မရပါဘူး။ ‘bigger picture’ ကို နားလည်ထားဖို့ အရေးကြီးလာတယ်။ ဗမာပြည် အရင်းရှင်စနစ်ဟာ သီးခြားဖြစ်တည်နေတဲ့ စစ်ဗျူရိုကရက် အရင်းရှင်စနစ် မဟုတ်ဘူး၊ ကမ္ဘာ့ အရင်းရှင်စနစ် ချိန်းကြိုးကြီးရဲ့ ‘integral part’ ဖြစ်တယ် ဆိုတာ အမြင်ရှင်းနေဖို့ လိုပါတယ်။ ဒါမှသာ ဗမာပြည် လူထု လွတ်မြောက်ရေး တိုက်ပွဲ (တိတိကျကျ ဆိုရရင်) ဗမာပြည် ဆိုရှယ်လစ်တော်လှန်ရေးဟာ ကမ္ဘာ့ တော်လှန်ရေးရဲ့ အစိတ်အပိုင်း တခုသာ ဖြစ်ကြောင်း နားလည်နိုင်မယ်။

ဒါ့ကြောင့် ဒီနှစ် ဆောင်းဦးတု issue မှာ တရုတ် အရင်းရှင် အစိုးရရဲ့ ဗမာပြည်ဆိုင်ရာ နယ်ချဲ့ ပေါ်လစီအကြောင်း ဝေဖန်ချက် ဆောင်းပါးကို အထူး ထည့်သွင်း ဖော်ပြထားပါတယ်။ ဒီဆောင်းပါးကို ရေးသားပြီး နောက်ပိုင်း အလျှင်အမြန် ဖြစ်ပေါ်နေတဲ့ ဖြစ်ရပ်တွေ ရှိပါတယ်။

ဥပမာ ပြောရရင် အဲဒီတုန်းက ကိုးကန့်တပ်နဲ့ အာဏာသိမ်း စစ်ကောင်စီတို့ အပစ်ရပ်ရေး သဘောတူညီချက် (ဇန်နဝါရီ၊ ၂၀၂၅) ထွက်မလာသေးဘူး။ အေအေက အမ်း အခြေစိုက် စစ်ဌာနချုပ်ကို မသိမ်းရသေးဘူး။ ဒီဆောင်းပါး ရေးစဉ်က အဲသလို ဖြစ်ရပ် အချက်အလက်တွေ မရှိသေးပေမယ့် ဆောင်းပါးရဲ့ အစိက အာဘော်က လက်ရှိ အခြေအနေကို မှန်မှန်ကန်ကန် ထင်ဟပ်ပြနိုင်တုန်းပဲလို့ ယူဆပါတယ်။ ဟုတ် မဟုတ်တော့ စာဖတ်သူများ ကိုယ်တိုင် ချင့်ချိန် သုံးသပ်ကြည့်ပါလေ။

## အာဏာသိမ်း စစ်ကောင်စီရဲ့ လက်ရှိ အခြေအနေ

အားလုံး သိပြီးသား ဖြစ်သလို ထင်သာမြင်သာတဲ့ အချက်ကနေပဲ စကြည့်ရအောင်။ အာဏာသိမ်း စစ်တပ်ဟာ အကြီးအကျယ် စစ်ရေး ရှုံးနိမ့်နေတယ်။ ၂၀၂၄ တနှစ်တည်းမှာတင် စစ်တိုင်းကြီး နှစ်ခု ဆုံးရှုံးထားတယ်။ မအလ စစ်တပ် အဖို့ မကြုံဖူးသေးတဲ့ အရေးနိမ့်မှုကြီးတွေ ဖြစ်တယ်။ ဒါ့ကြောင့်လဲ သူတို့စစ်တပ်အတွင်း စိတ်ဓာတ်ရေးရာ ပြိုလဲမှုတွေ ဖြစ်ပေါ်လာတာပဲ။ ဘယ်သူမှ စိတ်ပါလက်ပါ မတိုက်လိုတော့ဘူး။

စစ်ခေါင်းဆောင် မင်းအောင်လှိုင်အဖို့တော့ ဘူးလေးရာ ဖရုံဆင့် ဆိုသလို အိုင်စီစီ ဖမ်းဝရမ်းကလဲ ထွက်ပေါ်လာအံ့ဆဲဆဲ အခြေအနေ။ ဗိုလ်မင်းအောင်လှိုင်ရဲ့ လက်အောက်ငယ်သားတွေ နေရာက ကြည့်မယ်ဆိုရင် သူတို့ စစ်ခေါင်းဆောင်ဟာ မရှက်မကြောက် အာဏာသိမ်းထားသူ၊ စစ်ခေါင်းဆောင် အဆက်ဆက် မကြုံဖူးခဲ့တဲ့ စစ်ရှုံးမှုတွေ ရင်ဆိုင်နေရသူ ဖြစ်ရုံသာမက လူမျိုးတုန်း သတ်ဖြတ်မှုနဲ့ အိုင်စီစီ ဖမ်းဝရမ်းထုတ်ခံထားရသူပါ ဖြစ်နေတယ်ဆိုရင် ဘယ့်လောက်တောင် အရှက်ရဖို့ ကောင်းလိုက်မလဲ (ရှက်တယ်မယ်ဆိုရင်)။ ခပ်တိုတို ပြောရရင် ဒီအချက်က “demoralizing effects” အလွန်ကြီးပါတယ်။

တချိန်တည်းမှာ ဒီအကြောင်းအချက်တွေ ပေါင်းဆုံပြီး စစ်တပ်ထိပ်သီးတွေကြား အကျပ်အတည်းနဲ့ အာဏာလွန်ဆွဲပွဲ ပိုပြင်းထန်လာနိုင်တယ်။ အုပ်စိုးသူ လူတန်းစား ထိပ်ပိုင်းက အက်ကွဲကြောင်းဟာ အုပ်စိုးခံ လူထုကြီးရဲ့ မကျေနပ်ချက်တွေ ဖွင့်ထုတ် ဖောက်ခွဲထွက်စရာ အဟာအပြဲ ဖြစ်သွားနိုင်တယ်။

ဖြစ်စရာ ရေခံမြေခံ အကြောင်းအချက်တွေကလဲ ရေးပြလို့ မကုန်အောင် ရှိနေပြီးသား။ ဒီတော့ နမူနာလောက်ပဲ အနှစ်ချုပ်ရေးပြပါရစေ။

စစ်ရှုံးပြီး စစ်သားသစ် စုဆောင်းမရ ဖြစ်နေတဲ့ အာဏာသိမ်း စစ်တပ်က အရပ်သား ပြည်သူတွေကို အတင်းအဓမ္မ စစ်ထဲဆွဲသွင်းလို့ရအောင် စစ်မှု မထမ်းမနေရ 'ဥပဒေ' ဆိုတာကို အကောင်အထည်ဖော်တယ်။ ဒါပေမယ့် လက်တွေ့မှာ ထင်သလောက် ခရီးမပေါက်တော့ 'ဥပဒေ' မျက်နှာဖုံးကို ချွတ်ချပြီး ဖြောင်ပဲ ပေါ်တာဆွဲတော့တယ်။ လက်ရှိအချိန်မှာ လူတွေကို 'terrorize' လုပ်ထားသလို ဖြစ်နေပေမယ့် ဒီလုပ်ရပ်က သူ့သေတွင်းသူ တူးနေတာနဲ့ အတူတူပဲ ဖြစ်လိမ့်မယ်။

ဒါဟာ အကောင်းမြင်လွန်းပြီး ပြောနေတာ မဟုတ်ဘူး။ လက်တွေ့ ဥပမာ တခုပဲ ပြပါမယ်။ စစ်ရှုံးနေတဲ့ ယူကရိန်းအစိုးရက လူငယ်တွေကို အတင်းအဓမ္မ စစ်ထဲ ဆွဲသွင်းတယ်။ စစ်သင်တန်းလဲ ကောင်းကောင်း မပေးနိုင်ဘူး။ စစ်မှုထမ်း ခေါ်ပြီး မကြာခင် ရှေ့တန်း ပို့ပစ်တယ်။ အမေရိကန်နဲ့ နေတိုး စစ်အုပ်စုက ယူကရိန်းကို ခေတ်မီ လက်နက်တွေ ထောက်ပံ့ပေးကြတယ်၊ ဒါပေမယ့် အဲသလို အတင်းအဓမ္မနည်းနဲ့ ရှေ့တန်းပို့ခံရသူတွေက ဘယ် သုံးတတ်မလဲ။ ဒီတော့ သေလိုက်ကြတာ သောက်သောက်လဲပေါ့။

အာဏာသိမ်း စစ်တပ်ထဲမှာ နှစ်ရှည်လများ ဦးနှောက်ဆေးခံထားရသူတွေတောင် ဘီလျံနာ စစ်ဗိုလ်ချုပ်ကြီးတွေအတွက် အသေခံ တိုက်လိုစိတ် မရှိဘူးဆိုရင် ပေါ်တာဆွဲပြီး ရှေ့တန်းပို့ခံရတဲ့ အရပ်သား လူငယ်တွေက ပိုဆိုးတာပေါ့။ ဘာအတွက် သူတို့ အသေခံ တိုက်ရမှာလဲ။ ဒီလို တိုက်လိုခိုက်လိုစိတ် မရှိသူတွေကို အတင်းအဓမ္မ ရှေ့တန်းပို့ပြီး အသေခံခိုင်းရုံနဲ့ မင်းအောင်လှိုင် စစ်အာဏာ ပလ္လင် မတည်မြဲနိုင်ပါဘူး။ ဒါ့ကြောင့် သူ့သေတွင်းသူ တူးနေတာနဲ့ အတူတူပဲလို့ ပြောခဲ့ခြင်း ဖြစ်တယ်။

အာဏာသိမ်း စစ်ကောင်စီကို အဖိနှိပ်ခံ လူထုကြီးက မကျေနပ်တာ၊ မုန်းတီးစက်ဆုပ်တာကိုတော့ အထူးပြောစရာ မလိုပါဘူး။ တကယ်တော့ သူတို့စစ်အုပ်စုဝင် အချင်းချင်းကတောင် မကျေနပ်ကြပါဘူး။ ဒါ့ကြောင့်လဲ ဗိုလ်မင်းအောင်လှိုင်က ထိပ်သီးနေရာတွေကို သူ့လူယုံတွေနဲ့ ရာထူးလဲတာတွေ ခဏခဏ လုပ်နေတာပဲ။ အရင်းရှင် လူတန်းစား အသိုင်းအဝိုင်းကလဲ မကြိုက်ပါဘူး။ သူတို့လဲ တည်ငြိမ်တဲ့ ရပ်ဝန်းမှာ လျှပ်စစ်မီး မှန်မှန်လေးနဲ့ သွေးစုပ်ရေး လုပ်ငန်းတွေ အေးအေးလေး လုပ်ချင်ကြတာပဲ။

မန်းလေပြဲလေ ဆိုတဲ့ စကားပုံလိုပဲ ဗိုလ်မင်းအောင်တို့ စစ်အာဏာရှင်တွေ ဝင်ခြိယ်လှယ်လေ ဗမာပြည် အရင်းရှင်စနစ်လဲ အကျပ်အတည်း ပိုပြင်းထန်လေ ဖြစ်နေပြီ။ ငတ်မွတ်ခေါင်းပါးသူ၊ ဆင်းရဲမွဲတေသူ၊ တောင်းစားရသူ၊ ပြည့်တန်ဆာဘဝ ရောက်သွားသူတွေ တနေ့တခြား တိုးပွားလာခြင်းက တိုင်းပြည် စီးပွားရေး ဘယ့်လောက် ကျန်းမာနေသလဲ ဖော်ပြနေတဲ့ ညွှန်းကိန်းတွေပါပဲ။ ကုန်ဈေးနှုန်းကို သေနတ်ဖောက်ပြီး ဝင်ထိန်းပေမယ့် မရပါဘူး။

ဗဟိုဘဏ်က နိုင်ငံခြားငွေတွေ ထုတ်ရောင်းပြီး ထိန်းပေမယ့် ငွေကြေးဖောင်းပွမှုက လျော့မသွားဘူး။ ဆေးဝါးနဲ့ လောင်စာဆီ ပြတ်လပ်မှုကိုလဲ မဖြေရှင်းနိုင်ပါဘူး။ ဒါ့အပြင် ခေတ်ပျက်မှာ ဈေးကစားတဲ့ 'speculator' တွေလဲ လျော့မသွားပါဘူး။ စစ်ပြေးတွေ တနေ့တခြား တိုးလာတဲ့ ရန်ကုန်မှာ အိမ်ခြံမြေဈေးတွေ တနေ့တခြား ခုန်တက်နေခြင်းက ဒီအချက်ကို သက်သေခံပါတယ်။

ဒီတော့ ချုပ်ကြည့်လိုက်ရင် ပြည်တွင်းစစ် တိုက်ရင်း ဓားမိုးအုပ်စိုးနေရတဲ့ အာဏာသိမ်း စစ်ကောင်စီဟာ ကြာကြာခံဖို့ အလားအလာ မရှိပါဘူး။ သို့သော် နေ့ချင်းညချင်း ပြိုဆင်းသွားမယ်လို့ မျှော်လင့်နေလို့လဲ မဖြစ်ဘူး။ အဲသလို ပြိုကျသွားနိုင်ချေ ရှိတယ် ဆိုရင်တောင် စိတ်ကူးယဉ် စောင့်စားနေလို့ မရပါဘူး။ စစ်အာဏာရှင်တွေဟာ သူတို့ အာဏာ တည်မြဲရေးအတွက် ဘာမဆို လုပ်ရဲတယ်လို့ မျက်နှာပြောင်တိုက် ပြောရဲသလို လက်တွေ့မှာလဲ မိုက်မိုက်ကန်းကန်း လုပ်ခဲ့၊ လုပ်ဆဲ ဖြစ်

ပါတယ်။

## ဒီကနေ့ လိုအပ်ချက်

ဒါ့ကြောင့် အလုပ်သမား လူတန်းစား ခေါင်းဆောင်တဲ့ အထွေထွေ လူထု သပိတ်ကြီး နောက်တချီ ထပ်ဆင်နွှဲဖို့ အပူတပြင်း လိုအပ်နေတယ်။ ဟုတ်ပါတယ်။ ဒီကနေ့ခေတ်မှာ ဒီစကားကိုပြောရင် အထူးအဆန်း ဖြစ်ကုန်တယ်။ အေအက်(စ်) လမ်းကြောင်းပေါ် သွားနေတဲ့ အဖွဲ့အစည်းတချို့က အောင်မြင်မှု ကြီးကြီးမားမား ရရှိထားချိန် မဟုတ်လား။

ဒါပေမယ့် တဖက်မှာလဲ လက်ငင်း အောင်မြင်မှု ကြီးကြီးမားမား ရရှိထားတဲ့ အေအက်(စ်) အဖွဲ့တွေကိုယ်တိုင် တရုတ် အရင်းရှင်နယ်ချဲ့ အစိုးရရဲ့ ဖိအား၊ အာဏာသိမ်း စစ်တပ်ရဲ့ လေကြောင်း ထိုးစစ် ဖိအားတွေကြောင့် အပစ်ရပ်ရေး သဘောတူညီချက် ယူလိုက်ရတာတွေ ရှိနေပြီ။ ဒါဟာ အေအက်(စ်) လမ်းကြောင်းရဲ့ အကန့်အသတ်၊ အေအက်(စ်) လုပ်နေတဲ့ အဖွဲ့အစည်းတွေရဲ့ ‘Achilles heel’ ကို လှစ်ဟပြလိုက်သလိုပဲ။

ဒါ့ကြောင့် အေအက်(စ်) တခုတည်းကိုပဲ စိတ်ကူးယဉ် အားကိုးနေလို့ မရဘူး။ ဒီလို ပြောရင် မကြိုက်ချင်ကြဘူး။ ဒီတော့ အခြေခံကျတဲ့ မေးခွန်းကိုပဲ ပြန်မေးရလိမ့်မယ်။ အရင်းရှင် လူ့အဖွဲ့အစည်းကို အခြေအမြစ်ကနေ ပြောင်းလဲပစ်မယ့် ဆိုရှယ်လစ် တော်လှန်ရေးကို ဘယ် လူမှု အင်အားစုက ဦးဆောင်နိုင်မလဲ။ ဟုတ်ပါတယ်။ ဆိုရှယ်လစ် တော်လှန်ရေးကသာ ဒီကနေ့ လူ့အဖွဲ့အစည်းကို အခြေအမြစ်ကနေ ပြောင်းလဲပစ်နိုင်မှာ ဖြစ်တယ်။ အာဏာသိမ်း စစ်ကောင်စီကို ဖယ်ရှားပြီး ခြေဥအသစ်နဲ့ လစ်ဘရယ် အစိုးရတရပ် တက်လာရုံ ဆိုရင် ဒီမိုကရေစီ တော်လှန်ရေးပဲ ဖြစ်ပါလိမ့်မယ်၊ လူ့အဖွဲ့အစည်းကို အခြေအမြစ်ကနေ ပြောင်းလဲပစ်နိုင်မယ့် တော်လှန်ရေးတော့ မဖြစ်နိုင်ဘူး။ ဒါ့ကြောင့် ဆိုရှယ်လစ် တော်လှန်ရေးလို့ တိတိကျကျ သုံးလိုက်ခြင်း ဖြစ်ပါတယ်။ ဒီစကားလုံးကို ကြားရုံနဲ့ တီကို ဆားနဲ့တို့လိုက်သလို ဖြစ်သွားသူတွေအတွက်တော့ စိတ်မကောင်းပါဘူး။

ဒီတော့ အထက်ပါ မေးခွန်းကို ရိုးရိုးသားသားနဲ့ ရဲရဲဝံ့ဝံ့ ဖြေနိုင်ဖို့ ကြိုးစားကြည့်ပါ။ ခေတ်သစ် အလုပ်သမား လူတန်းစားကလွဲလို့ ဆိုရှယ်လစ် တော်လှန်ရေးကို ဦးဆောင်နိုင်တဲ့ အခြား လူမှု အင်အားစု ရှိပါသလား။ သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒကတော့ မရှိဘူးလို့ တိတိကျကျ ပြောပါတယ် ။ ဒါပေမယ့် ဒီကနေ့အချိန်မှာ အကြောင်း အမျိုးမျိုးကြောင့် အလုပ်သမား လူတန်းစားက ခေါင်းဆောင်မှုနေရာမှာ မရှိဘဲ ပက်တီး ဘူဇွာ လူတန်းစားထဲက အလွှာတချို့က ခေါင်းဆောင်မှု နေရာ ရထားတယ်။ ဒါဟာ ဒီကနေ့ တော်လှန်ရေးရဲ့ အဓိက ပျော့ကွက်ပဲ။

တိတိကျကျ ပြောရရင် အလုပ်သမား လူတန်းစားက ခေါင်းဆောင်မှု နေရာမှာ မရှိရုံသာမက ချောင်ထိုးခံထားရတဲ့ အခြေအနေ ဖြစ်တယ်။ ဒါ့ကြောင့် အလုပ်သမား လူတန်းစားရဲ့ သမိုင်းဆိုင်ရာ အခန်းကဏ္ဍကို ပြန်ဖော်ထုတ်ဖို့ အရေးပေါ် လိုအပ်နေပြီ။ ဒါမှသာ အလုပ်သမား လူတန်းစား ဦးဆောင်တဲ့ ဆိုရှယ်လစ် တော်လှန်ရေးတရပ် ဖြစ်ပေါ်နိုင်မယ်။ ဒီအတွက် ရှေးရှုပြီး အလုပ်လုပ်မယ့် တော်လှန်သော မာ့(က်စ်)ဝါဒ လက်နက် တပ်ဆင်ထားတဲ့ ကေဒါ အဖွဲ့အစည်း တည်ဆောက်ရေးဟာလဲ အရေးကြီး လိုအပ်ချက်တခု ဖြစ်လာတယ်။

Down with the military regime!

Fight for Socialist Revolution!

Fight for a Bolshevik cadre organization!

စာပြီးရက်စွဲ - ၂၂ရက်၊ ဇန်နဝါရီ၊ ၂၀၂၅

အယ်ဒီတာ့အာဘော်

The Struggle



# စစ်အာဏာရှင်စနစ်၊ တရုတ်ဖိအားနဲ့ ဗမာ့ ပြည်တွင်းစစ်

ဒီရက်ပိုင်းမှာ လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားတဲ့ မြန်မာနောင်း သတင်းဆောင်းပါးနဲ့ စချင်ပါတယ်။ 'မင်းအောင်လှိုင် စစ်အုပ်စုပြုတ်ကျမည်ကို တရုတ်က မလိုလားကြောင်း လျှို့ဝှက် အစည်းအဝေး မှတ်တမ်းက ဖော်ပြနေ' ဆိုတဲ့ ခေါင်းစဉ်နဲ့ မြန်မာနောင်းက အောက်တိုဘာ ၄ ရက်နေ့မှာ ဖော်ပြထားပါတယ်။ 'လျှို့ဝှက် အစည်းအဝေး မှတ်တမ်း' ဆိုတာ ပြီးခဲ့တဲ့ ဩဂုတ်လ ၂၇ ရက်နေ့က ယူနန်ပြည်နယ်တောင်ပိုင်း ဖူးအာမြို့မှာ တရုတ် နိုင်ငံခြားရေး ဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် တိန့်ရှီကျွင်းနဲ့ ၀ တပ်ဖွဲ့ ခေါင်းဆောင်တွေ တွေ့ဆုံခဲ့တဲ့ အစည်းအဝေး မှတ်တမ်းကို ဆိုလိုပါတယ်။ ၀ တပ်ဖွဲ့နဲ့ နီးစပ်သူကို ကိုးကားပြီး ဒီအစည်းအဝေး တကယ် ရှိခဲ့ကြောင်း၊ အခု ပေါက်ကြားလာတဲ့ လျှို့ဝှက် မှတ်တမ်းထဲက အချက်အလက် အတော်များများ မှန်ကန်ကြောင်း ဘီဘီစီ သတင်းက ဆိုပါတယ်။ TM media ကလဲ ဒီအစည်းအဝေး မှတ်တမ်း မူရင်းကို ဖော်ပြထားပါတယ်။ ဒါပေမယ့် ၁၀၀% မှန်ကန်ကြောင်း အာမ မခံနိုင်လို့ ချင့်ယုံကြဖို့လဲ သတိပေးထားပါတယ်။ ဟုတ်ကဲ့၊ ချင့်ယုံပြီးတော့ပဲ ဆန်းစစ်ကြည့်တာပေါ့ ခင်ဗျာ။

ဩဂုတ် ၂၇ အဲဒီ အစည်းအဝေး နောက်ပိုင်း စက်တင်ဘာလထဲမှာ ကိုးကန့်အဖွဲ့ (MNDAA) က ကြေငြာချက်တစောင် ထုတ်ခဲ့တာ မှတ်မိကြဦးမယ် ထင်ပါတယ်။ အခု ပေါက်ကြားလာတဲ့ မှတ်တမ်းထဲက အချက်အလက်တွေနဲ့ ကိုးကန့်အဖွဲ့ ထုတ်ပြန်ချက်ကို ချိတ်ဆက်ကြည့်ရင် ရှေ့နောက် ညီညွတ်မှု ရှိနေတာ သွားတွေ့ရမယ်။ ဒါ့အပြင် အခြားတဖက်မှာလဲ တရုတ် အစိုးရက ဗမာပြည် အာဏာသိမ်း စစ်ကောင်စီကို ဒေါ်လာ ၃ ဘီလျံ ထုတ်ချေးမယ်၊ တိုက်လေယာဉ်တွေ ရောင်းချပေးမယ် ဆိုတဲ့ သတင်းတွေ ထွက်လာခဲ့သလို ကိုးကန့်တပ်ဖွဲ့ သိမ်းပိုက်ထားတဲ့ လားရှိုးမြို့ကို အာဏာသိမ်း စစ်တပ်က ပြာပုံအတိ ဖြစ်သွားလောက်တဲ့အထိ နေ့တိုင်း ဗုံးမိုးရွာနေတယ်။

ဒါတွေအားလုံးကို ဆက်စပ်လိုက်ရင် အခု ပေါက်ကြားလာတဲ့ စာဟာ အစစ် ဖြစ်နိုင်ချေ အတော်များပါတယ်။ နောက်ဆုံး အစစ် မဟုတ်ခဲ့ဘူးဆိုရင်တောင် လက်ရှိဖြစ်နေတဲ့ အခြေအနေနဲ့ စာပါ အချက်အလက်တွေ ဝိဝါဒ မကွဲဘူးဆိုတာ တွေ့ရလိမ့်မယ်။ ဒါ့ကြောင့် ဒီမှတ်တမ်းကို အစစ်လို့ ယူဆပြီး သုံးသပ်ဝေဖန်တာကို စစ်အုပ်စု ထောက်လှမ်းရေးနဲ့ အမေရိကန် ထောက်လှမ်းရေး ဆင်ထားတဲ့ ထောင်ချောက်ထဲ တည့်တည့်ဝင်သွားတာပဲလို့ ပြောမရဘူး။

ဒီအစည်းအဝေး မှတ်တမ်းထဲက အရေးကြီး အချက်တချို့ကို ဆွဲထုတ်ကြည့်လိုက်ရင် -

(၁) တရုတ် အစိုးရက ကိုးကန့်တပ်ဖွဲ့နဲ့ မဟာမိတ်တပ်တွေ ၁၀၂၇ စစ်ဆင်ရေး ဒုလှိုင်းဖော်တာ သဘောမတူဘူး၊ အထူးသဖြင့် လားရှိုးမြို့ကို MNDAA သိမ်းထားတာ မကြိုက်ဘူး၊ ပြန်ဆုတ်ပေးရမယ်လို့ တောင်းဆိုတယ်။

(၂) 'မြန်မာ စစ်တပ်က မြန်မာနိုင်ငံ ထူထောင်သူ ဖြစ်တယ်၊ အန်ယူဂျီ (ဒါမှမဟုတ်) ဒေါ်အောင်ဆန်းစုကြည်ရဲ့ အန်အယ်(လ်)ဒီ ပါတီက စစ်တပ်ကို အစားထိုးလို့ မရဘူး၊ ဒီအချက်ကို မြန်မာ့ သမိုင်းက ပြဌာန်းထားပြီးသား' [sic] လို့ တရုတ်အစိုးရဘက်က ယူဆတယ်။ (ကွန်မြူနစ် နာမည်ခံ အစိုးရတရပ် ကိုယ်စားလှယ်က ဒီလို fatalist သမိုင်းအမြင်ကို ရွတ်ပြတာ တော်တော်တော့ ရယ်စရာကောင်းသား။)

ဒီသဘောထားကို ကြည့်ရင် အန်ယူဂျီနဲ့ PDF တွေကို အမေရိကန် အလိုတော်ရိတွေလို့ မြင်ထားသလို သူတို့ အာဏာရသွားမှာကို တရုတ် အစိုးရက မလိုလားဘူး။ အမေရိကန်လိုလားတဲ့ အုပ်စုတွေ အာဏာရသွားမှာနဲ့စာရင် လက်ရှိ အာဏာသိမ်း စစ်တပ်ကို ကျားကန်ပေးထားတာက ပိုစိတ်ချရတယ်လို့ တရုတ်ဘက်က မြင်ထားတဲ့သဘောပဲ။

စိတ်ဝင်စားစရာ နောက်တချက်က -

(၃) MNDAA ဟာ အထူးဒေသ ၁ ကိုးကန့်နယ်မြေကို ကျော်လွန်ပြီး လားရှိုးကို သိမ်းပိုက်လိုက်ခြင်းဟာ တရုတ်-မြန်မာ ဆက်ဆံရေးကို အကြီးအကျယ် ထိခိုက်စေသလို BRI စီမံကိန်းများကို ထိခိုက်စေကြောင်း၊ ဒါ့အပြင် "အမေရိကန်နဲ့ အနောက်အုပ်စုတို့ မြန်မာ့အရေး ဝင်ရောက်စွက်ဖက်လာအောင် အခွင့်အလမ်းဖွင့်ပေးလိုက်ခြင်း ဖြစ်ကြောင်း" လို့ ဖော်ပြထားတယ်။

၁၀၂၇ ပထမလှိုင်း ဆင်နွှဲပြီး ကျားဖြန့် ရာဇဝတ်ဂိုဏ်းတွေ နှိမ်နင်းတုန်းက တရုတ် အကျိုးစီးပွားနဲ့ ထပ်တူကျခဲ့လို့ သဘောတူခဲ့ပေမယ့် လားရှိုးအထိ တက်သိမ်းတာကျ တရုတ်အစိုးရ လက်မခံနိုင်တော့ဘူး။ ဒါလဲ မထူးဆန်းပါဘူး။ ဒီစစ်ဆင်ရေးကို တရုတ် အစိုးရ ထောက်ခံခဲ့တယ်ဆိုတာ တော်လှန်ရေးကို အားပေးလို့မှ မဟုတ်တာပဲ။ သူ့ကို မခန့်လေးစားလုပ်ပြီး အကျိုးစီးပွားချင်း ဖီလာဆန့်ကျင်ဖြစ်လာတဲ့ မအလ စစ်အုပ်စုကို ခပ်စပ်စပ်လေး ဆုံးမဖို့ပဲ ရည်ရွယ်ခဲ့တာ။ စစ်တပ်တခုလုံး ပြိုလဲသွားတဲ့အထိ သူတို့ မလိုလားဘူး။ ဘာ့ကြောင့် မလိုလားသလဲ နောက်ပိုင်းမှာ ဆက်ပြောပါမယ်။

အဲသလို စစ်တပ်တခုလုံး ပြိုလဲတဲ့အထိ လက်လွန်သွားမှာကို စိုးရိမ်လို့ တရုတ် ဩဇာခံ မြောက်ပိုင်း အဖွဲ့တွေက လားရှိုး တက်သိမ်းတာကို သဘောမတူဘူး။ သူ့ဩဇာခံ အဖွဲ့တွေက ဒီလို လုပ်တယ်ဆိုရင် အမေရိကန် ဩဇာခံလို့ တရုတ်အစိုးရ ယူဆထားတဲ့ ( အန်ယူဂျီ၊ ပီဒီအက်ဖ်နဲ့ တခြားတပ်တွေ) က အဲသလို လိုက်လုပ်မှာကို စိုးရိမ်တယ်။ လားရှိုးကို သိမ်းလိုက်ခြင်းဟာ **"အမေရိကန်နဲ့ အနောက်အုပ်စုတို့ မြန်မာ့အရေးဝင်ရောက်စွက်ဖက်လာအောင် အခွင့်အလမ်းဖွင့်ပေးလိုက်ခြင်းဖြစ်ကြောင်း"** ဆိုတဲ့ စကားရဲ့ အဓိပ္ပါယ်ကို အဲသလို ကောက်ယူလို့ ရပါလိမ့်မယ်။ တရုတ် အစိုးရက အခုလို ယူဆပေမယ့် နဂိုလက်အောက်ခံ အဖွဲ့တွေ တိုင်းစစ်ဌာန တခုကို သိမ်းယူနိုင်စွမ်း ရှိရဲ့လားဆိုတာ မေးဖို့တောင် မလိုဘူး ထင်ပါတယ်။

နဂိုနဲ့ အပေါင်းအပါတွေ အမေရိကန်နဲ့ အနောက်အုပ်စုဆီက အကူအညီ ဘယ့်လောက်ရလဲ မသိရပေမယ့် တရုတ်က သူတို့ကို အမေရိကန် ဩဇာခံတွေလို့ မြင်နေပြီ။ ကိုးကန့် အဖွဲ့ရဲ့ စက်တင်ဘာ ကြေညာချက်မှာလဲ ဒီအချက်ကို သွားတွေ့ရတယ်။

တရုတ် အစိုးရက ကိုးကန့် ဒေသကို ဖြတ်ငါးဖြတ် ပိတ်ဆို့အရေးယူထားတယ်။ ဖြတ်ငါးဖြတ် ဆိုရာမှာ လျှပ်စစ်မီး၊ ရေ၊ အင်တာနက်နဲ့ (လောင်စာဆီ၊ ဆေးဝါး၊ ဆန်အပါအဝင် လူသုံးကုန်) ထောက်ပံ့ရေး ပစ္စည်းတွေအပြင် လူဝင်လူထွက်ကိုပါ ပိတ်ဆို့ထားခြင်း ဖြစ်ပါတယ်။ ဝ တပ်ဖွဲ့အနေနဲ့ လက်နက်ခဲယမ်း မရောင်းချရဘူးလို့လဲ အမိန့်ပေးထားသေးတယ်။ လူအများ အံ့အားသင့်သွားစေခဲ့တဲ့ ကိုးကန့် ကြေညာချက် ထွက်လာ

ရတာ ဒီဖြတ်ငါးဖြတ် ပိတ်ဆို့မှုနဲ့ တိုက်ရိုက်သက်ဆိုင်ပါလိမ့်မယ်။


နုဂျီ အပါအဝင် လစ်ဘရယ်တွေ တောင်းဆိုနေတဲ့ western sanctions တွေ အာဏာသိမ်း စစ်တပ်အပေါ် သက်ရောက်မှု ရှိမရှိ မသိရပေမယ့် လူထုအပေါ် ဆိုးကျိုး သက်ရောက်မှု ရှိခဲ့တာတော့ သေချာတယ်။ အခုလဲ တရုတ် အစိုးရရဲ့ ဒဏ်ခတ်ပိတ်ဆို့မှုက မြောက်ပိုင်းအဖွဲ့တွေနဲ့ ဒေသခံပြည်သူတွေအပေါ် အပြင်းအထန် သက်ရောက်မှု ရှိနေတာ သေချာတယ်။

## နိုင်ငံခြားရေး ပေါ်လစီဆိုတာ ပြည်တွင်းရေး ပေါ်လစီရဲ့ အဆက်

တရုတ်အစိုးရက မင်းအောင်လှိုင်တို့ အာဏာသိမ်းလိုက်တာကို မကြိုက်ဘူး၊ စစ်ကောင်စီ အခုပုံတိုင်း ဆက်သွားလို့ မရမှန်းလဲ သူတို့ နားလည်တယ်၊ ဒါ့ကြောင့် ရွေးကောက်ပွဲလမ်းကြောင်းကို တရုတ်အစိုးရ ဖိအားပေးနေခြင်း ဖြစ်တယ်။ ဒါဖြင့် သူနဲ့နီးစပ်တဲ့ မြောက်ပိုင်းအဖွဲ့တွေ (အာဏာသိမ်းစစ်တပ်ကို ဖရိုဖရဲ ဖြစ်သွားလောက်အောင် ထိုးနှက်နိုင်ခဲ့တဲ့ သူ့လူတွေ) ကို ဘာ့ကြောင့် အခုလို ဒဏ်ခတ် အရေးယူနေသလဲ။

တရုတ် ဘာလုပ်လုပ် ထောက်ခံနားလည်ပေးတဲ့ (ကွန်မြူနစ်နာမည်ခံ) လက်ဝဲတချို့ ရှိတယ်။ ဥပမာ၊ ဒေါ်လှကျော်ဇောနဲ့ ဘီဘီစီ အင်တာဗျူးကို နားထောင်ကြည့်ရင် တွေ့ရလိမ့်မယ်။ တရုတ် အစိုးရနဲ့ စကစ အဆင်ပြေနေတဲ့အချက်ကို ထောက်ပြတော့ ဒေါ်လှကျော်ဇော အဖြေက ဆက်ဆံရေးကောင်းတာနဲ့ ထောက်ခံတာ မတူဘူးတဲ့။ အနှစ်သာရ ဘာကွာသလဲတော့ သူ့သာ သွားမေးကြည့်ပါ မိတ်ဆွေ။ လောလောလတ်လတ် စစ်လေယာဉ်တွေ ရောင်းပေးတာက ရော စကစကို ထောက်ခံရာမရောက်ဘူးလားဆိုတော့ အခုမှ ကောက်ကာငင်ကာ ထလုပ်တာမျိုး မဟုတ်လောက်ဘူး၊ အရင်ကတည်းက သဘောတူထားတဲ့ စာချုပ်တွေ ဖြစ်နိုင်တယ်လို့ ရမ်းတုတ်ပြန်တယ်။ စကစ နဲ့ တရုတ် အစိုးရ ပြန်ကြားရေးဌာနတွေတောင် သူ့လောက် ဆင်ခြေရှာတတ်မယ် မထင်ဘူး။

တရုတ် အစိုးရရဲ့ ပေါ်လစီတွေက စစ်အာဏာရှင်တွေကို ကျားကန်ပေးရာရောက်မှန်း လူတိုင်း သိနေတော့ အဲသလို မျက်စိမှိတ် ထောက်ခံတာမျိုးတော့ မလုပ်ဘူး၊ ကိုယ့်ပြည်သူတွေရဲ့ အကျိုးကို မျက်နှာမူရမှာပဲဆိုတဲ့ လက်ဝဲတချို့လဲ ရှိတယ်။ ဒါပေမယ့် သူတို့အမြင်ကလဲ အကန့်အသတ်ရှိတယ်။ တရုတ်အစိုးရက ဗမာပြည်အရေးမှာသာ အခုလို ဆိုးဝါးတဲ့ နိုင်ငံခြားရေး ပေါ်လစီကို ကျင့်သုံးနေတာ၊ သူ့ပြည်တွင်းမှာ




**ပုံစာ - တရုတ်အစိုးရက အရင်းရှင်ကုမ္ပဏီကြီးများကို အခွန်များပြန်အမ်းခဲ့**

တော့ သူ့ပြည်သူတွေ ကောင်းစားရေး ‘တရုတ် လက္ခဏာဆောင်တဲ့ ဆိုရှယ်လစ် ဈေးကွက် စီးပွားရေးစနစ်’ ကို ကြိုးစားဖော်ဆောင်နေတာပဲလို့ ဆိုပြန်တယ်။ အဲသလို မြင်ထားတဲ့အခါ BRI ပရောဂျက်တွေကို လက်ဝါးကြီးအုပ် အရင်းရှင်စနစ် (နယ်ချဲ့စနစ်) ကို ရောက်သွားလို့ မလွှဲမရှောင်သာ ထွက်ပေါ်လာတဲ့ အရင်းရှင်နယ်ချဲ့ စီမံကိန်းတွေလို့ နားမလည်တော့ဘူး။ ဒီနေရာမှာ ကွန်မြူနစ် နာမည်ခံထားတဲ့ ပါတီတခုက အာဏာရနေလို့ တရုတ်ကို ကွန်မြူနစ် တိုင်းပြည်လို့ လွဲလွဲမှားမှား ထင်နေကြသူတွေနဲ့ တရုတ် လိုလားတဲ့ လက်ဝဲတွေ အတူတူပဲ။

သူတို့ကသာ တရုတ်ပြည်ကို အရင်းရှင်စနစ် မဟုတ်ပါဘူးလို့ မျက်စိမှိတ်အော်နေတာ။ တရုတ်ပြည်ရဲ့ အရင်းရှင်စနစ်က ပေါ်ထွန်းစ အရင်းရှင်စနစ် မဟုတ်တော့ဘူး၊ အမေရိကန် အရင်းရှင်စနစ်ရဲ့ အဓိက ပြိုင်ဖက်အဆင့်ကို ရောက်နေပြီ။ ဘဏ္ဍာအရင်း (finance capital) ကြီးစိုးတဲ့ လက်ဝါးကြီးအုပ် အရင်းရှင်စနစ်ကို တက်လှမ်းသွားလို့ အရင်းရှင်နယ်ချဲ့စနစ် (imperialism) ဖြစ်နေပြီ။ ဒါ့ကြောင့် တရုတ်အစိုးရရဲ့ အရင်းရှင်နယ်ချဲ့ ပေါ်လစီတွေဟာ တရုတ်ပြည် အရင်းရှင်စနစ် (monopoly capitalism) ရဲ့ ထုတ်ကုန်တွေလို့ မြင်မှ မှန်မှန်ကန်ကန် နားလည်နိုင်မယ်။ ဗမာပြည်ဆိုင်ရာ နိုင်ငံခြားရေး ပေါ်လစီပဲ မကောင်းတာ၊ သူ့ပြည်တွင်းရေး ပေါ်လစီတော့ ကောင်းပါတယ်လို့ မြင်နေခြင်းဟာ ‘domestic sphere’ နဲ့ ‘foreign sphere’ ကို သီးခြားစီ ကင်းလွတ်နေတယ်လို့ ယူဆတဲ့ ‘formal logic’ တမျိုး ဖြစ်ပါတယ်။ ဒိုင်ယာလက်တစ် အမြင်နဲ့ လားလားမှ မသက်ဆိုင်။

ဒါ့ကြောင့် ဗမာပြည်မှာဖြစ်ဖြစ်၊ ပါကစ္စတန်မှာဖြစ်ဖြစ်၊ သီရိလင်္ကာမှာဖြစ်ဖြစ်၊ တောင်အာဖရိကမှာဖြစ်ဖြစ် တရုတ်အစိုးရရဲ့ နိုင်ငံခြားရေး ပေါ်လစီတွေ ‘အရင်းရှင်နယ်ချဲ့ပေါ်လစီ’ ဖြစ်နေတာဟာ တခြားကြောင့် မဟုတ်ပါဘူး။ တရုတ်အရင်းရှင်စနစ်ကိုယ်တိုင်က လက်ဝါးကြီးအုပ် အရင်းရှင်စနစ်ဖြစ်နေလို့ပါပဲ။ လက်ဝါးကြီးအုပ် အရင်းရှင် နယ်ချဲ့ပါဝါမှန်ရင် တခြား လက်ဝါးကြီးအုပ် အရင်းရှင် နယ်ချဲ့ပါဝါတွေနဲ့



စားကျက်လုရမြဲ။ နောက်မှ တက်လာတဲ့ ကောင်ဆိုရင် သူ့ရှေ့က နယ်ချဲ့ပါဝါတွေ ကြီးစိုးမင်းမူထားပြီးသား နေရာကို ဝင်လုရတာပဲ။ အဲလိုနဲ့ ပထမ ကမ္ဘာစစ် ဖြစ်ခဲ့ရတာပဲ။

## တရုတ်ပြည် အရင်းရှင်စနစ် အကျပ်အတည်း

ဒီကနေ့အချိန်ထိ တရုတ်ပြည် အရင်းရှင်စနစ် ဟုတ်မဟုတ် ပြန်ပြောနေရတာ အတော်တော့ ပျင်းစရာကောင်းပါတယ်။ ဟိုက အရင်းရှင်စနစ် ပီသလွန်းလို့ အရင်းရှင်စနစ်မှာ မလွဲမသွေ ကြုံရမယ့် organic crisis ဖြစ်တဲ့ overproduction crisis ကို ရင်ဆိုင်နေရပြီ။ အဲဒီအရင်းရှင်စနစ်ရဲ့ အော်ဂဲနစ် အကျပ်အတည်းကို ကွန်မြူနစ်နာမည်ခံ CCP အစိုးရ ဖြေရှင်းတဲ့ နည်းလမ်းတွေကို ကြည့်ဦးမလား။ အရင်းရှင်အစိုးရတွေ ထုတ်သုံးနေကျ ပေါ်လစီတွေချည်းပါပဲ။

တရုတ်ပြည်မှာ အိမ်ခြံမြေ အရင်းရှင် လုပ်ငန်းစုကြီးတွေ အကြွေးနွံနစ်ပြီး ပြန်မဆပ်နိုင်ဖြစ်ကုန်တာ အားလုံးအသိပဲ။ ၂၀၂၁ လောက်က Evergrande crisis ဆိုရင် တော်တော်များများ မှတ်မိဦးမယ် ထင်ပါတယ်။ နည်းနည်းလောက် စဉ်းစားကြည့်ပါ။ ဆိုရှယ်လစ်စနစ်ကို ချီတက်နေရိုးမှန်ရင် ပြည်သူလူထု ရှင်သန်ရေး မရှိမဖြစ် လိုအပ်တဲ့ 'နေရေး' ကိစ္စက ပုဂ္ဂလိက အရင်းရှင်ကြီးတွေ အမြတ်ထုတ်စရာ 'ဆူလွှယ်နပ်လွှယ် စီးပွားရေး' ဖြစ်စရာ အကြောင်း ရှိပါသလား။

ဒီနေရာမှာ အဲဗားဂရန်ဒီတို့လို ပုဂ္ဂလိက အရင်းရှင် လုပ်ငန်းစုကြီးတွေပဲ ရှိတာ မဟုတ်ဘူး၊ အစိုးရပိုင် အိမ်ခြံမြေ လုပ်ငန်းတွေလဲ ရှိတာပဲလို့ ဆင်ခြေကန်နိုင်ပါတယ်။ အစိုးရပိုင်လို့ နာမည်ခံထားပေမယ့် တကယ့်လက်တွေ့မှာ ပုဂ္ဂလိကပိုင် လုပ်ငန်းတွေနဲ့ အနှစ်သာရ အတူတူပဲ ဆိုတဲ့အချက်ကို လစ်လျူရှုလို့ မဖြစ်ဘူး။ ပုဂ္ဂလိကပိုင်၊ အစိုးရပိုင် ဆိုတဲ့ လေဘယ်တွေကိုပဲ ကြည့်ရုံနဲ့ မလုံလောက်ဘူး။ သူတို့အားလုံးဟာ အနှစ်သာရအားဖြင့် profit-driven လုပ်ငန်းစုတွေချည်းပဲ။

နမူနာ တခု ပေးကြည့်ပါမယ်။ တရုတ် အစိုးရ စစ်တပ်နဲ့ တွဲဆက်နေတဲ့ ရှန်ဟိုင်း စာရင်းဝင် Poly Developments and Holdings Group ဆိုတဲ့ အစိုးရပိုင် အိမ်ခြံမြေ လုပ်ငန်းစုတခု ရှိတယ်။ အဲဗားဂရန်ဒီတို့လို ပုဂ္ဂလိက အိမ်ခြံမြေလုပ်ငန်းတွေ ပြိုလဲနေချိန်မှာ သူတို့က ထူထူထောင်ထောင် ဖြစ်ကျန်ခဲ့တယ်။ ဒါပေမယ့် သူတို့လဲ အသားတင် အမြတ် ယွမ်ငွေ ၇.၄၁ ဘီလျံ (၃၉.၃%) လျော့နည်းသွားတယ်လို့ ဆိုပါတယ်။ ပထမ ၇လပတ်အတွင်း ကန်ထရိုက် ရောင်းအား ၂၅.၈% ကျဆင်းသွားတယ်။[1]အစိုးရပိုင်လို့ နာမည်ခံထားသော်ငြား အနှစ်သာရပိုင်းမှာ ပုဂ္ဂလိကပိုင်နဲ့ ဘာမှ မကွာခြား။ [အောက်မှာ ဆက်စပ်ဖတ်ရန် လင့်ခ်တွေ ထည့်ပေးထားပါတယ်]

ဆူလွှယ်နပ်လွှယ် အိမ်ခြံမြေ စီးပွားပျက်ကပ်ဆိုက်တော့ အရင်းရှင် လုပ်ငန်းစုတွေက ဆောက်လက်စ အိမ်ရာတွေ ရပ်ပစ်လိုက်တယ်။ အဲဒီတော့ 'ဆိုရှယ်လစ်' စနစ်ဆီ ချီတက်နေတဲ့ 'ကွန်မြူနစ်' အစိုးရကြီးက ပုဂ္ဂလိက အရင်းရှင်တွေကို အရေးယူတဲ့အနေနဲ့ ဆောက်လက်စ အိမ်ရာတွေ သိမ်းယူလိုက်တယ်လို့ သင်ထင်ပါသလား။ အဲသလို ထင်နေရင် တက်တက်စင်အောင် လွဲပါလိမ့်မယ်။ developers ကုမ္ပဏီတွေကို အခွန် ကင်းလွတ်ခွင့်ပေးပြီး ဘဏ်ချေးငွေတွေ ထုတ်ပေးတယ်။[2] အိမ်ခြံမြေ ဆောက်လုပ်ရေး ဆက်မလုပ်နိုင်တဲ့ ပုဂ္ဂလိက အရင်းရှင် လုပ်ငန်းစုတွေကို ဒေသန္တရ အစိုးရတွေက 'special-purpose bond' တွေ ထုတ်ရောင်းပြီး ငွေကြေးထောက်ပံ့ပေးဖို့ ဗဟို အစိုးရကိုယ်တိုင် တိုက်တွန်းထားတယ်။[3] ပုဂ္ဂလိက အရင်းရှင်ကြီးတွေ တင်နေတဲ့ အကြွေးကို အများပြည်သူ အကြွေးဖြစ်လာအောင် လုပ်တဲ့နည်းပါပဲ။ အရင်းရှင် အစိုးရတွေ လုပ်နေကျ ပေါ်လစီတမျိုးပါပဲ။

ဆောက်ပြီးသား၊ ရောင်းမစွံတဲ့ အိမ်ရာတွေ အရင်းရှင် လုပ်ငန်းစုတွေ လက်ထဲ ပုံနေတဲ့ ပြဿနာလဲ ရှိတယ်။ ဒါကို တရုတ် အစိုးရ ဗဟိုဘဏ် (People's Bank of China) က ကြားဝင်ပြီး ကယ်ပေးတယ်။ ဗဟိုဘဏ်က ဒေါ်လာ ၄၁.၅ ဘီလျံ တန်ဖိုးရှိတဲ့ "refinancing funds" တရပ် ထူထောင်ပြီး

1. https://asia.nikkei.com/Business/Markets/China-debt-crunch/China-real-estate-crisis-batters-state-developers-seen-as-better-off
2. https://asia.nikkei.com/Business/Markets/Property/China-home-presales-sink-to-18-year-low-amid-unfinished-properties
3. https://asia.nikkei.com/Business/Markets/China-debt-crunch/China-s-local-governments-rein-in-infrastructure-bonds-on-budget-fears

ဘဏ် ၂၁ ခုကို အတိုးနှုန်း သက်သက်သာသာနဲ့ ထုတ်ချေးတယ်။ ဒေသန္တရ အစိုးရတွေ ရွေးထုတ်ထားတဲ့ SOE ခေါ် အစိုးရပိုင် လုပ်ငန်းတွေက အဲဒီဘဏ်တွေကနေ ချေးငွေပြန်ယူပြီး ရောင်းမစွံတဲ့ ဆောက်ပြီးသား အိမ်ရာတွေကို ဝယ်ရမယ်။ ဝယ်ပြီးရင် 'တန်ဖိုးသင့် အိမ်ရာ' အနေနဲ့ ဝင်ငွေ နည်းပါးသူတွေဆီ ပြန်ရောင်းမယ့် အစီအစဉ် ဖြစ်ပါတယ်။[4]

အဲဒါ မေလတုန်းက ဗဟိုဘဏ် ချမှတ်ခဲ့တဲ့ ချေးငွေ အစီအစဉ် ဖြစ်ပါတယ်။ အဲသလို အစိုးရက ကြားဝင်ခဲ့ပေမယ့် အိမ်ခြံမြေ ရောင်းအားက သိသိသာသာ တက်မလာခဲ့ပါဘူး။ ၂၀၂၄ ဧပြီနဲ့ယှဉ်ရင် မေလမှာ ၄% လောက်ပဲ တက်လာခဲ့တယ်။[5] မေ ၁၇ ရက်မှာပဲ ဗဟိုဘဏ်က အိမ်ခြံမြေ ဝယ်လိုအား တက်လာအောင် အိမ်ဝယ်စရိတ် ချေးငွေအပေါ် သတ်မှတ်ထားတဲ့ အနိမ့်ဆုံး အတိုးနှုန်းကို ပယ်ဖျက်ပေးခဲ့တယ်။ ဒီလို အစိုးရ ကြားဝင်ဆောင်ရွက်ပေမယ့် အိမ်ခြံမြေ ဈေးကွက်ကို နလန်ထူလာအောင် မလုပ်နိုင်သေးဘူး၊ နည်းသေးတယ်လို့ ဆိုကြတယ်။

ဆောက်ပြီးသား အိမ်ရာတွေ ဝယ်ဖို့ ဗဟိုဘဏ်က ငွေထုတ်ချေးရုံနဲ့ မလုံလောက်သေးဘူးတဲ့။ (developer ကုမ္ပဏီ) အရင်းရှင် လုပ်ငန်းစုကြီးတွေက အိမ်ရာစီမံကိန်းတွေ မဆောက်ဘဲ ပစ်ထားလို့ သေနေတဲ့ မြေကွက်တွေ ရှိတယ်။ စဉ်းစားကြည့်ပါ။ တဖက်မှာ ဆောက်ပြီးသား အိမ်ရာတွေ ရောင်းမစွံလို့ အလျှံပယ်ဖြစ်နေတာ ရှိတယ် (housing 'glut' လို့တောင် သုံးနေကြတယ်)၊ အခြားတဖက်မှာကျ နေစရာ ကျောတခင်းကို မဖူလုံတဲ့ ဆင်းရဲသား တရုတ်ပြည်သူတွေ ဒုနဲ့ဒေး ရှိနေတယ်။

ဒါဆိုရင် ဘာစီမံကိန်းမှ မလုပ်နိုင်လို့ အသေဖြစ်နေတဲ့developer ကုမ္ပဏီကြီးတွေ လက်ထဲက မြေကွက်တွေကို သိမ်းယူပြီး ပြည်သူ့ အိမ်ရာ စီမံကိန်းတွေ လုပ်ပေးလို့ မရဘူးလား။ ရပါတယ်၊ ဒါပေမယ့် တရုတ် အစိုးရက အဲသလို မလုပ်ပါဘူး။ ဒေသန္တရ အစိုးရတွေက အထက်မှာ ပြောခဲ့တဲ့ 'special-purpose bond' တွေ ထုတ်ရောင်းပြီး အဲဒီမြေကွက်တွေကို ပြန်ဝယ်ရတယ်။ ဝယ်ပြီးမှ တန်ဖိုးသင့် အိမ်ရာမျိုး ပြန်

**China's latest stimulus measures**

| | |
|---|---|
| Sept. 24 | PBOC Gov. Pan Gongsheng announces cuts to interest and mortgage rates and bank reserve requirements, 800 billion yuan in funding for stock purchases and other monetary stimulus |
| 25 | Ministry of Civil Affairs announces special one-time cash payment for the needy |
| 26 | Communist Party Politburo concludes "unusual" meeting with calls to "strengthen the countercyclical adjustment of fiscal and monetary policies" and "stop the decline of the property market and foster stabilization" |
| 29 | PBOC announces plan for repricing of mortgages and extends support for developers; big cities ease property purchase restrictions |

Source: People's Bank of China, State Council Information Office

Lorem Ipsum

**ပုံစာ - တရုတ်အစိုးရက အရင်းရှင်စနစ်အကြပ်အတည်းကို stimulus အစီအမံများသုံးပြီး ဖြေရှင်းဖို့ကြိုးစား**

4. https://asia.nikkei.com/Business/Markets/China-debt-crunch/China-unveils-41bn-lending-program-to-digest-unsold-properties
5. https://asia.nikkei.com/Business/Markets/China-debt-crunch/China-real-estate-firms-see-4-sales-growth-after-state-help

ဆောက်ဖို့ စီစဉ်တယ်။ 'ဆိုရှယ်လစ် စနစ်ဆီ ချီတက်နေပါတယ်' ဆိုသော တရုတ် အစိုးရက ဒီလိုနည်းနဲ့ အရင်းရှင်စနစ်အကျပ်အတည်းကို ဝင်ကယ်ပါတယ်။ အဲသလို အထူးရည်ရွယ်ချက်နဲ့ ထုတ်ရောင်းသော ငွေချေးစာချုပ်တွေကြောင့် နဂိုကတည်းက အကြွေးဝန်ပိနေတဲ့ ဒေသန္တရ အစိုးရတွေဟာ ပိုပြီး အကြွေးဝန်ပိလာတယ်။ ဒီလို ငွေချေးစာချုပ်တွေ ထုတ်ရောင်းပြီး အသေးစားနဲ့ အလတ်စား ဘဏ်တွေကို ၂၀၂၀ ကိုဗစ်ကပ်ကတည်းက ကျားကန်ပေးခဲ့ရတယ်။ ဒါ့ကြောင့်လဲ အဲသလိုနည်းနဲ့ တင်နေတဲ့ ကြွေးမြီက ဒေသန္တရ အစိုးရတွေ တင်နေတဲ့ ကြွေးမြီစုစုပေါင်းရဲ့ ၆၀% အထိ (ဒေါ်လာ ၃.၆ ထရီလီယံ) ရှိလာတယ်။[6] အရင်းရှင် လုပ်ငန်းကြီးတွေကို ကယ်တင်ဖို့ အများပြည်သူက အကြွေးတင်ခံလိုက်ရခြင်း ဖြစ်ပါတယ်။

တရုတ်ပြည် အရင်းရှင်စနစ်မှာ အိမ်ခြံမြေ လုပ်ငန်း တခုတည်းတင် အကျပ်ဆိုက်နေတာ မဟုတ်ပါဘူး။ စက်မှုလုပ်ငန်း ထုတ်လုပ်မှု တိုးတက်နှုန်းဟာ မတ်လကနေ ဩဂုတ်လအထိ ငါးလဆက်တိုက် နှေးကွေးလာခဲ့တယ်။ ပြီးခဲ့တဲ့ နှစ်နဲ့စာရင် ၄.၅% တိုးတက်လာတယ် ဆိုပေမယ့် ဘေဂျင်းရဲ့ နှစ်စဉ် ပျမ်းမျှ စီးပွားရေး တိုးတက်နှုန်း ၅% ပတ်ချာလည်ကို ရောက်ဖို့ အတော်ခဲယဉ်းသွားပြီ။[7]

အနောက် အရင်းရှင် နိုင်ငံတွေက နှစ်စဉ် တိုးတက်နှုန်းနဲ့ ယှဉ်ရင် ဒီရာခိုင်နှုန်းဟာ မဆိုးလှဘူးလို့ ထင်စရာ ရှိတယ်။ ဒါပေမယ့် နောက်ကွယ်က စီးပွားရေး ဒိုင်နမ်းမစ်(ခ်)တွေကို ထည့်သွင်းစဉ်းစားလိုက်ရင် ရတက်အေးစရာ မရှိလှဘူး။ ကမ္ဘာတလွှား အရင်းရှင်စနစ် ပျက်ကပ်ဟာ "inflation" ကို ရင်ဆိုင်နေရချိန် တရုတ်ပြည် စီးပွားရေးဟာ "deflation" ကို ရင်ဆိုင်နေရတယ်။ ပြည်တွင်း 'အထွေထွေ' ဝယ်လိုအားတွေ ကျဆင်းနေတယ်။ (အထက်မှာ ပြောခဲ့တဲ့ အိမ်ခြံမြေ ဝယ်လိုအားပဲ ကျဆင်းနေတာ မဟုတ်ဘူး။) တချိန်တည်းမှာ ပြည်ပ ဈေးကွက် ပို့ကုန် တင်ပို့မှုကို အဓိက အားထားနေရတယ်။

ဒီလိုအချိန်မှာ အမေရိကန်နဲ့ အနောက် ဥရောပက တရုတ် ကုန်စည်တွေကို ကုန်သွယ်ခွန် ကြီးကြီးမားမား တင်းကြပ်ပစ်တာ၊ တင်သွင်းခွင့် လုံးဝပိတ်ပစ်တာတွေ လုပ်လာတယ်။ ကုန်သွယ်ရေး စစ်ရဲ့ ရိုက်ခတ်မှုက ပို့ကုန်ဝင်ငွေ အဓိက အားထားနေရတဲ့ တရုတ် အရင်းရှင် စနစ်ကို အကြီးအကျယ် ရိုက်ခတ်လာတယ်။ ဒီလို အခြေအနေမှာ စက်မှုကုန်ထုတ်လုပ်ငန်း လေးလံထိုင်းမှိုင်းလာခြင်းဟာ တရုတ် အုပ်စိုးသူလူတန်းစားအဖို့ တုန်လှုပ်စရာပဲ။

ဒါ့ကြောင့် အရင်းရှင်တွေက 'real economy' လို့ သူတို့ခေါ်လေ့ရှိတဲ့ ကုန်ထုတ်စက်မှုလုပ်ငန်းဘက်ကို ရင်းနှီးမြှုပ်နှံတာမျိုး သိပ်မလုပ်ချင်ကြတော့ဘူး။ အတိုး ပုံမှန် ရဖို့ သေချာတဲ့ အစိုးရ ချေးငွေစာချုပ်တွေပဲ လှိမ့်ဝယ်လာကြတယ်။ ဒါ့ကြောင့် အဲဒီချေးငွေစာချုပ်တွေ ဝယ်လိုအားတက်လာပြီး yield လို့ခေါ်တဲ့ ချေးငွေစာချုပ်ပေါ်ကနေ ပြန်ရသော အတိုးနှုန်း စံချိန်တင် ကျဆင်းသွားတယ်။[8]တရုတ် အရင်းရှင်လူတန်းစားက စက်မှုကုန်ထုတ်လုပ်ငန်းဘက်ကို ယုံကြည်မှု ကျဆင်းလာတဲ့ လက္ခဏာပဲ။ တည်တည်ငြိမ်ငြိမ်နဲ့ ဖြေးဖြေးမှန်မှန် ဆက်တိုးတက်နေမယ် (稳中向好) ဆိုတာ တရုတ် အစိုးရရဲ့ ဝါဒဖြန့်ချက်သက်သက်မျှသာ။ ကမ္ဘာ့တလွှား အရင်းရှင်စနစ် ရင်ဆိုင်နေရတဲ့ recession ကို တရုတ်ပြည်မှာလဲ ရင်ဆိုင်ရတော့မယ်။

ဒီလို အရင်းရှင်စနစ် အကျပ်အတည်းနဲ့ ရင်ဆိုင်နေရလို့ တရုတ်အစိုးရက စက်တင်ဘာ မကုန်ခင်လေးမှာ ဗဟိုဘဏ်ရဲ့ ငွေကြေးပေါ်လစီဆိုင်ရာ ဖြေလျှော့မှုတွေနဲ့ ဗဟိုအစိုးရရဲ့ ဘဏ္ဍာရေးဆိုင်ရာ stimulus အစီအမံတွေ အကြီးအကျယ် ထုတ်သုံးလာခြင်းဖြစ်တယ်။ စက်တင်ဘာ ၂၄ ရက်နေ့မှာ ဗဟိုဘဏ်က ဘဏ်အတိုးနှုန်းတွေ၊ အိမ်ချေးငွေ အတိုးနှုန်းတွေ လျှော့ချလိုက်သလို ငွေထုတ်ချေးတဲ့ မြီရှင်ဘဏ်တွေ အနည်းဆုံး ထားရှိရမယ့် အရန်ငွေ အချိုးအစားကိုလဲ လျှော့ပေးလိုက်တယ်။ အဲသလို ဖြတ်တောက်လိုက်တဲ့အခါ ယွမ် ၁ ထရီလီယံ (ဒေါ်လာ ၁၄၀ ဘီလီယံ) ပမာဏလောက်ရှိတဲ့ ငွေကြေးတွေ ဘဏ္ဍာရေး ဈေးကွက်ထဲ စီးဝင်သွားအောင်

6. https://asia.nikkei.com/Business/Markets/China-debt-crunch/China-taps-public-debt-to-buy-unused-land-from-developers
7. https://asia.nikkei.com/Economy/China-industrial-output-grows-at-slowest-pace-in-five-months
8. https://asia.nikkei.com/Business/Markets/Bonds/China-government-bond-yields-hit-new-low-despite-PBOC-intervention

လုပ်ပေးနိုင်လိမ့်မယ်။ ဒါ့အပြင် စတော့(ခ်) ဝယ်ယူမှု အားကောင်းလာအောင် ဗဟိုဘဏ်က ယွမ် (၈၀၀) ဘီလီယံဖိုးလောက် ထုတ်သုံးခဲ့တယ်။ အဲသလိုနည်းနဲ့ ငွေကြေးဈေးကွက်ကို တိုက်ရိုက်ဝင် ကျားကန်ပေးဖို့ ကြိုးစားလာခြင်း ဖြစ်တယ်။[9]

အခြားတဖက်မှာလဲ အများပြည်သူ စားသုံးမှု ( ဝယ်လိုအား) တက်လာအောင် fiscal measure ဘဏ္ဍာရေး အစီအမံတွေ ထုတ်သုံးလာတယ်။ စက်တင်ဘာ ၂၅ ရက်နေ့မှာ Ministry of Civil Affairs က လိုအပ်သူတွေ ( အလုပ်လက်မဲ့၊ မသန်စွမ်း၊ ကလေးနှစ်ယောက်အထက် ရှိသူတွေ၊ စသဖြင့်) ကို ငွေသား ပံ့ပိုးပေးမယ့် အစီအစဉ်ကို ကြေငြာခဲ့တယ်။ အဲသလို ထောက်ပံ့နိုင်အောင် အစိုးရ ချေးငွေစာချုပ်တွေ ထုတ်ရောင်းပြီး ယူအက်(စ်)ဒေါ်လာ ၁၄၂ ဘီလီယံလောက်ရှိတဲ့ ရန်ပုံငွေ ထူထောင်ပေးထားတယ်။ စက်တင်ဘာ၂၉ ရက်နေ့မှာ ဗဟိုဘဏ်က အိမ်ချေးငွေ သတ်မှတ်ချက်တွေ ပြင်ဆင်သတ်မှတ်သွားမယ်လို့ ကြေငြာခဲ့တယ်။ ပထမဆုံး အိမ်ဝယ်သူတွေ ပေးချေရမယ့် down-payment ရာခိုင်နှုန်းကို လျှော့ချပေးလိုက်တာ၊ ဒီမတိုင်က ချေးငွေနဲ့ အိမ်ဝယ်ထားသူတွေ လစဉ်ပေးချေရတဲ့ အရစ်ကျ အတိုးနှုန်းတွေ လျှော့ချလိုက်တာတွေ ပါဝင်တယ်။

စီးပွားရေး ထိုင်းမှိုင်းမှုကို အစိုးရက တိုက်ရိုက်ဝင် ကျားကန်ပေးတဲ့ stimulus အစီအမံတွေ ထွက်ပေါ်လာတဲ့အခါ စတော့(ခ်) ဈေးတွေ ပြန်တက်လာတယ်။ အရင်းရှင်အစိုးရကိုယ်တိုင်က ဘဏ္ဍာ အရင်းကို ခရက်ဒစ်တွေ (ချေးငွေတွေ) ပေါပေါလောလော လောင်းထည့်ပေးလိုက်တော့ ဒီလို လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားတာ မထူးဆန်းပါဘူး။ ဒါပေမယ့် ကြာကြာခံမယ့်သဘော မရှိပါဘူး။ အောက်တိုဘာ ၉ ရက်နေ့ စတော့(ခ်)ဈေးက ၇.၀၅% ပြန်ကျသွားပါပြီ။[10]

တရုတ် အစိုးရဘက်က အခုလို အလွန်ကြီးမားတဲ့ stimulus package တွေ သွန်ထည့်နေပေမယ့် မလုံလောက်သေးဘူး၊ ထိုင်းမှိုင်းနေတဲ့ စီးပွားရေးကို နာလန်ထူလာအောင် ဒီထက်မက ထပ်ကူဖို့ လိုသေးတယ်လို့ ယူဆကြတယ်။[11]

၂၀၀၈ စီးပွားပျက်ကပ်ဖြစ်တုန်းကလဲ Hu Jintao လက်ထက်မှာ အခုလို stimulus အစီအမံတွေ အကြီးအကျယ် ထုတ်သုံးခဲ့ဖူးတယ်။ ဒီနောက် ကြွေးမြီ ပူဖောင်း ထိန်းမနိုင်သိမ်းမနိုင် ဖြစ်လာလို့ ရှီကျင်းဖျင်က ပြန်ထိန်းဖို့ ကြိုးစားခဲ့ရတယ်။ အဲသလို ပြန်ထိန်းဖို့ ကြိုးစားချိန်မှာ နောက်ကျသွားပြီ။ အိမ်ခြံမြေ ဈေးကွက်ပျက်ပြီး စီးပွားရေးလဲ ထိုင်းမှိုင်းနေပြီ။ ဒီတော့ တခြား ရွေးစရာ မရှိပါဘူး။ ဒီလမ်းကိုပဲ သူတို့ ဆက်လျှောက်ရတယ်။ ဒါပေမယ့် တခါသေဖူးတော့ ပျဉ်ဖိုးနားလည်ပြီး ချီတုံချတုံနဲ့ လုပ်နေရပုံပဲ။

အရင်းရှင် ဈေးကွက်စီးပွားရေးကို အစိုးရက ဝင်မပါနဲ့၊ သူ့အတိုင်း လွှတ်ထား၊ မမြင်ရတဲ့ ကိုယ်ပျောက်လက်ကြီးက သူ့အလိုလို မျှခြေထိန်းသွားလိမ့်မယ်လို့ ဆိုကြတယ်။ အခုလို ပျက်ကပ်ဆိုက်ချိန်ကျ အဲဒီအသံတွေ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားတယ်။ အရင်းရှင်စနစ် ဆူဖြိုးနေချိန်မှာ မူတမျိုး၊ ပျက်ကပ်ဆိုက်နေရင် မူတမျိုးလား မပြောတတ်ပေ။ သူတို့မူအတိုင်းသာ လွှတ်ထားလိုက်ရင် အရင်းရှင်စနစ် ပြိုလဲသွားမှာပဲ။ ဒီတော့ လွှတ်ထားပါလို့ မအော်တဲ့အပြင် အစိုးရက ဝင်ကယ်တာ နည်းသေးတယ်ချည်း အော်နေကြလေရဲ့။

ဒါတွေ အားလုံးကို ချုပ်လိုက်ရင် တရုတ်ဟာ အရင်းရှင်စနစ် စစ်သမ့ ရေတစက်မှ မရောဘူးဆိုတာ အထင်အရှားတွေ့ရလိမ့်မယ်။ ဒါ့အပြင် ကွန်မြူနစ်ပါတီ နာမည်ခံထားတဲ့ တရုတ် အစိုးရက ဘဏ္ဍာအရင်းကို အလုပ်အကျွေးပြုနေရတဲ့ အရင်းရှင် အာဏာရှင် အစိုးရဆိုတာလဲ မြင်ရလိမ့်မယ်။ တရုတ် အရင်းရှင်စနစ် လက်ရှိကြုံနေရတဲ့ အခြေအနေဟာ အရင်းကျမ်းထဲမှာ မာ့(က်စ်) ရှင်းပြခဲ့တဲ့ သံသရာစက်ဝန်းနဲ့ တထပ်တည်းလို့တောင် ဆိုနိုင်တယ်။ မူရင်းစာပိုဒ်ကိုသာ ရှုစားကြည့်ပါ -

“The factory system’s tremendous capacity for expanding with sudden immense leaps, and its dependence on the world market, necessarily

10. https://asia.nikkei.com/Business/Markets/China-stocks-take-biggest-dive-since-2020-as-stimulus-skepticism-emerges

11. https://asia.nikkei.com/Economy/China-s-latest-policy-support-stops-short-of-long-awaited-stimulus-splash

give rise to the following cycle: feverish production, a consequent glut on the market, then a contraction of the market, which causes production to be crippled. The life of industry becomes a series of periods of moderate activity, prosperity, overproduction, crisis and stagnation." (Karl Marx, Capital Vol.1. page 580)

တရုတ်ပြည် အရင်းရှင်စနစ်ဟာ စက်မှုလုပ်ငန်း တိုးတက်ဖွံ့ဖြိုးတဲ့ ကာလတွေကို ဖြတ်သန်းခဲ့ပြီး အခုချိန်မှာ 'overproduction, crisis and stagnation' ကာလကို ရောက်သွားပြီ ဖြစ်ပါတယ်။ အထက်မှာ ဖော်ပြခဲ့တဲ့ အိမ်ခြံမြေတွေ ရောင်းမစွံတဲ့ 'housing glut' ဆိုတာ overproduction နမူနာတမျိုးပါပဲ။ လူတိုင်းက နေစရာ အိမ်တွေ အလျှံပယ်ပေါများနေလို့ ထပ်ပြီး ဆောက်စရာ မလိုတော့တဲ့ အခြေအနေကို ပြောတာ မဟုတ်ဘူး။ အလုပ်သမား လူတန်းစားက အရင်းရှင် လုပ်ငန်းကြီးတွေ ရောင်းချနေတဲ့ အဲဒီအိမ်ရာတွေကို ဝယ်ယူနိုင်စွမ်း မရှိတော့လို့ ဈေးကွက်ထဲ စုပြုံလာတဲ့ အခြေအနေကို ပြောခြင်း ဖြစ်တယ်။

ဒီထက် အရင်းရှင်စနစ် ပီသတာ ရှိဦးမလား။ ဒီအကျပ်အတည်းကို တရုတ်အစိုးရ ကျော်လွှားဖို့ ကြိုးစားတဲ့ နည်းလမ်းတွေကိုလဲ အထက်မှာ အကြမ်းဖျင်း တင်ပြခဲ့ပါတယ်။ ဒီပေါ်လစီတွေကို ကြည့်လိုက်မယ်ဆိုရင်လဲ ဒီထက် အရင်းရှင် အစိုးရ ပီသတာ ရှိဦးမလားလို့ မေးရလိမ့်မယ်။

ဒါ့ကြောင့် တရုတ် အစိုးရရဲ့ ဗမာပြည်ဆိုင်ရာ နိုင်ငံခြားရေး ပေါ်လစီ (တိတိကျကျဆိုရရင် အရင်းရှင် နယ်ချဲ့ ပေါ်လစီ) ဆိုတာ သူ့ပြည်တွင်းရေး ပေါ်လစီရဲ့ အဆက်ပဲလို့ ဆိုခဲ့ခြင်း ဖြစ်တယ်။ သူ့ပြည်တွင်းမှာ အရင်းရှင်စနစ် အကျပ်အတည်းကို အခုလို ရင်ဆိုင်နေရချိန် ၁၆ နှစ်နဲ့ ၂၄ နှစ်ကြား လူငယ်ထုရဲ့ အလုပ်လက်မဲ့နှုန်းက ၁၈ % ရှိတယ်။ ဒါက တရားဝင် ထုတ်ပြောရတဲ့ ကိန်းဂဏန်း။ တကယ့်အမှန်က ဒီထက်မကနိုင်ဘူးလို့ သိရတယ်။ အရင်းရှင်စနစ် အကျပ်အတည်းနဲ့ လူငယ်ထု၊ အလုပ်သမားထုရဲ့ မကျေနပ်ချက်တွေဟာ တရုတ်ပြည်မကြီးမှာ ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ ထွက်ပေါ်နေတယ်။ မကြာခင်မှာ ပြင်းထန်တဲ့ လူတန်းစား တိုက်ပွဲ အသွင်နဲ့ ထွက်ပေါ်လာလိမ့်မယ်။

တရုတ် အရင်းရှင် အစိုးရက စီးပွားရေး ထိုင်းမှိုင်းမှု၊ လူထု စားသုံးနိုင်စွမ်း ကျဆင်းမှုကို အသည်းအသန် ကုစားဖို့ ကြိုးစားနေတာဟာ လူတန်းစား တိုက်ပွဲ ပြင်းထန်လာမှာကို ကြောက်လို့ပဲ။ မင်းအောင်လှိုင် စစ်အုပ်စုကို မကြိုက်ပေမယ့် အာဏာသိမ်း စစ်တပ် ပြိုလဲသွားမှာကို လက်မခံနိုင်ဘူးဆိုတာ သူ့အိမ်နီးချင်း တိုင်းပြည်လေးမှာ တော်လှန်ရေး လှုပ်ရှားမှု အောင်ပွဲခံသွားမှာကို စိုးရိမ်လို့ပဲ။ အဲသလို အောင်ပွဲရပြီး အုပ်စိုးသူ လူတန်းစား အဟောင်းကို ဖြိုချပစ်လိုက်တယ်ဆိုရင် ပေါက်ကွဲဖို့ တာဆူနေတဲ့ သူ့ပြည်တွင်းက လူတန်းစား တိုက်ပွဲ ရမ်းအိုးကြီးပေါ် မီးတုတ်ကြီး ပစ်ချလိုက်သလို ဖြစ်သွားလိမ့်မယ်။

ဗမာပြည်မှာ အမေရိကန်နဲ့ နီးစပ်တဲ့ လစ်ဘရယ်အုပ်စု အာဏာရသွားမှာကို သူတို့ အဲသလောက် မကြောက်ပါဘူး။ ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်တဲ့ လစ်ဘရယ် အစိုးရကို သူတို့ဆက်ဆံဖူးပြီးသားပဲ။ ဒါ့ကြောင့် ဗမာပြည်ကို ယူကရိန်းလို ဖြစ်သွားမှာ စိုးရိမ်လို့ စကစကို တရုတ်က ကာကွယ်ပေးနေတယ်ဆိုတဲ့ လက်ဝဲတချို့ရဲ့ သုံးသပ်ချက်ဟာ အပေါ်ယံ ဆန်လွန်းပါတယ်။ အမေရိကန်က ယူကရိန်းနဲ့ အရှေ့အလယ်ပိုင်းမှာ စစ်ကျွံနေတာနဲ့တင် ဗမာပြည်အရေးကို ကိုယ်ထိလက်ရောက် ဝင်မပါနိုင်ပါဘူး။ ယူကရိန်းလို ဖြစ်ရအောင် ဗမာပြည်မှာ အမေရိကန်အတွက် မဟာဗျူဟာမြောက် အကျိုးစီးပွား ဘယ့်လောက် ရှိလို့လဲ။ တရုတ်အတွက် အလွန်အရေးကြီးတဲ့ မဟာဗျူဟာမြောက် အကျိုးစီးပွားတွေ ရှိတာမှန်တယ်။ ဒါပေမယ့် အမေရိကန်က ဗမာပြည်မှာ proxy war ဆင်နွှဲရလောက်အောင် မဟာဗျူဟာမြောက် အကျိုးစီးပွား မရှိပါဘူး။ ဒါကို တရုတ်က မသိလို့ အစိုးရိမ်လွန်ပြီး အာဏာသိမ်း စစ်တပ်ကို ကျားကန်ပေးတယ်လို့ ယူဆမယ်ဆို

ရင် naîve ဖြစ်လွန်းပါတယ်။

မှန်ကန်တဲ့ နားလည်မှုအပေါ် အခြေခံထားမှသာ မှန်ကန်တဲ့ နည်းနာ၊ ပေါ်လစီကို ချမှတ်နိုင်ပါလိမ့်မယ်။ အုပ်စိုးသူ လူတန်းစားတွေဟာ သူတို့အချင်းချင်း သတင်းလွှ့ကြသလို တရုတ်ပြည်က အဖိနှိပ်ခံ အလုပ်သမား လူတန်းစားရဲ့ ဆိုရှယ်လစ် တော်လှန်ရေးနဲ့ ဗမာပြည် ဆိုရှယ်လစ် တော်လှန်ရေးဟာလဲ အပြန်အလှန် အမှီသဟဲ ပြုနေကြောင်း တင်ပြလိုက်ရပါတယ်။

ဒင်နူး

(အောက်တိုဘာ ၉၊ ၂၀၂၄)

Down with the military regime!

Workers of the world, Unite!

Let the ruling classes tremble at a communistic revolution!



# ထရမ့် အောင်ပွဲရရှိသွားခြင်းအပေါ် ဆန်းစစ်ခြင်း

အမေရိကန် ရွေးကောက်ပွဲမှာ ဒေါ်နယ် ထရမ့် အနိုင်ရသွားလို့ ကြိတ်မနိုင် ခဲမရ ဖြစ်နေသူတွေ မနည်းလှဘူး။ ကမ္ဘာ့ အင်အားကြီး နိုင်ငံတွေက အစိုးရ အသီးသီး အံတကြိတ်ကြိတ် ဖြစ်ကုန်တယ်။ ဒီလို ရှော့(ခ်)ရသွားစေတဲ့ ရလဒ် ထွက်ပေါ်လာခြင်းက မျက်မှောက် အခြေအနေမှာ ရုတ်ချည်း ပြောင်းလဲမှုတွေ ကိန်းအောင်းနေကြောင်း ပြသလိုက်တဲ့ အထင်ကရ နမူနာ တခုပါပဲ။

ဒေါ်နယ် ထရမ့်ဟာ အရင်းရှင် လူတန်းစား (အမေရိကန် အုပ်စိုးသူ လူတန်းစား) ထဲက အဖွဲ့ဝင် တယောက်ပဲ။ ဒါပေမယ့် အမေရိကန် အုပ်စိုးသူ လူတန်းစား (နဲ့ ဥရောပ အစိုးရတွေ) က ဒေါ်နယ် ထရမ့် သမ္မတ ဖြစ်လာမှာကို မလိုလားဘူး။ ရတဲ့နည်းနဲ့ ပိတ်ဆို့တားဆီးဖို့ ကြိုးစားခဲ့ကြတယ်။ ဒေါ်နယ် ထရမ့် ရွေးကောက်ပွဲ ဝင်မပြိုင်နိုင်အောင် ရာဇဝတ်မှု ၃၄ မှုနဲ့ စွဲချက်တင် တရားစွဲခဲ့တာသာ ကြည့်။ ဒါပေမယ့် အမှုတမှုတက်လာတိုင်း သူ့အပေါ် ထောက်ခံမှု ပိုးတိုးလာစေတာပဲ ရှိခဲ့တယ်။

အမေရိကန် ပင်မ မီဒီယာကြီး ၂၄၄ ခုမှာ ၁၉၉ ခုက ဒီမိုကရက်သမ္မတလောင်း ဟဲရစ်(စ်)ကို ပြောင်ထောက်ခံပေးကြတယ်၊ ဒေါ်နယ် ထရမ့် ထောက်ခံတဲ့ မီဒီယာ ၁၆ ခုပဲ ရှိပါတယ်။ ၂၈ ခုက ဘယ်ဘက်ကို ထောက်ခံကြောင်း မပြောဘူး။ တနည်းအားဖြင့် ပင်မ မီဒီယာကြီးတွေ အားလုံးနီးပါးလောက်က ဒေါ်နယ် ထရမ့်ကို ဆန့်ကျင်ခဲ့တယ်။ ဒါတောင် ရွေးကောက်ပွဲမှာ သူနိုင်သွားခဲ့တယ်။ ဒ့ါကြောင့်လဲ အမေရိကန် အုပ်စိုးသူ လူတန်းစား တုန်လှုပ်သွားတာပဲ။

## ဘယ်လို နားလည်ကြမလဲ

ဒေါ်နယ် ထရမ့် မဲအနိုင်ရသွားတာနဲ့ ပတ်သက်လို့ ‘ရှင်းပြချက်’ အမျိုးမျိုးကြားရတယ်။ တော်တော်လေး အပေါ်ယံ ဆန်လွန်းတဲ့ စွပ်စွဲချက်တခုကတော့ အမေရိကန် လူ့အဖွဲ့အစည်းဟာ အမျိုးသမီး အုပ်စိုးမှုကို လက်မခံနိုင်အောင် ဖိုဝါဒ ကြီးစိုးနေလို့တဲ့။ ဘာကိုမှ ရှင်းပြနိုင်ခြင်း မရှိတဲ့ ခပ်ညံ့ညံ့ ‘identity politics’ တမျိုးပါပဲ။ အမေရိကန် ပြည်သူတွေကို စိတ်ကျန်းမာရေး စစ်ဆေးပေးသင့်ပြီလို့ မရှက်မကြောက် ပြောရဲတဲ့ ဘဝင်ရူးတွေလဲ တွေ့ခဲ့ရတယ်။ ဒီမိုကရက် ပါတီက ဟဲရစ်(စ်)ကို မရွေးတာနဲ့ပဲ အမေရိကန် ပြည်သူတွေကို အရူးတံဆိပ် ကပ်ပစ်ရဲတာ တော်ရုံ ဦးနှောက်တော့ မဟုတ်

ဘူး။

ထရမ့်ကို မဲထည့်တာဟာ မှားယွင်းတဲ့ ရွေးချယ်မှုဆိုရင် ဟဲရစ်(စ်)ကို ရွေးချယ်တာဟာ မှန်ကန်တဲ့ ဆုံးဖြတ်ချက်လို့ ဘာ့ကြောင့် ပြောနိုင်တာလဲ။ ဒီမေးခွန်းကို သူတို့ ဖြေရလိမ့်မယ်။

ဒိုင်ယာလက်တစ်ကို အခြေခံလောက်မှ နားမလည်တဲ့ အခါ အခုလို အပေါ်ယံပဲ ကြည့်ပြီး သုံးသပ်ချက်တွေ၊ ရှင်းလင်းချက်တွေ အမျိုးမျိုး လျှောက်ပြောကြတာပဲ။ လူ့အဖွဲ့အစည်းရဲ့ မျက်နှာပြင်အောက်မှာ အလုံးအရင်းနဲ့ စုပြုံအားကောင်းလာတဲ့ မကျေနပ်ချက်တွေ၊ ဒေါသတွေကို မြင်နိုင်စွမ်း မရှိတော့ဘူး။ ဝါရှင်တန်က ထိပ်သီး အာဏာ အသိုင်းအဝိုင်းနဲ့ အများတကာ့ အများစု လူထုကြီးကြား ချောက်ကမ်းပါးကြီး ခြားနေတယ်။ တည်ဆဲ အဆောက်အအုံ တခုလုံးကို အမေရိကန် လူထုက မကျေမနပ် ဖြစ်နေတာ ကြာပြီ။ ရေပေါ်ဆီ အာဏာ အဝန်းအဝိုင်းထဲက နိုင်ငံရေးသမားတွေကို သူတို့ မယုံကြည်ဘူး။ ခပ်တိုတိုဆိုရရင် အောက်ခြေလူထုက ထရမ့်ကို ထည့်လိုက်တဲ့ မဲဟာ အမေရိကန် နိုင်ငံရေး တည်ဆဲ အဆောက်အအုံ တခုလုံးကို အယုံအကြည် မရှိကြောင်း ပြလိုက်တာပဲ။

ထရမ့်နဲ့ ဟဲရစ်(စ်)ဟာ အတူတူပါပဲ၊ နှစ်ယောက်လုံးက ဖောက်ပြန်ရေးသမား ဘူဇွာ နိုင်ငံရေးသမားတွေချည်းပဲလို့ လက်ဝဲတွေ ပြောတတ်ကြတယ်။ ဒီအဆိုဟာ မှန်လဲမှန်တယ်၊ မှားလဲမှားတယ်လို့ ပြောရမယ်။ ဒေါ်နယ် ထရမ့်ဟာ ဘီလျံနာ အရင်းရှင်တဦး ဖြစ်သလို အုပ်စိုးသူ လူတန်းစား အကျိုးစီးပွားကို ထမ်းရွက်မယ့်သူ ဆိုတာ ထင်ရှားတယ်။ ဒါပေမယ့် သူတို့ နှစ်ယောက် အတူတူပဲလို့ ဆိုလိုက်ရုံနဲ့ ပြဿနာက ပြီးမသွားဘူး။ သန်းနဲ့ချီတဲ့ အမေရိကန် အလုပ်သမားတွေရဲ့ ထောက်ခံမှုကို ထရမ့် ဘယ်လို ရသွားခဲ့သလဲ ဆိုတဲ့ မေးခွန်း ပေါ်လာတယ်။

ထရမ့်လို ဘီလျံနာ အရင်းရှင်တယောက်က အလုပ်သမား လူတန်းစား ဘက်တော်သားတယောက်လို ပုံဖော်သွားနိုင်ခဲ့တာ အတော် ထူးဆန်းတဲ့ paradox တခုပဲ။ ဒါပေမယ့် နောက်တမျိုး စဉ်းစားကြည့်မယ်ဆိုရင် ထရမ့်ဟာ အရင်းရှင် လူတန်းစားရဲ့ သစ္စာခံ ကိုယ်စားလှယ် တဦး ဖြစ်ကြောင်း တွေ့ရမယ်။ ဘာ့ကြောင့်လဲ။ ဟို အရင် ဆယ်စုနှစ်တွေတုန်းက ဒီမိုကရက် ပါတီကို ပြန်မြင်ယောင်ကြည့်လိုက်ပါ။ ဒီမိုကရက် ပါတီဟာ အုပ်စိုးသူ လူတန်းစား ပါတီပဲ။ ဒါပေမယ့် ဒီမိုကရက်တွေက သူတို့ဟာ အလုပ်သမား လူတန်းစား အကျိုးစီးပွား ကာကွယ် စောင့်ရှောက်သူတွေလိုလို ပုံဖော်ခဲ့ကြတယ်။ ဒါပေမယ့် ဆယ်စုနှစ်နဲ့ချီတဲ့ ခါးသီးတဲ့ ဘဝ အတွေ့အကြုံတွေအရ ဒါဟာ အလိမ်အညာပဲဆိုတာ အမေရိကန် အလုပ်သမားထုက သိသွားကြပြီ။

ဒီတော့ ရယ်ဒီကယ်ဆန်တဲ့ တခြားရွေးလမ်းတခုကို ရှာဖွေလာကြတယ်။ ၂၀၁၆ ရွေးကောက်ပွဲ မတိုင်ခင်က ဘာနီး ဆန်းဒါး(စ်)ကို သန်းနဲ့ချီတဲ့ လူငယ်တွေ ထောက်ခံခဲ့ကြတာ မှတ်မိဦးမယ် ထင်တယ်။ တကယ်လို့ သူသာ ဒီမိုကရက်တစ် ပါတီနဲ့ ပြတ်ပြတ်သားသား လမ်းခွဲထွက်ပြီး independent ဆိုရှယ်လစ် အနေနဲ့ ရပ်တည် တိုက်ပွဲဝင်ခဲ့မယ် ဆိုရင် သန်းနဲ့ချီတဲ့ ထောက်ခံသူတွေ သူ့နောက် ပါလာမှာပဲ။ လက်ရှိ နိုင်ငံရေး အဆောက်အအုံကို မကျေမနပ် ဖြစ်နေတဲ့ သန်းနဲ့ချီတဲ့ အမေရိကန် ပြည်သူတွေရဲ့ လိုလားချက်တွေ၊ ဒေါသတွေကို လက်ဝဲ တောင်ပံကနေ 'ချန်နယ်' တခုအနေနဲ့ ဖော်ထုတ်ပေးနိုင်ခဲ့မှာ သေချာတယ်။

ဒါပေမယ့် ဘာနီး ဆန်းဒါး(စ်) ဘာလုပ်ခဲ့သလဲ။ ၂၀၁၆၊ ၂၀၂၀၊ ၂၀၂၄ သုံးကြိမ်လုံးမှာ ဒီမိုကရက်တစ် ပါတီရဲ့ တည်ဆဲ အာဏာ အဝန်းအဝိုင်းကို အလျှော့ပေး အညံ့ခံသွားခဲ့တယ် မဟုတ်ပါလား။

"ဒီမိုကရက်တစ် ပါတီက အလုပ်သမား လူတန်းစားကို ကျောခိုင်းသွားခဲ့လို့ အလုပ်သမား လူတန်းစားက ဒီမိုကရက်တစ် ပါတီကို ကျောခိုင်းလိုက်တာ မထူးဆန်းဘူး။ ဒီမိုကရက်တစ် ပါတီ ခေါင်းဆောင်ပိုင်းက တည်ဆဲ စနစ်ကို ခုခံကာကွယ်နေကြပြီး အမေရိကန် ပြည်သူတွေက တည်ဆဲ စနစ်ကို ဒေါသ



ပုန်ထကာ အပြောင်းအလဲကို ဆာလောင်နေကြတယ်” လို့ ဆန်းဒါး(ဇ်)က ပြောလာတယ်။ နှစ်ပေါင်းများစွာ နောက်ကျသွားခဲ့ပြီ ဆန်းဒါး(ဇ်)ရေ။ ရွေးကောက်ပွဲ သုံးကြိမ်ဆက်တိုက် တည်ဆဲ အဆောက်အအုံကို ခုခံကာကွယ်တဲ့ ဒီမိုကရက်တစ်ပါတီ သမ္မတလောင်းတွေကို တောက်လျှောက် ထောက်ခံလာခဲ့ပြီးမှ အလုပ်သမား လူတန်းစား ဘက်တော်သားပုံစံ ထပြောခွင့် မရှိတော့ဘူး။

ဘီလျံနာ လူတန်းစားကို ဆန့်ကျင်တဲ့ စကားတွေ ပြောလေ့ရှိတဲ့ ဆန်းဒါး(ဇ်)လဲ နောက်ဆုံးတော့ တည်ဆဲ စနစ်ကို ကာကွယ် စောင့်ရှောက်မယ့် ပါတီကို အညွှံခံသွားတာပဲလို့ မြင်သွားကြပြီး ဆန်းဒါး(ဇ်) ထောက်ခံသူ အများအပြား စိတ်ပျက်သွားကြတယ်။ အဲဒီလို လစ်ဟာသွားတဲ့ နေရာမှာ လက်ယာဘက်ခြမ်းက demagogue ထရမ့်က သူ့ကိုယ်သူ anti-establishment တယောက်အဖြစ် ပုံဖော်ပြီး အခွင့်အရေးကို အမိအရ ဖမ်းဆုပ်လိုက်တာပဲ။ ဘာနီး ဆန်းဒါး(ဇ်) ကမ်ပိန်းတွေမှာ ကော့ပရိတ်ကြီးတွေကို ဆန့်ကျင်တဲ့ မက်ဆေ့ဂ််ျတွေ ထည့်သုံးတာ အတော် ထိရောက်တာပဲ၊ ဒါ့ကြောင့် သူလဲ အဲနည်းကို လိုက်အတုခိုးထားတယ်လို့ ထရမ့်က ယေး(လ်) စီးပွားရေး ပါမောက္ခ Jeffrey Sonnenfeld ကို ၂၀၁၅ လောက်က ပြောခဲ့ဖူးတယ်။ ဒီအချက်ကို လူအများ မသိလိုက်ကြဘူး။

အားလုံး သိတဲ့အတိုင်း သဘာဝတရားက လေဟာနယ်ကို ရွံရှာစက်ဆုပ်တယ်။ လက်ဝဲဘက်ခြမ်းက ‘အော်တာနေးတစ်’ တခုကို ဖော်ထုတ်မပေးနိုင်လို့ လစ်ဟာသွားတဲ့ နေရာမှာ လက်ယာဘက်ခြမ်းက ပါးနပ်တဲ့ demagogue နိုင်ငံရေးသမားက နေရာဝင်ယူလိုက်ခြင်း ဖြစ်တယ်။ အခုလို လက်ဝဲဘက်ခြမ်းက အလားအလာရှိတဲ့ ကိုယ်စားလှယ်လောင်း မရှိတဲ့ အခြေအနေမှာ နိုင်ငံရေးအရ ဖယ်ထုတ်ခံထားရတယ်လို့ ခံစားနေရတဲ့ သန်းပေါင်းများစွာသော ပြည်သူတွေက ရွေးကောက်ပွဲ အခါသမယကို အသုံးချပြီး တည်ဆဲ အာဏာ အဆောက်အအုံကို အရှိုက်ကန်ထည့်လိုက်တာပဲ။

## လူတန်းစား ကွာဟမှု ချောက်ကမ်းပါး

အမေရိကန် ပြည်ထောင်စုမှာ ဆင်းရဲချမ်းသာ ကွာဟမှု ချောက်ကမ်းပါးကြီးက တံတားထိုးလို့ မရလောက်အောင် နက်ရှိုင်းကျယ်ပြန့်လာခဲ့တယ်။ ဒီအခြေအနေဟာ လူ့အဖွဲ့အစည်းအတွင်း လူမှုရေး၊ နိုင်ငံရေး ‘polarisation’

ကို ပြင်းထန်သွားစေတယ်၊ တည်ဆဲ အဆောက်အအုံအပေါ် မကျေမနပ်ဖြစ်မှုတွေ ပြင်းထန် ဆူဝေလာစေခဲ့တယ်။

ကြိုက်တဲ့နေရာကို ကြည့်လိုက်ပါ။ အာဏာရှိသူတွေ၊ ဓနအင်အား ကြီးမားသူတွေ (ခြုံပြောရရင် establishment တခုလုံး) ကို ဒေါသပုန်ထနေကြတယ်။ အဲဒီလို ခံပြင်းဒေါသထွက်နေတဲ့ အခြေအနေကို ဒေါ်နယ်ထရမ့်က ပိုင်ပိုင်နိုင်နိုင် အသုံးချသွားတာပဲ။ ဒီအချက်ကြောင့်ပဲ အရင်းရှင် လူတန်းစားဘက်က အလေးအနက်ရှိတဲ့ ကိုယ်စားလှယ်တော်ကြီးများ တုန်လှုပ်ချောက်ချားသွားခဲ့ရခြင်း ဖြစ်တယ်။

သူတို့က ဒေါ်နယ်ထရမ့်ကို အန္တရာယ်တခုလို့ မြင်ပါတယ်။ အကြောင်းက ရှင်းပါတယ်။ သူတို့ အုပ်စိုးသူ လူတန်းစား ဆယ်စုနှစ်ပေါင်းများစွာ ကြိုးစားပမ်းစား တည်ဆောက်လာခဲ့ရတဲ့ အလယ်ဗဟို နိုင်ငံရေး အခြေခံတခုလုံးကို ဒေါ်နယ်ထရမ့်က ရည်ရွယ်ချက်ရှိရှိ ဒိုင်းနမိုက်နဲ့ ခွဲပစ်နေလို့ပါ။

ယူအက်(စ်) အရင်းရှင်စနစ်က ဒုပေနာပေခံနိုင်တဲ့ နေရာမှာ စံပြဖြစ်ကြောင်း The Economist တို့လို လစ်ဘရယ် စာနယ်ဇင်းတွေက အမွှန်းတင်ရေးခဲ့ကြတယ်။ အမေရိကန် စတော့(ခ်) ဈေးကွက် ကောင်းလာနေပြီ၊ ငွေကြေးဈေးကွက်မှာ ဒေါ်လာက အတော်မာနေတာ၊ ယူအက်(စ်) စီးပွားရေးက ဂျီဒီပီ ၂.၅ ရာနှုန်းလောက် တက်လာပြီ၊ အလုပ်လက်မဲ့နှုန်းက ၄.၁ ရာနှုန်းအောက် ရောက်သွားပြီ၊ ပင်မမီဒီယာကြီးတွေမှာ အဲသလိုတွေ မစားရဝခမန်း ဖော်ပြခဲ့ကြတယ်။ ဒါပေမယ့် အမေရိကန် ပြည်သူအများစုကတော့ သူတို့ပြောသလို စီးပွားရေးတွေ ပြန်ကောင်းနေပြီလို့ မခံစားရကြောင်း ရွေးကောက်ပွဲ မဲဆွယ်သူ အမြောက်အများရဲ့ အစီရင်ခံချက်တွေက သက်သေထူနေတယ်။ ကောက်နှုတ်ပြရရင် "နိုင်ငံရေးသမားတွေက ငါတို့မဲကိုပဲ လိုချင်တာ၊ ပြီးရင် ငါတို့ကို အမှတ်မရတော့ဘူး"။ Manuel Guzman ဆိုတဲ့ ပြည်နယ် ကိုယ်စားလှယ်တယောက် သူ့ဒေသက မဲဆန္ဒရှင်တွေရဲ့ အသံကို ထင်ဟပ်ပြောထားတာ ကြည့်ပါ။ "ငါတို့က နိုင်ငံလုံးဆိုင်ရာ ပါတီကြီးတခုအနေနဲ့ ဒီမိုကရေစီကို ကယ်တင်ရေးပဲ ဖိပြောနေကြတယ်။ ရိုဒင်းမြို့မှာ ငါ့ကို ဒီမိုကရေစီအကြောင်း လာပြောသူ တယောက်မှ မကြုံဖူးသေးဘူး။ 'ဂတ်စ် ဈေးက ဘာ့လို့ အဲ့လောက် တက်သွားရတာလဲ'၊ 'အိမ်ငှားခတွေ ဘာ့လို့ အဲ့လောက် ဈေးကြီးနေရတာလဲ'၊ ဒီအကြောင်းတွေပဲ သူတို့ ငါ့ကို ပြောကြတယ်။ အဲဒီ အရေးကိစ္စတွေကို ဘယ်နိုင်ငံရေးသမားကမှ ထိထိရောက်ရောက် ပြောနေတာ မရှိဘူး"။ တကယ်တော့ မဲဆန္ဒရှင် ပြည်သူအများစုက အလုပ်တခုတည်း လုပ်ရုံနဲ့ လောက်ငှတဲ့ ဝင်ငွေ မရှိလို့ တခုမက ပိုလုပ်နေကြရသူတွေ ဖြစ်ပါတယ်။

တရားဝင် စီးပွားရေး အညွှန်းကိန်းတွေနဲ့ ပင်မရေစီးက ဘောဂဗေဒသမားတွေ လစ်လျူရှုထားတဲ့ ကုန်ကျစရိတ်တွေကို အမေရိကန် ပြည်သူတွေ ကောင်းကောင်း သိပါတယ်။ ဘဏ်ချေးငွေနဲ့ အိမ်ဝယ်ထားပြီး အရစ်ကျ ပြန်ဆပ်ရတဲ့ နှုန်းထားတွေ နှစ်ပေါင်း နှစ်ဆယ်အတွင်း အမြင့်ဆုံးကို ရောက်သွားတာ၊ အိမ်ဈေးတွေ မကြုံစဖူး ထိုးတက်သွားတာ၊ ကျန်းမာရေး အာမခံစရိတ်တွေ မိုးထောင်တက်နေတာတွေ သူတို့ ကောင်းကောင်း သိတာပေါ့။

ကမ္ဘာ့ ဆင်းရဲချမ်းသာ ကွာဟမှု အမြင့်ဆုံး တိုင်းပြည်တွေထဲ ပါဝင်နေတဲ့ ယူအက်(စ်)မှာ ဝင်ငွေနဲ့ ဓနဥစ္စာ မညီမျှမှုတွေက တနေ့တခြား ပိုဆိုးလာနေတယ်။ ထိပ်သီး အမေရိကန် ၁% ရဲ့ ဝင်ငွေက တဦးချင်း ဝင်ငွေ အားလုံးရဲ့ ၂၀% ရှိပါတယ် ။ ဒါဟာ အောက်ခြေ ပြည်သူ ၅၀% ဝင်ငွေထက် နှစ်ဆမက များတဲ့ ပမာဏ ဖြစ်ပါတယ်။ ဒါ့အပြင် ထိပ်သီး အမေရိကန် ၁ % က တသီးပုဂ္ဂလ ဓနဥစ္စာ ပိုင်ဆိုင်မှု အားလုံးရဲ့ ၃၅% ကို ပိုင်ဆိုင်ထားပြီး ထိပ်သီး အမေရိကန် ၁၀%က ဓနဥစ္စာ စုစုပေါင်းရဲ့ ၇၁% ကို ပိုင်ဆိုင်နေတယ်။ ဒါပေမယ့် အောက်ခြေ ၅၀% ကတော့ ဓနဥစ္စာ စုစုပေါင်းရဲ့ ၁% ပဲ ပိုင်ဆိုင်နိုင်ကြပါတယ်။

ဝင်ငွေ မညီမျှမှု ဆိုးဆိုးရွားရွား မြင့်မားနေခြင်းနဲ့ ဆင်းရဲချမ်းသာ ကွာဟမှု ချောက်ကမ်းပါး၊ ဝါရှင်တန်က

နိုင်ငံရေးသမားတွေ သာမန်ပြည်သူတွေရဲ့ ပြဿနာတွေကို လစ်လျူရှု ပစ်ပယ်ထားတယ်လို့ ခံစားနေရခြင်း၊ အစရှိတဲ့ အချက်တွေဟာ ဒီကနေ့ အမေရိကန် နိုင်ငံရေး အခြေအနေရဲ့ နှလုံးသည်းပွတ်မှာ တည်ရှိနေပါတယ်။ ဒေါ်နယ်ထရမ့် ပေါ်ပြူလာဖြစ်လာခြင်းနဲ့ လက်ရှိ ရွေးကောက်ပွဲ ရလဒ် ဘာ့ကြောင့် ဒီလို ထွက်ပေါ်လာရသလဲ နားလည်ချင်ရင် အဲဒီမှာ သွားကြည့်ရမယ်။

## အလယ်ဗဟို ပြိုကျသွားခြင်း

ဘယ်နိုင်ငံကိုပဲ ကြည့်ကြည့် နိုင်ငံရေး အလယ်ဗဟို ပြိုကျနေတာ တွေ့ရမယ်။ ယူအက်(စ်) တနိုင်ငံမှာပဲ အဲသလို ပြိုနေတာတော့ မဟုတ်ဘူး။ အရင်းရှင် လူ့အဖွဲ့အစည်းကို တည်ငြိမ်အောင် ထိန်းထားတဲ့ ကော်စေး ပြိုကွဲနေခြင်း ဖြစ်တယ်။ အကျိုးစီးပွားချင်း ဖီလာဖြစ်နေတဲ့ လူတန်းစားတွေကြားက တင်းအားက ပြင်းထန် နက်ရှိုင်းလာနေတယ်၊ လက်ဝဲ လက်ယာ ကွဲထွက်မှုဟာ အပြင်းအထန် ထွက်ပေါ်နေတယ်။ ထရမ့် လှုပ်ရှားမှုဟာ ဒီအချက်ကို ဝိရောဓိဆန်ဆန် ထင်ဟပ်နေတဲ့ ဖြစ်စဉ်တခုပဲ။

ဒီကနေ့ နိုင်ငံ တော်တော်များများမှာ ထူးခြားတဲ့ လက်ယာ ပေါ်ပြူလစ် အင်အားစုတွေ ကြီးထွားလာခြင်းက အဲဒီဖြစ်စဉ်ကို ထင်ဟပ်ဖော်ပြလျက် ရှိတယ်။ ဒါပေမယ့် သက်ရောက်မှုတိုင်းမှာ တူညီတဲ့ တန်ပြန်သက်ရောက်မှု ရှိတယ်လို့ မက္ကင်းနစ် ပညာရပ် နိယာမတွေက ဆိုထားတယ် မဟုတ်ပါလား။ နောက်အဆင့်ကျရင် ဒီဖြစ်စဉ်ဟာ လက်ဝဲဘက်ကို တဆစ်ချိုး ပြောင်းလဲမှုပုံစံနဲ့ ထွက်ပေါ်လာပါလိမ့်မယ်။

အုပ်စိုးသူ လူတန်းစား ရှုထောင့်ကကြည့်ရင် ထရမ့်ကို အန္တရာယ်တခုလို့ ယူဆတာဟာ သူ့လိုဘ ရရှိရေး အလုပ်သမားထုရဲ့ မကျေနပ်ချက်ကို လှုပ်နှိုး အသုံးချသွားလို့ပဲ။ ဒီလိုနည်းနဲ့ ထရမ့်ဟာ ရယ်ဒီကယ်ဆန်မှုကို မီးစာသွားကျွေးမိရက်သား ဖြစ်နေတယ်။ ဒါဟာ သူတို့ စနစ်တခုလုံးရဲ့ အနာဂတ်အတွက် အန္တရာယ် ဖြစ်လာနိုင်တယ်။ ဒါ့ကြောင့်လဲ အုပ်စိုးသူ လူတန်းစားက သူ့ကို မလိုလားဘဲ ဒေါသထွက်ကုန်တာ။

အုပ်စိုးသူ လူတန်းစားက ဒီ polarization ဖြစ်စဉ်ကို တားဆီးပြီး အလယ်ဗဟို နိုင်ငံရေးကို ပိုနေမြဲ ကျားနေမြဲ ဖြစ်အောင် အသည်းအသန် ကြိုးစားနေကြတယ်။ ဒါပေမယ့် အခြေအနေတွေ အားလုံးက သူတို့ဘက်မှာ မရှိလှဘူး။

## ပေါ်ပြူလာ ဒေါသလှိုင်းကြီးနဲ့ အထီးကျန်ဝါဒီ

ဟစ်လာရီ ကလင်တန်နဲ့ ဒေါ်နယ် ထရမ့် ယှဉ်ပြိုင်ရတဲ့ ၂၀၁၆ ရွေးကောက်ပွဲမှာကတည်းက ကလင်တန်ကို ထောက်ခံတဲ့ The Economist မဂ္ဂဇင်းကိုယ်တိုင် အခုလို ဝန်ခံခဲ့ဖူးတယ်။

“ပေါ်ပြူလာ ဒေါသ လှိုင်းလုံးကြီးက မစ္စတာ ထရမ့်ကို သမ္မတ ထိုင်ခုံပေါ် တင်ပေးခဲ့ခြင်း ဖြစ်တယ်။ အမေရိကန်ပြည်ကြီး ချမ်းသာကြွယ်ဝတယ် ဆိုပေမယ့် အဲဒီအထဲမှာ သာမန် အမေရိကန်တွေ မပါဝင်ဘူး။ ဒီအချက်ဟာ ပေါ်ပြူလာ ဒေါသလှိုင်းကြီးကို တနည်းတဖုံ အားကောင်းစေခဲ့တယ်။ အမှန်တကယ် ဝယ်ယူစားသုံးနိုင်စွမ်းကို ယှဉ်ကြည့်မယ်ဆိုရင် အမျိုးသားတွေရဲ့ ပျမ်းမျှ ဝင်ငွေဟာ ၁၉၇၀ ခုနှစ်တွေတုန်းက သူတို့ ရခဲ့တာထက် နည်းနေတုန်းပဲ”။

အခုလဲ ထူးမခြားနားပါပဲ။ ယူအက်(စ်) စီးပွားရေးဟာ သိပ်ကောင်းလှတာ မဟုတ်ဘူး။ ဘိုင်ဒင် အစိုးရလက်ထက်မှာ ကြွေးမြီတွေ မကြုံစဖူး တိုးပွားလာတာသာ ကြည့်ရုံပဲ။ အမေရိကမှာ အစိုးရ ကဏ္ဍ ကြွေးမြီသက်သက်ကို ဒေါ်လာ ၃၅ ထရီလျံ (ဂျီဒီပီရဲ့ ၁၀၀% ဝန်းကျင်) ရှိနေပြီလို့ ခန့်မှန်းထားကြတယ်။

ကြွေးမြီပမာဏက အဲဒီမှာတင် ရပ်မသွားဘူး။ သုံးလတကြိမ် ဒေါ်လာ တစ် ထရီလျံ တိုးမြဲတိုးနေတယ်။ ယူကရိန်းနဲ့ အရှေ့အလယ်ပိုင်းမှာ စစ်ကျွံနေတဲ့ အမေရိကန်အဖို့ ကြွေး

ပြီ ပမာဏက ဆက်တိုးဖို့ပဲ ရှိပါလိမ့်မယ်။

ကမ္ဘာပေါ်က အချမ်းသာဆုံး၊ အင်အား အကြီးဆုံး ဆိုတဲ့ တိုင်းပြည်လဲ မရဲဘဲ ကျွဲပြဲစီးလို့ ကားခနဲ ကျသွားနိုင်တာပါပဲ။

ဒေါ်နယ် ထရမ့်ဟာ ဘောဂဗေဒသမား မဟုတ်သလို အတွေးအခေါ်ရှင်လဲ မဟုတ်ပါဘူး။ ပြောရရင် နိုင်ငံရေးသမားလို့တောင် ပီပီသသ ဆိုနိုင်မယ် မထင်ဘူး။ သူ့မှာ သေချာတွက်ချက် ဖော်ထုတ်ထားတဲ့ မဟာဗျူဟာတို့၊ အိုင်ဒီအော်လဂျီတို့ မရှိပါဘူး။ အခြေခံအားဖြင့် ထရမ့်ဟာ အချောင်သမား ဖြစ်သလို ဟိုကွေ့ဟိုတက်နဲ့ လျှော်ပြီး ဒီကွေ့ ဒီတက်နဲ့ ကြိတ်လိုက်မဟဲ့ ဆိုတဲ့ empiricist (ကိုယ်တွေ့မျက်မြင်ဝါဒီ) တဦးသာ ဖြစ်တယ်။

သူကတော့ သူ့ကိုယ်သူ နည်းပရိယာယ် ကြွယ်သူလို့ ထင်တာပဲ။ ပေါ်လာတဲ့ ပြဿနာအလိုက် အသုံးတည့်မယ့် ဆေးမြီတို ဖြေရှင်းနည်းတွေ ရှာဖွေလေ့ရှိသူ လက်တွေ့သမား ပေါ့လေ။ သူပြောတဲ့ စကားနဲ့ဆို ‘a deal’ (အပေးအယူနည်း) ကို အမြဲရှာဖွေလေ့ရှိသူ။

ပြောရရင် ဈေးထဲမှာ ဈေးဆစ်ကျွမ်းတဲ့ ပွဲစားကုန်သည် စိတ်ဓာတ်မျိုး သူ့မှာ ရှိတယ်။ ဒီကျွမ်းကျင်မှုဟာ သာမန် အသေးအဖွဲ့လောက်ဆို အသုံးတည့်နိုင်ပါတယ်။ ဒါပေမယ့် ဈေးထဲမှာ အသုံးတည့်တဲ့ အရည်အချင်းကို ပင့်ကူအိမ်လို အလွန်တရာ ရှုပ်ထွေးလှတဲ့ ကမ္ဘာ့ နိုင်ငံရေး၊ သံတမန်ရေး နယ်ပယ်မှာ သွားသုံးရင် ဒုက္ခလှလှ တွေ့လိမ့်မယ်။

အနှစ်ချုပ်လိုက်ရင် သူ့တိမ်းညွတ်မှုက အထီးကျန်ဝါဒပဲ။ နိုင်ငံတကာ ပေါင်းစည်းမှု မှန်သမျှကို ဆန့်ကျင်တယ်၊ ယူအန်ဖြစ်ဖြစ်၊ ကမ္ဘာ့ ကုန်သွယ်ရေး အဖွဲ့ကြီး ဖြစ်ဖြစ်၊ နေတိုး စစ်အုပ်စု ဖြစ်ဖြစ် ဝင်ပါဖို့ မလိုလားသူ ဖြစ်တယ်။

သူ့ပေါ်လစီကို ကြွေးကြော်သံ တခုတည်းနဲ့ အရိုးရှင်းဆုံး ချုပ်ပြောလို့ ရပါတယ်။ အဲဒါကတော့ ‘အမေရိကသာ ပထမ’ ဆိုတဲ့ ကြွေးကြော်သံ။ ဒီတော့ ဘယ်လို အဓိပ္ပါယ် ထွက်မလဲ။ ကျန်တဲ့ ကမ္ဘာကြီးတခုလုံးက ဘိတ်ဆုံးမှာ ဆိုတဲ့ အဓိပ္ပါယ်ပဲ။ အဲဒီမှာ ပြဿနာတွေ တထွေးကြီး ပါလာတာပဲ။

သူ့သဘောအတိုင်းသာ လွှတ်ထားလိုက်ရင် အမေရိကဟာ အဲဒီ ဂြိုဟ်သား အဖွဲ့အစည်းတွေကနေ ချက်ချင်း နှုတ်ထွက်ပြီး သူ့အရေးကိစ္စလေးသူ လုပ်နေလိမ့်မယ်။ ဒီအယူအဆကို ဘယ့်လောက်ပဲ လူကြိုက်များများ တကယ့် လက်တွေ့မှာ အကောင်အထည်ဖော်လို့ မရနိုင်ဘူး။ အမေရိကရဲ့ ကြွမ္ဘာဟာ ကျန်တဲ့ ကမ္ဘာကြီးတခုလုံးနဲ့ ယတိပြတ် ချည်တုပ်ပြီးသား ဖြစ်နေပြီ။

## အမေရိကန် ဆူပါပါဝါ အကျဘက် ရောက်နေပြီ

ဒီကနေ့ ကမ္ဘာ့ အခြေအနေကို ကြည့်လိုက်ရင် ကမ္ဘာ့ ပါဝါတွေကြား ဆက်ဆံရေးတွေ အကြီးအကျယ် မငြိမ်မသက် ဖြစ်နေတာ တွေ့ရမယ်။ ကမ္ဘာ့ အင်အား အကြီးဆုံး နယ်ချဲ့ပါဝါ အမေရိကန်နဲ့ တက်သစ်စ နယ်ချဲ့ပါဝါ တရုတ်တို့ အားပြိုင်နေတဲ့ တိုက်ပွဲကြောင့် အခုလို အကြီးအကျယ် မငြိမ်မသက် ဖြစ်နေတာ။ အမေရိကဟာ “အရင်နဲ့စာရင်” အကျဘက်ကို ရောက်လာပြီ။ (ဒီနေရာမှာ “အရင်နဲ့စာရင်” relative ဆိုတဲ့ စကားလုံးကို အထူးပြု ပြောပါတယ်။ “ဆင်ပိန်ရင် ကျွဲလောက်တော့ ကျန်သေးတာပဲ” ဆိုတဲ့ ဗမာ စကားပုံ ရှိရဲ့ မဟုတ်လား။ ဒါ့ကြောင့် တက်သစ်စ တရုတ်က အမေရိကကို ပုခုံးချင်း လာယှဉ်နေပြီဆိုပေမယ့် မမီသေးပါဘူး။ ဒါ့အပြင် တရုတ် အရင်းရှင်စနစ်မှာလဲ သူ့ကိုယ်တွင်း ပဋိပက္ခတွေနဲ့ အကျပ်ရိုက်နေပြီ။ ဒီတော့ အမေရိကကို မီဖို့၊ နံပါတ်တစ်နေရာ အစားထိုးဖို့ မမြင်သေးပါဘူး။ ဒီအချက်တွေကို သတိချပ်ဖို့ လိုပါတယ်)။

(ဘူမိဗေဒ စကားနဲ့ ပြောရရင်) ကမ္ဘာ့ ပါဝါတွေကြား ဆက်ဆံရေးမှာ တက်တွန်းနစ်(ခ်) အတိုင်းအတာနဲ့ ရွေ့လျားမှုကြီးတွေ မြင်နေရပြီ။ ကမ္ဘာမြေပြင်မှာ ဖွဲ့ယှက်နေတဲ့ ကျောက်ထုလွှာကြီးတွေရဲ့ လှုပ်ရှား ပွတ်တိုက်မှုနဲ့အတူ ပုံစံမျိုးစုံနဲ့ ပေါက်ကွဲမှုကြီးတွေ တွဲလာလေ့ရှိတယ်။

လက်ရှိ အခြေအနေကို စူးစမ်းကြည့်သလို လားရာ

လမ်းကြောင်းကို ဆန်းစစ်ကြည့်ဖို့လဲ အရေးကြီးပါတယ်။ ၁၉၉၁ မှာ ဆိုဗီယက် ပြည်ထောင်စု ပြိုကျပြီး နောက်ပိုင်း ယူအက်(စ်)က တခုတည်းသော ကမ္ဘာ့ ဆူပါ ပါဝါ ဖြစ်လာခဲ့တယ်။ ဆိုဗီယက် ပြည်ထောင်စု ပြိုလဲသွားတော့ အမေရိကန် အရင်းရှင်နယ်ချဲ့ကို တန်ပြန် ဆန့်ကျင်မယ့် အင်အားစုရယ်လို့ မရှိသလောက် ဖြစ်သွားခဲ့တယ်။

ဒီကနေ့ အခြေအနေက အဲသလို မဟုတ်တော့ဘူး။ အမေရိကန် အရင်းရှင်နယ်ချဲ့က အီရတ်နဲ့ အာဖဂန်မှာ မနိုင်နိုင်သော စစ်ပွဲတွေ ဆင်နွှဲရင်း ၁၅ နှစ်ကြာ စစ်နွံနစ်နေခဲ့တယ်။ စစ်အသုံးစရိတ်နဲ့ တပ်သား အများအပြား ဆုံးရှုံးသွားတာပဲ အဖတ်တင်ခဲ့တယ်။ ၂၀၂၁ ဩဂုတ်လမှာတော့ အာဖဂန်ကနေ မရှုမလှ ဆုတ်ခွာခဲ့ရတယ်။

ဒီတော့ အမေရိကန် ပြည်သူတွေက ပြည်ပ စစ်ရေး ကျူးကျော် စွက်ဖက်မှုတွေ ထပ်လုပ်မှာကို လုံးဝ မလိုလားဘူး။ အမေရိကန် အုပ်စိုးသူ လူတန်းစားအနေနဲ့လဲ နိုင်ငံခြားတိုင်းပြည်မှာ သူ့တပ်သားတွေ စေလွှတ်ဖို့ စိတ်ကုန်နေပြီ။ သို့သော် အမေရိကန် အရင်းရှင်နယ်ချဲ့ဟာ အတွေ့အကြုံကနေ သင်ခန်းစာ မယူတတ်ပါဘူး။

ကမ္ဘာ့ အင်အား ချိန်ခွင်လျှာ အပြောင်းအလဲသစ် ဖြစ်ပေါ်နေတာကို မျက်စိမှိတ် ငြင်းဆန်ပြီး သူတို့ အုပ်စိုးမှုကို ထိန်းသိမ်းဖို့ ကြိုးစားရင်း အောင်ပွဲ မရနိုင်တဲ့ ပဋိပက္ခ ပေါင်းစုံမှာ ငပွကြီး ဝင်လုပ်နေတယ်။ ဒီနေရာမှာ ဘိုင်ဒင် အစိုးရက သူမတူအောင် ဇာတ်ဝင်ရှုပ်ခဲ့တယ်။

ယူအက်(စ်)အနေနဲ့ ဂလိုဘယ် ပါဝါ ဆိုပြီး ကမ္ဘာ့ နေရာတိုင်းမှာ သူဝင်ပါဖို့ ကြိုးစားနေတာနဲ့တင် အင်အား အတော်ပြုန်းတီးနေပြီ။ သို့သော် ဘိုင်ဒင် အစိုးရကတော့ ဘာသင်ခန်းစာမှ ရခဲ့ဟန် မတူဘူး။ ယူကရိန်း အရေးမှာ ရုရှားနဲ့ အခိုပွါယ်မဲ့ စစ်ဆင်နွှဲခဲ့တယ်။ ယူကရိန်း စစ်ပွဲဟာ ကမ္ဘာ့ အချမ်းသာဆုံး ဆိုတဲ့ တိုင်းပြည်ကိုတောင် အရင်းအမြစ်တွေ အများအပြား ပြုန်းတီးသွားစေခဲ့တယ်။ စစ်ရေး အခြေမလှလေ ဇယ်လင်စကီးက ပိုတောင်းလေ၊ အမေရိကရဲ့ လက်နက်ခဲယမ်း ပြုန်းတီးလေပဲ။

ယူအက်(စ်) အရင်းရှင် နယ်ချဲ့က ရုရှားကို စီးပွားရေး ဒဏ်ခတ်ပိတ်ဆို့မှုတွေ လုပ်ခဲ့ပေမယ့် အရာမထင်ခဲ့ပါဘူး။ သူတို့ ရည်ရွယ်ချက်က အဲဒီလိုနည်းနဲ့ ရုရှားကို အင်အားချိနဲ့အောင် လုပ်ပြီး စစ်ပွဲမှာ မရှုမလှဖြစ်အောင် လုပ်ဖို့ပဲ။ ဒါပေမယ့် အထမမြောက်ခဲ့ဘူး။

ရုရှားက အဲဒီ ပိတ်ဆို့မှုတွေကို အောင်အောင်မြင်မြင် ရှောင်ကွင်းနိုင်ခဲ့တယ်။ ဒါ့အပြင် တချိန်က အမေရိကနဲ့ ဆက်ဆံရေးကောင်းခဲ့ဖူးတဲ့ နိုင်ငံတွေအပါအဝင် အိန္ဒိယ၊ ဆော်ဒီ အာရေးဘီယ တို့လို နိုင်ငံတွေနဲ့ မဟာမိတ်တွေ တောက်လျှောက်ဖွဲ့သွားခဲ့တယ်။

အရေးကြီးဆုံးကတော့ ရုရှားက တရုတ်နဲ့ စစ်ရေး၊ စီးပွားရေး ပူးပေါင်းမှုတွေ သိသိသာသာ တိုးလုပ်လာတာပဲ။ ဘိုင်ဒင်ကတော့ သူကြံစည်ထားသမျှ ပြောင်းပြန်ချည်း ဖြစ်ခဲ့တယ်။ နတန်ညာဟုကို သူ့စိတ်ကြိုက် ငွေထုတ်ယူလို့ ရနိုင်မယ့် ဗလာချက်(ခ်) တစောင် ထုတ်ပေးပြီး အရှေ့အလယ်ပိုင်းမှာ အလွန်ကြီးမားတဲ့ စစ်မီးကြီး မွှေးပေးခဲ့တယ်။ အကျိုးဆက်အနေနဲ့ နေရာတိုင်းမှာ စစ်ပွဲတွေ၊ ပဋိပက္ခ အသစ်တွေ ပေါ်ထွက်လာပြီ။

ယူကရိန်း စစ်ပွဲဟာ ရှုံးနေပါပြီ။ ရှုံးတာမှ အဖတ်ဆယ်မရအောင် ယတိပြတ်ကို ရှုံးပြီးသားပါ။ ဒါကို အားလုံး သိပါတယ်။ ဝါရှင်တန်က မာစတာကြီးတွေ သိသလို ( သွေးရူးသွေးတန်း ဖြစ်နေသော) ကီယက်(ဗ်)က (လူပြက်ကလေး) ဇယ်လင်စကီးလဲ သိပါတယ်။ သို့သော် မသိချင်ယောင်ဆောင်ပြီး သွေးရူးသွေးတန်းတွေ ထလုပ်ကြတယ်။ ဘိုင်ဒင်က သူမဆင်းခင် အမေရိကန်လုပ် တာဝေးပစ် ဒုံးတွေ သုံးပြီး ရုရှား ပြည်ထဲကို လှမ်းထုခွင့်ပေးလိုက်တယ်။ ဒီလိုလုပ်လို့လဲ စစ်ပွဲရလဒ်က ပြောင်းစရာ လမ်းမမြင်ပါဘူး။

ယူကရိန်းမြေပေါ်မှာ ရုရှား အောင်ပွဲခံသွားရင် ကမ္ဘာ့ တလွှား ရှော့(ခ်) လှိုင်းကြီးတွေ ပြန့်သွားမှာပဲ။ အမေရိကန် အရင်းရှင်နယ်ချဲ့ အကျဘက်ရောက်နေပြီ ဖြစ်ကြောင်း

ရှင်းရှင်းလင်းလင်း ဖွင့်ပြလိုက်သလို ဖြစ်သွားမယ်။ အမေရိက အနေနဲ့ သူ့သဘောကျ လုပ်ချင်ရာ လုပ်နိုင်စွမ်း မရှိတော့ဘူး လို့ မြင်လာကြမယ်။

ဒါ့အပြင် ရုရှား စစ်တပ်က ခေတ်သစ် စစ်ပွဲမှာ နောက်ဆုံးပေါ် နည်းလမ်းတွေနဲ့ နည်းပညာတွေ လက်တွေ့ စမ်းသပ်ထားတဲ့ အင်အားကြီး စစ်တပ်အဖြစ် ထွက်ပေါ်လာ လိမ့်မယ်။ အခုဆို ထရမ့် အစိုးရသစ် တက်လာရင် ယူကရိန်း ကို စွန့်ပစ်လိုက်မှာ ကြောက်ရွံ့နေတဲ့ ဥရောပ အစိုးရတွေ တုန်လှုပ်နေကြပြီ။ အဲလိုသာ ယူအက်(စ်)က စွန့်ခွာသွားရင် ဥ ရောပ အစိုးရတွေပဲ လက်ကျန် ဘေ(လ်)ကို ရှင်းရတော့မှာ။

စစ်ပွဲနဲ့ ပဋိပက္ခ အသစ်တွေဟာ အမေရိက အတွက် သာမက ဥရောပ အစိုးရတွေအတွက်ပါ အဖြေမရှိတဲ့ ပုစ္ဆာ ဖြစ်လာတယ်။ သူတို့အားလုံး ကျဉ်းထဲကျပ်ထဲ ရောက်နေကြ ပြီ။ ထရမ့်က မျှော်လင့်ချက်မရှိတဲ့ ယူကရိန်း စစ်ပွဲကနေ ရှောင်ဖယ်သွားဖို့ သေချာသလောက်ပဲ။ ယူကရိန်း စစ်ပွဲ အတွက် ဘိုင်ဒင်မှာ တာဝန်ရှိတယ်လို့ သူပြောတာလဲ မမှား ဘူး။

ထရမ့်တက်လာရင် နေတိုး စစ်အုပ်စုကနေ ယူအက်( စ်) ထွက်မလားဆိုတာ မသေချာပါဘူး။ ဒါပေမယ့် သေချာတာ ကတော့ သူတို့မွေထားသမျှ ရှင်းရမယ့် ဘေ(လ်)ကို လန်ဒန်၊ ပဲရစ်(စ်)နဲ့ ဘာလင်က သူ့ 'မိတ်ဆွေတွေ' ဆီ ထိုးပေးမှာ သေချာတယ်။ နဂိုကတည်းက ကြီးလေးတဲ့ ပြဿနာတွေ ရင်ဆိုင်နေရပြီးသား ဥရောပ အရင်းရှင်စနစ်အဖို့ ပိုဆိုးဖို့သာ ရှိလိမ့်မယ်။

**အခု ဘယ်လဲ**

အမေရိကန် ပြည်သူတွေရဲ့ စိတ္တဗေဒမှာ အခြေခံကျ ကျ အပြောင်းအလဲ ဖြစ်နေကြောင်း လတ်တလော ဖြစ်ရပ်တွေ က သက်သေခံနေတယ်။ ဘူဇွာ ဒီမိုကရေစီရဲ့ အင်စတီကျူး ရှင်း အားလုံးဟာ ဆင်းရဲ ချမ်းသာ ကွာဟမှုကို ရုပ်ဖျက်ပြီး ထိန်းသိမ်းရလွယ်တဲ့ အကန့်အသတ်ဘောင်ထဲ ထည့်ထားလို့ ရနိုင်တယ် ဆိုတဲ့ ယူဆချက်အပေါ် အခြေခံပါတယ်။ ဒါပေမယ့် အခု မရတော့ဘူး။

အဲဒါ နိုင်ငံရေး အလယ်ဗဟို ပြိုကျသွားရခြင်းရဲ့ အဓိက အကြောင်းတရားပဲ။ လူတွေဟာ စာနယ်ဇင်းတွေ၊ တီ ဗီတွေက ပြောတာတွေ မယုံကြတော့ဘူး။ သူတို့ကို ပြောနေ တာတွေနဲ့ တကယ် ဖြစ်နေတာတွေကြား အလွန်အမင်း ကွာခြားနေတာကို နှိုင်းယှဉ်ကြည့်လာပြီ။ ငါတို့ကို အလိမ်အညာတွေ လာရောင်းနေပါလားလို့ သိလာကြတယ်။

အရင်က ဒီလို မဟုတ်ဘူး။ အတိတ်တုန်းက လူ တော်တော်များများ နိုင်ငံရေးကို စိတ်မဝင်စားကြဘူး။ အလုပ်သမားတွေဆိုလဲ ဒီသဘောပဲ။ အလုပ်ခွင်မှာ စကားစမြည်ပြောရင် ဘောပွဲ အကြောင်းပါမယ်၊ ရုပ်ရှင် အကြောင်း၊ တီဗီ အစီအစဉ်အကြောင်း၊ ဒါတွေပဲ အများစု ပြောဖြစ်ကြတယ်။ နိုင်ငံရေးအကြောင်း ထည့်ပြောကြတာ အတော်နည်းပါတယ်။ ခြွင်းချက်အနေနဲ့ ရွေးကောက်ပွဲ ကာလ လေးမှာ နိုင်ငံရေး အကြောင်း ပြောချင်ပြောမယ်။

အခု အဲသလို မဟုတ်တော့ဘူး။ လူထုက နိုင်ငံရေးကို စိတ်ဝင်စားလာကြပြီ။ နိုင်ငံရေးက သူတို့ဘဝတွေ၊ သူတို့ မိသားစု ဘဝတွေအပေါ် တိုက်ရိုက် သက်ရောက်မှု ရှိမှန်း သိ လာကြပြီ။

ထရမ့်ကို ထောက်ခံခြင်းအားဖြင့် သန်းပေါင်းများစွာ သော လူထုကြီးက အခုလို ပြောလိုက်တယ် - "သန်းခေါင် ထက် ညဉ့်မနက်တော့ဘူး။ ဘယ်သူမဆို လက်ရှိ အခြေအနေ ထက်ပိုကောင်းမှာပဲ။ အံစာတုံးကို လှိမ့်လိုက်ကြစို့"။ ခု နောက် တကြိမ် ကစားဖို့ သူတို့ ဆုံးဖြတ်လိုက်ကြပြီ။ ဒါပေမယ့် ဒီတ ကြိမ်ဟာ နောက်ဆုံး ဖြစ်သွားနိုင်ပါတယ်။

ဒေါ်နယ်ထရမ့်ဟာ အဖိုးကြီး ဖြစ်နေပြီ။ ဒုကြိမ် သမ္မတ သက်တမ်း ပြီးသွားရင် နောက်တကြိမ် ထပ်ပြိုင်ဖို့ မဖြစ်နိုင် တော့ဘူး။ ၂၀၂၅ ဇန်နဝါရီမှာ အိမ်ဖြူတော်ကို သူတက်နိုင် လိမ့်မယ်လို့ ယူဆပြီး ပြောနေတာပါ။ လုပ်ကြံရေးသမား ကျည်

ဆံတောင် သူ့ကို မတားနိုင်ခဲ့ဘူး။ အုပ်စိုးသူ လူတန်းစားရဲ့ ကယောင်ချောက်ချား တုံ့ပြန်မှုကို ကြည့်ရင် နောက်တကြိမ် လုပ်ကြံမှု ထပ်မဖြစ်ပါဘူးလို့ ဘယ်သူမှ တပ်အပ် မပြောနိုင်ဘူး။

ကဲ နောက်ဆုံး ထရမ့် သမ္မတအဖြစ် တက်လာပြီပဲ ဆိုပါစို့၊ ဘာတွေ ဖြစ်လာနိုင်သလဲ။ နယ်ပယ် ပေါင်းစုံမှာ အလွန်ကြီးမားတဲ့ စိန်ခေါ်မှုတွေ သူကြုံရလိမ့်မယ်။ စီးပွားရေး၊ အရှေ့အလယ်ပိုင်းနဲ့ ယူကရိန်း စစ်ပွဲ၊ တရုတ်၊ အီရန်တို့နဲ့ ဆက်ဆံရေးအပြင် တခြား များပြားလှတဲ့ ပြဿနာတွေ။

ဒေါ်နယ်ထရမ့် ထုံးစံအတိုင်း အမေရိကကို တကျော့ပြန် ကြီးကျယ်သွားအောင် လုပ်ပြမယ်လို့ ကတိကြီးကြီးတွေ ပေးထားတယ်။ ဒါပေမယ့် အဲဒီ ကတိကြီးတွေ တကယ် လုပ်ပြနိုင်မယ့် သက်သေ တခုမှ မရှိပါဘူး။ ဒေါ်နယ်ထရမ့်ကို ကိုးစားမိတဲ့ အမေရိကန် အလုပ်သမားတွေ အကြီးအကျယ် စိတ်ပျက်သွားရလိမ့်မယ်။

၁၉၄၀ တုန်းက ဂျာမန် တပ်တွေ ပဲရစ်(စ်)ကို ဝင်လာတော့ ဂျာမန် စစ်ဗိုလ်နဲ့ ပြင်သစ် စစ်ဗိုလ်တို့ ပြောကြတဲ့ စကားတခု ရှိခဲ့တယ်။ ဂျာမန်တွေ သွေးနားထင် ရောက်နေချိန်ပေါ့လေ။ ဒါပေမယ့် ပြင်သစ်ဗိုလ်က ရိုးရိုးလေး ပြန်ပြောခဲ့တယ် - “သမိုင်းဘီးကတော့ လည်သွားခဲ့ပြီ။ ဒါပေမယ့် နောက်တကြိမ် ထပ်လည်ပါလိမ့်မယ်။” တကယ်လဲ လည်ခဲ့ပါတယ်။


အမေရိကမှာ သမိုင်းဘီးကြီး လည်နေပါတယ်။ ပြီးရင် နောက်တခေါက် ထပ်လည်ပါလိမ့်မယ်။ ထရမ့် လှုပ်ရှားမှုရဲ့ အလားအလာတွေကို အသေအချာ စေ့ငုပြီးလို့ အကန့်အသတ်တွေကို သဘောပေါက်သွားတာနဲ့ ဆန့်ကျင်ဘက် လားရာကို ပြောင်းသွားပါလိမ့်မယ်။ ချိန်သီးဟာ လက်ဝဲဘက်ကို တခဲနက် ကူးပြောင်းသွားပါလိမ့်မယ်။

အမေရိကန် သမိုင်းမှာ လှိုင်းလေထန်တဲ့ အခန်းသစ်ကို စရေးကြတော့မယ်။

ကိုဂျက်(ခ်)

ရည်ညွှန်းကိုးကားနှင့် ဆက်စပ်ဖတ်ရန်

https://marxist.com/trump-victory-2024.htm
https://marxist.com/an-angry-old-man-a-deranged-ukrainian-and-world-war-iii.htm
https://marxist.com/an-angry-old-man-a-deranged-ukrainian-and-world-war-iii.htm



# အမျိုးသားလုံခြုံရေးအကြောင်းပြချက်နဲ့ တစ်(ခ်)တော့(ခ်)ကို ဘန်းခြင်း

အခု နောက်ပိုင်း တစ်(ခ်)တော့(ခ်)ကို လူသုံးများလာတာ အားလုံး သိကြပါတယ်။ ဖေ့(စ်)ဘွတ်(ခ်) ဘန်းခံထားရတဲ့ ဗမာပြည်မှာ fb သုံးချင်ရင် VPN နဲ့ ကျော်ခွသုံးကြရတယ်။ တခါစစ်အာဏာရှင်တွေက VPN ကိုပါ ထပ်ပိတ်တော့ သာမန်ပြည်သူတွေ fb သုံးဖို့တောင် အတော်ခဲယဉ်းသွားတယ်။ ဒီတော့ VPN ခံစရာမလိုတဲ့ တစ်(စ်)တော့(ခ်)ကို သုံးလာကြတယ်။ အရင်းရှင် အော်ပရေတာ ကုမ္ပဏီကြီးတွေက ဒေတာဈေးတွေ မဟားဒယား တက်လိုက်တာလဲ အကြောင်းတချက်ဖြစ်ပါလိမ့်မယ်။ အနိမ့်ဆုံး လုပ်ခလစာကို ထပ်တိုးခွင့် မပေးတဲ့ စစ်အာဏာရှင်များက ပုဂ္ဂလိက အရင်းရှင်းကြီးများကိုတော့ ဒေတာဈေးတွေ မဟားဒယား တက်ခွင့် ပေးထားတယ်။ ဂျီနိုဆိုက် တရားခံ စစ်ခေါင်းဆောင် မင်းအောင်လှိုင်နဲ့ သူ့မိသားစု ကိုယ်တိုင်က အကြီးစား ပုဂ္ဂလိက အရင်းရှင်တွေ မဟုတ်ပါလား။

ဗမာပြည်မှာ စစ်အာဏာရှင်တွေက fb ကို အများပြည်သူ သုံးလို့မရအောင် ဘန်းသလို အမေရိကမှာလဲ ‘ဒီမိုကရက်တစ်’ အစိုးရမင်းများက တစ်(ခ်)တော့(ခ်)ကို ဘန်းဖို့ လုပ်နေတယ်။ ဘန်းခံမလား၊ အမေရိကန် အရင်းရှင် တဦးဦးဆီ လက်လွှဲမလားလို့ ရာဇသံပေးထားတယ်။ ဒီမိုကရေစီ ဘိုးအေလို့ ဟစ်ကြွေးကြတဲ့ အမေရိကမှာ လူ့အခြေခံ အခွင့်အရေးတွေ တခုပြီးတခု ကျူးကျော်ချိုးဖောက်လာတာ တွေ့ရတယ်။ စစ်အာဏာရှင်တွေက fb ကို ဘန်းလိုက်တာဟာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆို ရေးသားခွင့်ကို နှိပ်ကွပ်ဖိနှိပ်ခြင်း ဖြစ်တယ်ဆိုရင် ယူအက်(စ်) အစိုးရက တစ်(ခ်)တော့(ခ်)ကို ဘန်းတာဟာလဲ လွတ်လပ်စွာ ထုတ်ဖော်ပြောဆို ရေးသားခွင့်ကို နှိပ်ကွပ်ဖိနှိပ်တာပါပဲ။ အမေရိကန် ဒီမိုကရေစီကို ဇန်းတင်ပြောသူ လစ်ဘရယ်တွေ ဒီကိစ္စကို ရှေ့ငုံနှုတ်ပိတ်နေကြတာ အကြောင်းမဲ့တော့ ဟုတ်ဟန်မတူ။

ဒီနေရာမှာ တချက်လောက် စဉ်းစားကြည့်ရအောင်။ အမေရိကန် ပြည်ထောင်စုမှာ လူဦးရေ ထက်ဝက်ကျော်လောက်က တစ်(ခ်)တော့(ခ်)ကို သုံးကြတယ်။ အများပြည်သူ သုံးစွဲနေတဲ့ လူမှု မီဒီယာ ပလက်ဖောင်းတခုကို အမေရိကန် အစိုးရက ဘာ့ကြောင့်များ ပိတ်ပစ်ချင်ရတာလဲ။ အမေရိကန် အစိုးရ အာဘော်တွေအရတော့ အမျိုးသား လုံခြုံရေးကို မထိခိုက်စေဖို့တဲ့။ (national ကို အမျိုးသားလို့ တွင်တွင်ကျယ်ကျယ် သုံးနေကြပြီမို့ national security ကို အမျိုးသား

လုံခြုံရေးလို့ပဲ အလွယ် ရေးလိုက်ပါတယ်။ နိုင်ငံလုံးဆိုင်ရာ လုံခြုံရေးလို့ ဖတ်လိုက ဖတ်နိုင်ပါတယ်)။

တစ်(ခ်)တော့(ခ်) သုံးတာနဲ့ပဲ အမျိုးသား လုံခြုံရေးကြီး ထိခိုက်ရောလား။ အဲလို မေးလာသူတွေအတွက် သူတို့မှာ ဆင်ခြေဆင်လက် အပြည့်ရှိပါတယ်။ တစ်(ခ်)တော့(ခ်) ကုမ္ပဏီက သုံးစွဲသူတွေရဲ့ ပုဂ္ဂလိက ဒေတာတွေကို တရုတ် အစိုးရဆီ ရောင်းချတာမျိုး လုပ်လာနိုင်လို့ပါတဲ့။ တကယ်တော့ ‘လုပ်လာနိုင်တယ်’ ဆိုတဲ့ ဆင်ခြေပဲ ပေးနိုင်ပါသေးတယ်။ တစ်(ခ်)တော့(ခ်) ကုမ္ပဏီဘက်က ရောင်းချခဲ့တယ် (ဒါမှမဟုတ်) တရုတ် အစိုးရဘက်က အဲသလို ပုဂ္ဂလိက ဒေတာတွေ ဝယ်ခဲ့တယ် ဆိုတဲ့ အထောက်အထား မပြနိုင်ပါဘူး။

မှန်ပါတယ်၊ တစ်(ခ်)တော့(ခ်)လို အရင်းရှင် ကုမ္ပဏီကြီးတွေက သုံးစွဲသူတွေရဲ့ ဒေတာကို ခိုးရောင်းတာမျိုး မလုပ်ပါဘူးလို့ ဘယ်သူမှ မပြောနိုင်ပါဘူး။ အဲသလိုပဲ တရုတ် အစိုးရကလဲ မဝယ်ပါဘူးလို့ ဘယ်သူမှ အာမမခံနိုင်ဘူး။ ဒါပေမယ့် အဲသလို ဖြစ်နိုင်ချေကိုသာ ပြောကြစတမ်းဆိုရင် Meta တို့ ဂူဂဲ(လ်)တို့ တခုမှ လွတ်မှာ မဟုတ်ဘူး၊ အကုန် ဘန်းလိုက်ရုံ ရှိမှာပဲ။ တကယ်တော့ Meta တို့ ဂူဂဲ(လ်)တို့က အဲသလို ခိုးရောင်းတဲ့နေရာမှာ နာမည်ပျက်တွေ၊ လျော်ကြေးပေးခဲ့ရတဲ့ အမှုအခင်းတွေ အများကြီး ရှိနှင့်ပြီးသား။ သူတို့ကို မပိတ်ဘဲ တစ်(ခ်)တော့(ခ်)ကိုမှ privacy နဲ့ အမျိုးသား လုံခြုံရေး အကြောင်းပြပြီး ပိတ်ပစ်တယ်ဆိုရင် သူတို့ပေးတဲ့ ဆင်ခြေဟာ ခိုင်လုံမှု မရှိတော့ဘူး။

သာမန်ပြည်သူတွေရဲ့ privacy ကို အလေးထားပါတယ် ဆိုတာလဲ လူကြားကောင်းရုံ ပြောတဲ့ စကားပဲ ဖြစ်သွားမယ်။ တကယ်တော့ အမေရိကန် အစိုးရကိုယ်တိုင်က အင်တာနက် သုံးစွဲသူတွေရဲ့ ပုဂ္ဂိုလ်ရေး ဒေတာတွေကို ပုဂ္ဂလိက ကုမ္ပဏီတွေဆီကနေ တောက်လျှောက်ဝယ်ယူနေတာပဲ။ အမေရိကန် အစိုးရ ထောက်လှမ်းရေး ဌာနအသီးသီးက သူတို့ အခေါ် “commercially available information” (CAI) တွေ ထင်သလို ဝယ်သုံးနေကြောင်း ၂၀၂၃ မှာ အစီရင်ခံစာ ထွက်လာခဲ့ဖူးတယ်။ FBI တို့ CIA တို့ အကုန်ပါပါတယ်။

နိုင်ငံသားတယောက်ရဲ့ ပုဂ္ဂိုလ်ရေး အချက်အလက်တွေကို ထောက်လှမ်းရေး ဌာနက ရယူလိုရင် ဥပဒေကြောင်းအရ လိုက်နာရမယ့် အဆင့်တွေ ရှိတယ်။ အမေရိကန် ထောက်လှမ်းရေးက အဲဒီအဆင့်တွေ ဖြတ်စရာမလိုအောင် CAI တွေ ဝယ်သုံးတာပဲ။ အဲသလို ပုဂ္ဂိုလ်ရေး အချက်အလက်တွေ ရောင်းချတဲ့ ကုမ္ပဏီတွေနဲ့ စာချုပ်တောင် ချုပ်ထားကြတယ်။ ဥပမာ၊ FBI ဆိုရင် ZeroFox ကုမ္ပဏီနဲ့၊ ရေတပ် ဆိုရင် Sayari Analytics ကုမ္ပဏီနဲ့ စာချုပ်ချုပ်ထားတယ်။ အမေရိကန် ပြည်ထဲရေး ဌာနဆိုရင် အကဲဒမစ် လေ့လာရေးဆိုင်ရာ သတင်း အချက်အလက်တွေ စုဆောင်း ဖလှယ်ရာ Web of Science ကို ထောက်လှမ်းရေးအတွက် အသုံးချတာမျိုး လုပ်ခဲ့တယ်။




အမေရိကန် အစိုးရ ထောက်လှမ်းရေး ဌာနတွေကိုယ်တိုင်က အဲသလိုတွေ လုပ်လာတဲ့အခါ ‘ဒေတာပွဲစားတွေ’ မှိုလိုပေါက်လာသတဲ့။ ဒီတော့ အမေရိကန် ပြည်သူတွေရဲ့ ပုဂ္ဂလိက လွတ်လပ်ခွင့်နဲ့ လုံခြုံမှုကို အလေးထားလို့ တစ်(ခ်)တော့(ခ်)ကို ပိတ်ရပါတယ်ဆိုတာ ဘယ်လို ယုံကြမလဲ ။ အမျိုးသား လုံခြုံရေး ဆိုတာလဲ ဆင်ခြေသက်သက်ပါ။ အမေရိကန် ထောက်လှမ်းရေးက ပုဂ္ဂိုလ်ရေး ဒေတာတွေ ခိုးဝယ်နေသလိုမျိုး တစ်(ခ်)တော့(ခ်) ကုမ္ပဏီဆီကနေ တရုတ် အစိုးရက ခိုးဝယ်နေပြီလို့ ပြောနိုင်တဲ့ ဖြစ်ရပ်/အချက်အလက် ရှာမ

တွေ့ကြသေးဘူး။

ဒါဖြင့် အဓိက အကြောင်းပြချက်က ဘာလဲ။ လူအများ သုံးစွဲတဲ့ ဆိုရှယ် မီဒီယာ ပလက်ဖောင်းတွေကို ဗိုလ်မင်းအောင်လှိုင်တို့ ဘာ့ကြောင့် ပိတ်ပစ်ချင်သလဲ ပြန်ကြည့်လိုက်ရင် အဖြေတွေ့ပါလိမ့်မယ်။ သူတို့ ဝါဒဖြန့်သလို လူတွေ မယုံကြတော့ဘူး။ စဉ်းစားကြည့်ပါ။ မြဝတီနဲ့ မြန်မာ့သံလောက်ကြည့်ခွင့်ရတဲ့ ပြည်သူတရပ်ကို လိမ်ညာဝါဒဖြန့်ရတာနဲ့ လွတ်လပ်စွာ ပြောရေးဆိုခွင့် အတိုင်းအတာ တခုထိရှိတဲ့ ဆိုရှယ် မီဒီယာ သုံးစွဲသူ ပြည်သူတွေကို လိမ်ညာဝါဒဖြန့်ရတာ ဘယ်သင်းက ပိုထိရောက်မယ် ထင်သလဲ။ (မှန်ပါတယ်၊ ဆို




ရှယ်မီဒီယာ ပလက်ဖောင်း ဆိုတာလဲ လက်ဝါးကြီးအုပ် အရင်းရှင်ကြီးတွေပဲ ပိုင်ထားတာဖြစ်လို့ လွတ်လပ်စွာ ပြောရေးဆိုခွင့် အပြည့်အဝ မရှိပါဘူး၊ ဒါ့ကြောင့်လဲ 'အတိုင်းအတာ တခုထိ' လို့ စကားခံထားပါတယ်)။

ယူကရိန်း စစ်ပွဲ၊ အစ္စရေး-ဂါဇာ စစ်ပွဲ တို့နဲ့ ပတ်သက်လာရင် အမေရိကန် ခေါင်းဆောင်တဲ့ အနောက် မီဒီယာကြီးတွေရဲ့ အာဘော်က သူတို့ အစိုးရ အာဘော်နဲ့ တထပ်တည်း ဖြစ်နေတာ တော်တော်များများ သတိထားမိကြပါလိမ့်မယ်။ ဗမာပြည်က မီဒီယာတွေတောင် သံယောင်လိုက်ခဲ့ကြသေးတာပဲ။ ဒါပေမယ့် နတန်ညာဟု စစ်သားတွေက ယူအက်(စ်) အစိုးရ ထောက်ပံ့ထားတဲ့ စစ်လက်နက်တွေသုံးပြီး ပါလက်စတိုင်း ပြည်သူတွေကို အမဲဖျက်နေတဲ့ ဗီဒီယိုတွေ တစ်(ခ်)တော့(ခ်)ပေါ် နေ့စဉ်တက်လာတဲ့အခါ public opinion ပေါ် အများကြီး ရိုက်ခတ်မှု ရှိခဲ့တယ်။ တစ်(ခ်)တော့(ခ်)သုံးတဲ့ အမေရိကန် ပြည်သူတွေက အစ္စရေး စစ်ပွဲကို ဆန့်ကျင်ရှုတ်ချကြတယ်၊ ဒါ့ကြောင့် တစ်(ခ်)တော့(ခ်)ကို ပိတ်မှ ဖြစ်မယ် ဆိုတဲ့ သဘောမျိုး ကွန်ဂရက်မှာ အဆိုတင်သူ အတော်များများက ဖြောင်ထုတ်ပြောထားတယ်။ (ဒီအကြောင်း ထည့်ရေးထားတဲ့ ဂါးဒီးယန်းဆောင်းပါး လင့်ခ်ကို အောက်မှာ ပေးထားပါတယ်။)

ဒီအချက်က အရေးကြီးပါတယ်။ အစိုးရတရပ်ဟာ ပြည်သူတွေကို ငြိမ်ဝပ်ပိပြားနေအောင် ထိန်းထားဖို့ စစ်တပ်၊ ရဲတပ်၊ အကျဉ်းထောင်တွေချည်း အားကိုးနေရုံနဲ့ မလုံလောက်ပါဘူး။ ဝေးဝေးကြည့်စရာ မလိုပါဘူး။ ဗမာပြည် အာဏာသိမ်း စစ်တပ်ကိုကြည့်ရင် ရှင်းနေတာပဲ။ ဓားမိုး အုပ်ချုပ်ဖို့ ကြိုးစားတဲ့ ဘိုနာပတ်တစ် အစိုးရဆိုတာ အခြေမခိုင်ပါဘူး။ ကြာကြာလဲ မမြဲနိုင်ပါဘူး။ ဒါ့ကြောင့် လူထုကို စိတ်ပိုင်းဆိုင်ရာ

ထိန်းသိမ်းကွပ်ညှပ်မှုတွေ လုပ်ဖို့ ဘာသာရေး၊ ပညာရေးတို့ အပြင် ကျနော်တို့ နေ့တစ္ဆဝ စားသုံးနေရတဲ့ mass media တွေကိုပါ အစိုးရတွေက ထိန်းချုပ်ဖို့ ကြိုးပမ်းလာကြတာပဲ။ ယူအက်(စ်)မှာ တစ်(ခ်)တော့(ခ်)ကို ဘန်းဖို့ လုပ်နေတာ ကြည့်ရင် အရင်းရှင် ဒီမိုကရေစီရဲ့ အကန့်အသတ်ကို မြင်ရလိမ့်မယ်။ အခြေခံ ဒီမိုကရေစီ အခွင့်အရေးတွေ တခုပြီးတခု ထိပါးလာတာဟာ အရင်းရှင်စနစ် အကျပ်အတည်း သိပ်သည်းပြင်းထန်လာလို့ပဲ။ အရင်းရှင်စနစ်ရဲ့ upswing ကာလတွေမှာ ဒီမိုကရေစီ အခွင့်အရေးတွေ အပါအဝင် သိသာထင်ရှားတဲ့ တိုးတက်ပြောင်းလဲမှုတွေ သူတို့ လိုက်လျောပေးနိုင်ခဲ့တယ်။ ဒီလို reform နည်းနဲ့ တော်လှန်ရေးကို ရှောင်ကွင်းဖို့ ကြိုးစားခဲ့ကြတယ်။ ဒါပေမယ့် အရင်းရှင်စနစ် အကျပ်ဆိုက်လာတဲ့အခါ ပေးပြီးသား reform တွေ၊ အခြေခံ ဒီမိုကရေစီ အခွင့်အရေးတွေကို ပြန်ရုပ်သိမ်းလာတယ်။

ဒါသည်ပင် လူတန်းစား တိုက်ပွဲ ပြင်းထန်စေဖို့ မီးစာထိုးပေးလိုက်တာပဲ မဟုတ်ပါလား။ အလုပ်သမား လူတန်းစားဟာ ရပြီးသား ဒီမိုကရေစီ အခွင့်အရေးတွေ လုယူဖျက်စီးမခံရအောင် ခုခံတိုက်ပွဲဝင်ရင်း လူ့အဖွဲ့အစည်း တခုလုံးကို အခြေအမြစ်က တော်လှန်ပြောင်းလဲရေးဆီ ချီတက်ရမယ်။

ဝင်းစံဖြိုး

ရည်ညွှန်းကိုးကား။ ။

https://www.theguardian.com/commentisfree/2024/dec/20/tiktok-ban-supreme-court

https://www.nbcnews.com/tech/security/us-government-buys-data-americans-little-oversight-report-_nds-rcna89035



# ကွန်မြူနစ်ဝါဒ၊ လီနင် နဲ့ ဘာသာရေး - "လောက နိဗ္ဗာန် တည်ဆောက်ရေး"

မာ့က်စ်ဝါဒီတွေဟာ ဘာသာရေးအပါအဝင် စိတ်ဝါဒ သဏ္ဍာန်အမျိုးမျိုးကို ဆန့်ကျင်ပြီး ရုပ်ဝါဒဘက်က အမြဲ ရပ်တည်ခဲ့ပါတယ်။ ဒါပေမယ့် လီနင် ရှင်းပြခဲ့သလိုပဲ ဘာသာ ရေးကို ချဉ်းကပ်တဲ့အခါ ကွန်မြူနစ်တွေအနေနဲ့ လိမ္မာပါးနပ် ဖို့ လိုသလို နူးညံ့သိမ်မွေ့ဖို့လဲ လိုပါတယ်။ ကျနော်တို့ရဲ့ အလုပ် က ဒီကမ္ဘာပေါ်မှာ ‘လောကနိဗ္ဗာန်’ တည်ဆောက်ရေး ဖြစ် တယ်။

လမ်းတွေနဲ့ ဈေးဝယ်စင်တာတွေမှာ ရောင်စုံမီးပဒေသာ တွေ၊ ပြိုးပြိုးပြက်ပြက် အလင်းတွေနဲ့ အလှဆင်ထားတဲ့ အချိန် ရောက်ရှိလို့ လာပါပြီ။ ဆန်တာကလော့စ်၊ jingle bells နဲ့ ခ ရစ်စ်စမတ် သစ်ပင်တွေ အကြောင်း စပ်ဆိုထားတဲ့ သီချင်းတွေ လည်း ထပ်တလဲလဲ ကြားနေရပါပြီ၊ ဒါဟာ ဘာလဲဆိုတာ ကျ နော်တို့အားလုံးသိကြတယ်၊ ခရစ်စမတ် ပိတ်ရက်တွေ နီးကပ် လို့လာပါပြီ။

ကျနော်တို့အတွက် ဒါဟာ ခွင့်အနည်းငယ် ရယူပြီး မိသားစုတွေ၊ သူငယ်ချင်းတွေနဲ့ တွေဆုံနိုင်ဘို့ အခွင့်အရေး တခု ဖြစ်ပါတယ်။ ဒီအခိုက်မှာ ကျနော်တို့ မိသားစု တွေဆုံပွဲ တွေ၊ လက်ဆောင် ဖလှယ်တာတွေ လုပ်နေကြပေမယ့် ခရစ်စ မတ်ရဲ့ မူလ ရည်ရွယ်ချက်ကတော့ ‘baby jesus’ မွေးနေ့ကို အထိမ်းအမှတ် ပြုဖို့ပါပဲ။ ဒါ့ကြောင့် ဘာသာရေး နဲ့ ပတ်သတ် တဲ့ အကြောင်းကိစ္စတွေကို ပြောဘို့ သင့်တော်တဲ့ အခိုက်ဖြစ် တယ်။

ဘာသာရေးကို ကွန်မြူနစ်တွေ ချဉ်းကပ်ကြတဲ့ အခါ တလွဲအဓိပ္ပာယ် ကောက်တာတွေ အများအပြား ရှိလို့နေ တယ်။ “ကွန်မြူနစ်တွေဟာ ခရစ်စမတ်နေ့ကို တားမြစ်ချင် တယ်” (ဒါမှမဟုတ်) “သင်ဟာ ဘာသာရေး ကိုင်းရှိုင်းရင် ကွန်မြူနစ်အဖွဲ့ ဝင်လို့ မရနိုင်ဘူး” စသဖြင့် ပြောဆိုတာတွေ ကို မြင်နေ၊ တွေ့နေကျ ဖြစ်ပါတယ်။

ဘာသာရေးအပေါ် ကွန်မြူနစ်တွေ ထားရှိတဲ့ သဘောထား အစစ်အမှန်ကို နားလည်ဘို့ဆိုရင် လီနင်ရဲ့ ဘာသာရေးနဲ့ဆိုင်တဲ့ အရေးအသားတွေကို လေ့လာသင့် တယ်။

ဒါဟာ လီနင်နဲ့ ဘော်ရှီဗစ်တွေ ကိုင်တွယ်ခဲ့ရတဲ့

အရေးကြီး ကိစ္စတခု ဖြစ်ပါတယ်။ ဇာဘုရင် အစိုးရဟာ ရုရှား အော်သိုဒေါ့စ် ဘုရားကျောင်းနဲ့ အလုံးစုံ ပတ်သက်ဆက်နွှယ် နေတယ်။ ဇာဘုရင်ဟာ ဘုရားသခင်ကိုယ်တိုင် ခန့်အပ်ခြင်း ခံရသူ ဖြစ်တယ်၊ ဒါ့ကြောင့် သူဟာ ရုရှားပြည်ကို မင်းမူ အုပ်စိုးခွင့် ရရှိထားတဲ့ ပြဒိတ်တော်ရ မင်းတပါးလို့ ဆိုပါတယ်။ ဒါ့ကြောင့် ဇာဘုရင်ကို စော်ကားတာဟာ ဘုရားသခင်ကို စော်ကားရာရောက်ပါတယ်။

ရုရှား နိုင်ငံတော်ဟာ ဘုရားကျောင်းနဲ့ ခရစ်ယာန် ဘုန်းတော်ကြီး အလွှာကို အားပြုတည်ဆောက်ထားတယ်။ အဲ အချိန်တုန်းက ရုရှားဟာ မြေရှင်ပဒေသရာဇ်တပိုင်း နိုင်ငံဖြစ်တယ်၊ သိပ်ကို ခေတ်နောက်ကျလွန်းပြီး စာမတတ်သူတွေ အလွန်ပေါများတဲ့ တိုင်းပြည်တခု ဖြစ်ပါတယ်။ တိုင်းပြည် လူဦးရေရဲ့ လူများစုကြီးက လယ်သမားတွေ ဖြစ်တယ်။ အဲဒီ လူအများစုကြီးအတွက် တခုတည်းသော ပညာသင်ယူရာ နေရာက ဘုရားကျောင်းပဲ ရှိပါတယ်။ ဒါကြောင့် တောင်သူလယ်သမားထုနဲ့ အလုပ်သမား အလွှာတခုအပေါ် အော်သိုဒေါ့စ် ဘုရားကျောင်းက ဩဇာ လွှမ်းမိုးမှု ကြီးကြီးမား မား ရှိခဲ့တယ်။

ဒီအခြေအနေမှာ ဘာသာရေးအပေါ် ကွန်မြူနစ်တွေ ထားရှိသင့်တဲ့ သဘောထားနဲ့ ပတ်သက်ပြီး လီနင် အများကြီး ရေးခဲ့တယ်။ သူတို့ အုပ်စိုးမှုကို တရားထူထောင်ဖို့၊ လူထုကို ငြိမ်ဝပ်ပိပြားနေအောင် ထိန်းထားဖို့ ဇာဘုရင် နဲ့ အုပ်စိုးသူ လူတန်းစားက ဘာသာရေးကို ဘယ်နည်းဘယ်ပုံ ခုတုံးလုပ်နေ ကြောင်း ဖွင့်ချဖို့ ဘော်ရှီဗစ်တွေ ကြိုးစားခဲ့ကြတယ်။

ဒါပေမယ့် ဘာသာရေးအပေါ် သူတို့ရဲ့ ချဉ်းကပ်နည်း ကို ကျင့်သုံးမယ်ဆိုရင် သိမ်မွေ့နူးညံ့မှုရှိဖို့လဲ လိုပါတယ်။ ဘော် ရှီဗစ်တွေက အလုပ်သမားတွေ၊ လယ်သမားတွေကို ဆိုရှယ်လစ် အရေးတော်ပုံဘက် ပါလာအောင် စည်းရုံးဘို့ ကြိုးစားခဲ့ကြတယ်။ ဘာသာရေး ယုံကြည်မှု ရှိသူတွေကိုပါ သူ တို့ စည်းရုံးခဲ့ကြတယ်။ အဲဒီလို ဘာသာရေး ယုံကြည်သက်ဝင် မှုရှိတဲ့ လူထု လူတန်းစား အလွှာတွေနဲ့ လိမ္မာပါးနပ်စွာ ချိတ်ဆက်နိုင်ရေးကလဲ အရေးကြီးပါတယ်။

## ရုပ်ဝါဒ နဲ့ စိတ်ဝါဒ

ကွန်မြူနစ်တွေဟာ ဘာသာရေး၊ သဘာဝလွန်ယုံကြည် မှုနဲ့ အယူသီးမှုတွေကို ဆန့်ကျင်တယ်၊ ဒီအချက်နဲ့ ပတ်သက် လို့ လီနင်က ရှင်းရှင်းပဲ ပြောခဲ့တယ်။ အဲဒါတွေအစား ကျနော် တို့ ကွန်မြူနစ်တွေက မာ့က်စ်ဝါဒရဲ့ သိပ္ပံနည်းကျမှုအပေါ် အခြေခံထားတယ်။ ကျနော်တို့ဟာ ဒေါင်ဒေါင်မြည် ရုပ်ဝါဒီ တွေဖြစ်တယ်။

မာ့က်စ်ဝါဒီတွေက သဘာဝလွန်စွမ်းအားတွေကို မယုံ ဘူး၊ ရုပ်ဝါဒီတယောက်အဖို့ ကောင်းကင်ဘုံလည်း မရှိသလို ငရဲလည်း မရှိဘူး၊ ဒိဋ္ဌဓမ္မ ရုပ်ကမ္ဘာတခုတည်း ရှိတယ်။

စကြာဝဠာထဲ ရှိသမျှ အရာအားလုံးကို ရုပ်ဝတ္ထုတွေနဲ့ ဖွဲ့စည်းတည်ဆောက်ထားခြင်း ဖြစ်တယ်၊ ဖွဲ့စည်းမှုပုံစံသာ အမျိုးမျိုး ကွဲသွားတယ်။ အမြဲ ဒီသဘောပဲ။ နားလည်လို့ မရ နိုင်တဲ့ ဖြစ်ရပ်၊ အကြောင်းအရာ ဆိုတာ မရှိဘူး။ အနန္တ စကြာဝဠာ အတွင်းက အရာအားလုံးဟာ တခုနဲ့တခု ချိတ်ဆက် နေကြသလို ရုပ်ဝတ္ထုတွေနဲ့ ဖွဲ့စည်း တည်ဆောက်ထားတာဖြစ် လို့ သူတို့ကို သဘောတရားအရ သိနားလည်နိုင်တယ်။

ဘာသာရေးဟာ "စိတ်ဝါဒ" အတွေးအခေါ် အုပ်စုထဲ ပါဝင်တယ်။ စိတ်ဝါဒအရဆိုရင် ရုပ်ကမ္ဘာကြီးဟာ အတွေးအခေါ် တွေရဲ့ ရောင်ပြန်ဟပ်မှုသာ ဖြစ်တယ်။

စိတ်ဝါဒီတွေက အတွေးအခေါ်တွေဟာ ပဓာနကျ တယ်၊ သဘာဝလောကကြီးနဲ့ ကင်းလွတ်ပြီး သီးခြားဖြစ်တည် နေတယ်လို့ ယုံကြည်ကြတယ်။ တခါ ဘာသာရေးက သဘာဝ ဖြစ်စဉ်၊ သမိုင်းဆိုင်ရာ ဖြစ်ရပ်တွေနဲ့ လူ့အဖွဲ့အစည်း တိုးတက် ပြောင်းလဲမှု စတာတွေကို ဘုရားသခင်ရဲ့ အံ့ချီးဖွယ် ကြိုတင် ကြံဆမှုတွေကို ကိုးကားပြီး ရှင်းပြတယ်။

ဒါပေမယ့် ကမ္ဘာကြီး ဖြစ်ပေါ်တည်ရှိလာပြီး ခြောက် ရက်အကြာမှာ လူမျိုးစိတ် ပေါ်ထွန်းလာခဲ့တာမဟုတ်ဘဲ၊ အဲဒီ

ထက် အများကြီးပိုကြာခဲ့တယ်လို့ သိပ္ပံနည်းကျ သက်သေပြထားပြီး ဖြစ်တယ်။

တိုးတက်ဖွံ့ဖြိုးမှု ဖြစ်စဉ်ကို နှစ်သန်းပေါင်းများစွာ ဖြတ်သန်းလာရင်း လူသားတွေဟာ သိစိတ်ရှိတဲ့ ရုပ်တွေ ဖြစ်လာတယ်။ ကျနော်တို့ရဲ့ အတွေးအခေါ်တွေဟာ ကျနော်တို့ ရုပ်ခန္ဓာကြီးနဲ့ ကင်းလွတ်ပြီး သီးခြားတည်ရှိနေတာ မဟုတ်ဘဲ၊ ကျနော်တို့ဦးနှောက်ရဲ့ ထုတ်ကုန်တွေသာ ဖြစ်တယ်။ ဒေကားရဲ့ ထင်ရှားတဲ့ အဆိုအမိန့်ကို ပြောင်းပြန် ပြောရရင် - "ငါတို့ တည်ရှိတယ်၊ ဒါ့ကြောင့် ငါတို့တွေးနိုင်တယ်"။

ကမ္ဘာလောကဟာ ကျနော်တို့ အတွေးအခေါ်တွေနဲ့ သီးခြားတည်ရှိနေတာဖြစ်တယ်။ ကျနော်တို့ ရုပ်ဝါဒီတွေက အတွေးအခေါ်တွေဆိုတာ ကျနော်တို့ နေထိုင်ရာ ကမ္ဘာလောကကို ရောင်ပြန်ဟပ် ထွက်ပေါ်လာခြင်းပဲလို့ နားလည်ကြတယ်။ မာ့က်စ် ပြောခဲ့ဖူးသလို "ဘဝကို အသိစိတ်က ပြဋ္ဌာန်းတာ မဟုတ်ဘဲ အသိစိတ်ကို ဘဝက ပြဋ္ဌာန်းခြင်း ဖြစ်တယ်"။ ကျနော်တို့ရဲ့ ကိုယ်ကျင့်တရားအမြင်တွေ၊ အတွေးအခေါ် အယူအဆတွေကို လူ့အဖွဲ့အစည်းနဲ့ သမိုင်းက ပုံသွင်းပေးထားတယ်။

## "လူထုအတွက် ဘိန်း"

ဒီသဘောပဲ၊ ဘာသာရေးမှာလဲ လူ့အဖွဲ့အစည်းအတွင်း ရုပ်အခြေခံ ရှိနေတယ်။ လူသားတွေက ဘာသာရေးကို သူတို့ ပုံရိပ်အတိုင်း ဖန်တီးကြတယ်။ "Ludwig feuerbach" (မာ့က်စ်နဲ့ အန်ဂယ် အပေါ် အဘိဓမ္မာရေးရာ လွှမ်းမိုးမှု အကြီးမားဆုံး ရှိခဲ့တဲ့ သူတွေထဲက တဦး) က "ငှက်တွေမှာသာ ဘာသာရေး ရှိခဲ့မယ်ဆိုရင်၊ သူတို့ဘုရားမှာ အတောင်တွေ ပါလိမ့်မယ်"လို့ တိတိပပ ပြောခဲ့တယ်။

ဒါဝင်ရဲ့ ဆင့်ကဲတိုးတက်ပြောင်းလဲခြင်း သီအိုရီ အပါအဝင် သိပ္ပံပညာက ကမ္ဘာကြီးရဲ့ ဘာသာရေးဆိုင်ရာ ရှင်းလင်းချက်တွေ၊ အယူသီးမှု အစွဲအလမ်းတွေကို စိန်ခေါ်နိုင်ခဲ့ပေမယ့် ဘာသာရေး အတွေးအခေါ်တွေနဲ့ ဘာသာရေး အဆောက်အအုံတွေက လူ့အဖွဲ့အစည်းအတွင်း အားကောင်းနေဆဲဖြစ်တယ်။

လူအများစုအတွက် ဆင်းရဲ ဒုက္ခတွေက လျော့ပါးပျောက်ကွယ်မသွားသေးဘူး။ သွေးစုပ်ခြယ်လှယ်ခြင်း၊ ဆင်းရဲမွဲတေခြင်းနဲ့ ဖိနှိပ်မှုတွေက အရင်းရှင်စနစ်ရဲ့ ပန္နက်တွေ ဖြစ်တယ်။

ကနေ့ ကမ္ဘာကြီး ရူးသွားပြီလားလို့ ထင်ရမယ်။ ကြည့်လိုက်ပါ။ စစ်ပွဲတွေ ထဖြစ်တယ်၊ တကမ္ဘာလုံး ရောဂါကပ်သင့်တယ်၊ ရှင်သန်စရိတ် ကြီးလေးတဲ့ ကပ်ဆိုက်တယ်၊ ဥတုရာသီ ဖောက်ပြန်မှုဒဏ် ရင်ဆိုင်ရတယ်။

ဒီဖိအားတွေနဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖို့ရာ လူအများစုက ဘာသာရေး ယုံကြည်မှုတွေဘက် လှည့်လာကြတယ်။ ဘာသာရေးက မေခွန်းကြီးကြီးမားမားတွေကို ရိုးရှင်းတဲ့ အဖြေတွေပေးပြီး စိတ်သက်သာရာ ရစေတယ်။

သူက အေးစက်ပြီး စာနာစိတ် လုံးဝမရှိတဲ့ လူ့အဖွဲ့အစည်းကနေ ထွက်ပြေး ခိုလှုံခွင့်ကိုလည်း ပေးသေးတယ်။ ဘုန်းကြီးကျောင်း၊ ဘုရားရှိခိုးကျောင်း ဒါမှမဟုတ် ဗလီတို့ဆိုတာ လူအများစုအဖို့ သူတို့ကို နွေးနွေးထွေးထွေး လက်သင့်ခံပေးတဲ့ နေရာတခုပဲ။ သူတို့ရဲ့ ဘဝမှာ ဘာတွေပဲ ဖြစ်နေပါစေ ဒီနေရာကို ရောက်သွားရင် စိတ်သက်သာရာ ရသလို ခံစားကြရတယ်။

ကပ်ဆိုက်နေချိန်တွေမှာ လူသားတွေ ဘာသာတရားကို ပိုယုံကြတယ်။ အမေရိကန်ပြည်သူ ၂၈ ရာခိုင်နှုန်းက ကိုဗစ် -၁၉ ကပ်ဘေးကြောင့် သူတို့ရဲ့ ဘာသာရေး ကိုးကွယ်ယုံကြည်မှုတွေ ပိုပြီး အားကောင်းလာကြောင်း ပြောထားတယ်လို့ Pew Research Center ရဲ့ စစ်တမ်းတခုက ဆိုပါတယ်။ ကပ်ရောဂါဖြစ်နေတဲ့ ကာလမှာ UK က ဘာသာရေး ယုံကြည်သူတွေဟာ ကပ်ဘေးကို ကောင်းကောင်း ရင်ဆိုင်နိုင်ခဲ့တယ်လို့ ကိန်းဘရစ်ချ် တက္ကသိုလ်ရဲ့ စစ်တမ်းတွေကလည်း ဖော်ပြတယ်။

မာ့က်စ်ရဲ့ "ဘာသာရေးဟာ လူထုအတွက် ဘိန်းဖြစ်တယ်" ဆိုတဲ့ စကားစုကို အဆက်အစပ် မပါဘဲ ယူပြောတတ်ကြတယ်။ ဒီစကားကို ရည်ညွှန်းပြီး ကွန်မြူနစ်တွေက ဘာသာရေး ယုံကြည်သူတွေကို ရန်လိုတယ်လို့ ပြောလေ့ရှိတယ်။

ဒါပေမယ့် အဲဒီ ကိုးကားချက် အပြည့်အစုံမှာတော့ မာ့က်စ်က လူ့အဖွဲ့အစည်းမှာ ဘာသာတရား ရှိနေရတဲ့ အကြောင်းရင်းကို မာ့(က်စ်) ဖော်ထုတ်ခဲ့တာ တွေ့ရမယ်။

"ဘာသာရေးဆိုင်ရာ (ဘာသာရေးက ဟောတဲ့) ဆင်းရဲဒုက္ခ ဆိုတာ အမှန်တကယ် ရှိနေတဲ့ ဆင်းရဲဒုက္ခကို ထင်ဟပ်ဖော်ပြခြင်း ဖြစ်သလို ဆန့်ကျင်တုံ့ပြန်ခြင်းလဲ ဖြစ်တယ်။ ဘာသာရေးဟာ အဖိနှိပ်ခံ သတ္တဝါတို့ရဲ့ ပင့်သက်ရှိုက်သံ၊ အကြင်နာတရား ကင်းမဲ့နေသော ကမ္ဘာရဲ့ နှလုံးသည်းပွတ်၊ လူစိတ်ပျောက်နေတဲ့ အခြေအနေအတွင်းက လူစိတ် ဖြစ်တယ်။ ဘာသာရေးဟာ လူထုရဲ့ ဘိန်းပဲ။ "ဘာသာရေးကို လူထုရဲ့ အတုအယောင် ပျော်ရွှင်မှုအဖြစ်က ဖယ်ရှားပစ်ဖို့ ပြောတာဟာ လူထုအတွက် ပျော်ရွှင်မှု အစစ်အမှန် ရရှိရေး တောင်းဆိုလိုက်ခြင်းပဲ။ လူထုကို ထင်မှတ်မှားမှုတွေ စွန့်ပစ်ဖို့ တောင်းဆိုခြင်းဟာ အဲဒီ ထင်မှတ်မှားမှုတွေ လိုအပ်နေတဲ့ အခြေအနေကို စွန့်ပစ်လိုက်ဖို့ တောင်းဆိုခြင်း ဖြစ်တယ်။ ဒါ့ကြောင့် ဘာသာရေးကို ဝေဖန်ခြင်းဟာ ဘာသာရေးသည်သာ ခိုကိုးရာ ဖြစ်နေတဲ့ မျက်ရည် လောကကို ကနဦးအဆင့် ဝေဖန်လိုက်ခြင်း ဖြစ်တယ်။" (From Marx's Introduction to a Critique of Hegel's Philosophy of Right, December 1843-January 1844)

ကွန်မြူနစ်တွေက လူတိုင်းကို ဘာသာမဲ့ဖြစ်ရမယ်လို့ တွန်းအားမပေးပါဘူး။ အဲဒါက ဘယ်လိုမှ မဖြစ်လာနိုင်လို့ပဲ။ လူတန်းစားလူ့အဖွဲ့အစည်းနဲ့ အရင်းရှင်စနစ်ကြောင့် ဖြစ်ပေါ်လာရတဲ့ ဒုက္ခဆင်းရဲတွေ၊ ကင်းကွာခြင်းတွေကို အဆုံးသတ်ဘို့ပဲ ကျနော်တို့ ရည်ရွယ်ပါတယ်။

ဘာသာရေးကို ဝေဖန်တိုက်ခိုက်ခြင်းဟာ ရုပ်ဝါဒအားလုံးရဲ့ ကကြီးရေးက အဆင့်ပဲလို့ လီနင် ပြောခဲ့တယ်။ ဒါပေမယ့် မာ့က်စ်ဝါဒက ကကြီးရေးက အဆင့်မှာပဲ ရပ်နေလို့ မရဘူး၊ တခြား အကြောင်းရာတွေ ရှိသေးကြောင်း လီနင်က အခုလို ရှင်းပြထားတယ် -

"ဘာသာရေးကို ဘယ်လို ဝေဖန်တိုက်ခိုက်ရမလဲ ဆိုတာ သိထားရမယ်၊ ဘာသာရေးကို ဝေဖန်တိုက်ခိုက်ရာမှာ ကိုးကွယ်ယုံကြည်မှုနဲ့ ဘာသာရေးတို့ရဲ့ ဇစ်မြစ်ကို လူထုကြား ရုပ်ဝါဒနည်းကျ ရှင်းပြနိုင်ရမယ်"။

"ဘာသာရေးကို ဝေဖန်တိုက်ခိုက်ရာမှာ ယေဘုယျဆန်ဆန် ဘောတရားရေး တရားဟောရုံလောက်နဲ့ မရနိုင်ဘူး။ ဒီအလုပ်ကို အဲလို တရားဟောရုံသက်သက်ပဲလို့ သတ္တချလိုက်လို့လဲ မဖြစ်ဘူး။ ဘာသာရေးကို ဝေဖန်တိုက်ခိုက်တဲ့အခါ ဘာသာရေးကို မွေးထုတ်ပေးလိုက်တဲ့ လူမှု အခြေခံ အကြောင်းတရားတွေ ဖယ်ရှားပစ်ရေး ဦးတည်လှုပ်ရှားတဲ့ လူတန်းစား တိုက်ပွဲ အခိုင်အမာ လက်တွေ့နဲ့ မဖြစ်မနေ ချိတ်ဆက်ထားရမယ်။"

အလုပ်သမားတွေ ဘာသာရေး ကိုင်းရှိုင်းတာဟာ မသိနားမလည်မှုကြောင့် မဟုတ်ဘဲ လူမှုအခြေအနေတွေ ကြောင့် ဖြစ်တယ်လို့ လီနင်က မီးမောင်းထိုးပြတယ်။ သွေးစုပ်ခြယ်လှယ်မှု၊ လူမှုဘဝ ဆိုးဝါးနိမ့်ကျမှုနဲ့ အထွေထွေ စီးပွားရေး မလုံခြုံမှုတွေက အလုပ်သမားထုကို ဖိစီးနှိပ်စက်နေသရွေ့ သူတို့ရဲ့ ကိုးကွယ်ယုံကြည်မှုတွေ စွန့်လွှတ်ပစ်ဘို့ သဘောတရားရေးရာ ဆွေးနွေးမှုတွေနဲ့ နားချလို့ မရနိုင်ဘူး။

"ပုံစံအမျိုးမျိုးနဲ့ တည်ရှိနေသော အရင်းရဲ့ အုပ်စိုးမှုကို စည်းရုံးမှုရှိရှိ စနစ်တကျ ပြင်ဆင်ပြီး သိစိတ်ရှိရှိ တိုက်ပွဲဝင်မှသာ" ဘာသာရေးကို တိုက်ဖျက်နိုင်လိမ့်မယ်။

## ဘုရားကျောင်းတော်နဲ့ နိုင်ငံတော်ကို သီးခြားခွဲထုတ်ခြင်း

သူတို့ရဲ့ အုပ်စိုးမှုကို တရားထူထောင်ဖို့ အရင်းရှင်လူတန်းစားက ဘာသာရေးကို ခုတုံးလုပ်တတ်ကြောင်း ဖွင့်ချ

ရေးဟာလဲ အရင်းရှင် လူတန်းစား ဆန့်ကျင်ရေး တိုက်ပွဲရဲ့ အစိတ်အပိုင်းတခုပဲ။

"ခေတ်သစ် ဘာသာရေးတွေ၊ ဘုရားကျောင်းတွေနဲ့ သာသနိက အဖွဲ့အစည်းအားလုံးကို ဘူဇွာ ဖောက်ပြန်ရေး ကိရိယာတွေလို့ မာ့က်စ်ဝါဒက သဘောထားတယ်၊ ဒီကိရိယာတွေဟာ သွေးစုပ်ခြယ်လှယ်မှုကို ဖုံးဖိကာကွယ်ပေးပြီး အလုပ်သမား လူတန်းစားကို တွေဝေအောင်လုပ်ဖို့ အသုံးဝင်တယ်"လို့ လီနင် ပြောခဲ့တယ်။

လူထု ခံစားနေရတဲ့ အရင်းရှင်စနစ်ရဲ့ နာဖျားမှုတွေကို ချေးသိပ်ဘို့ နောက်ဘဝရှိတယ် ဆိုပြီး အာမဘဏ္ဍေ ခံတတ်ကြတယ်။

သူဆင်းရဲတွေကို ငရဲနဲ့ခြောက်ပြီး ထိန်းသိမ်းကွပ်ညှပ်ထားသလို ဒီဘဝမှာ အပြစ်ပေးမခံရဘဲ လွတ်မြောက်သွားပုံရတဲ့ ဝိသမ လောဘသား လူချမ်းသာတွေဟာ နောက်ဆုံးမတော့ ဘုန်းတော်အနန္တ ဉာဏ်တော်အနန္တနဲ့ ပြည့်စုံတဲ့ ဘုရားသခင်ရဲ့ ထာဝရ အပြစ်ပေးခြင်းကို ခံရမှာပဲလို့ သူဆင်းရဲတွေကို မျှော်လင့်ချက် ပေးထားနိုင်သေးတယ်။

သူဆင်းရဲတွေ ဒီကမ္ဘာပေါ် ရှင်သန်စဉ် စိတ်ရှည်ရှည်ထားပြီး ကျိုးနွံနာခံတတ်အောင် ဘာသာရေးက သင်ကြားလေ့ရှိကြောင်း 'ဆိုရှယ်လစ်ဝါဒနဲ့ ဘာသာရေး' ဆိုတဲ့ လက်ကမ်းစာစောင်မှာ လီနင်က ထောက်ပြတယ်။ ကမ္ဘာကြီးက ဒုက္ခဆင်းရဲတွင်းကြီး ဖြစ်နေဦးတော့ ကွယ်လွန်သွားတဲ့အခါ သွေးစုပ်ခံ၊ အဖိနှိပ်ခံတွေ ကောင်းကင်ဘုံမှာ နေရာတခုတော့ ရနိုင်သေးတာပဲလို့ ဘာသာရေးက သင်ကြားပေးတယ်။

တချိန်တည်းမှာပဲ အရင်းရှင် လူတန်းစားအနေနဲ့ ကောင်းကင်ဘုံ တံခါးဝကို ဝင်ခွင့်ရဘို့ အလှူဒါနပြုဘို့သာ လိုအပ်တယ်၊ ဒါဟာ သွေးစုပ်ခြယ်လှယ်သူအဖြစ် တည်ရှိနေတဲ့ သူတို့ဘဝကို တရားထူထောင်ပြဖို့ ဈေးပေါပေါနဲ့ ဝယ်ရနိုင်တဲ့ နည်းလမ်းတခုပဲ။

ဘာသာရေးက ပုဂ္ဂလ ကိစ္စသာ ဖြစ်တယ်လို့ လီနင် ပြောခဲ့တယ်။ လီနင်နဲ့ ဘော်ရှီဗစ်တွေက ဘုရားကျောင်းနဲ့ နိုင်ငံတော်ကို သီးခြားစီ ခွဲထုတ်ရမယ် ဆိုတဲ့ သဘောထား အတိုင်း ရပ်တည်ခဲ့တယ်။

လူထုကို ဘာသာရေးဆိုင်ရာ ဝါဒဖြန့်ချိမှုတွေ အတင်းအကျပ် မလုပ်ရဘူး။ သမ္မာကျမ်းစာ သို့မဟုတ် အခြား ဘာသာရေး စာပေတွေကို ပကတိ အမှန်တရားတွေအဖြစ် ကျောင်းတွေမှာ မသင်ရဘူး။ ဘာသာရေး အဖွဲ့အစည်းတွေနဲ့ အစိုးရ အာဏာပိုင်တွေကြား အဆက်အစပ် မရှိရဘူး။ ဘာသာရေးဆိုင်ရာ ကိုယ်ကျင့်သီလတွေကို တရားဥပဒေအဖြစ် ပြဌာန်းခြင်း မပြုရဘူး။ နိုင်ငံတော်က ဘာသာရေး အသင်းအဖွဲ့တွေကို ဘဏ္ဍာငွေ အထောက်အပံ့ အပါအဝင် မည်သို့သော အထောက်အပံ့ကိုမှ ပေးလို့မရဘူး။

တချိန်တည်းမှာပဲ ဘာသာရေးကို ဖျက်သိမ်းရမယ်လို့ မဆိုလိုကြောင်း လီနင်က ရှင်းရှင်းလင်းလင်း ပြောခဲ့တယ်။ လူတိုင်းက သူတို့ ဆန္ဒရှိသလို ယုံကြည်ကိုးကွယ်ဘို့ အခွင့်အရေး ရှိတယ်၊ နိုင်ငံသားတွေကို ဘာသာရေးအရ ခွဲခြားဆက်ဆံတာမျိုး လုံးဝ လက်မခံနိုင်ဘူးဘို့ လီနင် ပြောခဲ့တယ်။

အာဏာရလာတဲ့အခါ ကွန်မြူနစ်တွေက ဘာသာရေး ကိုင်းရှိုင်းသူတွေကို ဘာသာရေး ပွဲတော်နဲ့ ဓလေ့ထုံးတမ်းတွေ ပြုလုပ်ခွင့် ပိတ်ပင်တားမြစ်တာမျိုး လုပ်မှာ မဟုတ်ဘူး။ ဒါပေမယ့် ဘာသာရေး ထုံးတမ်းတွေ ဆက်လက်ကျင့်သုံးမယ်ဆိုရင် သူတို့ရဲ့ ကိုယ်ပိုင်ငွေကိုပဲ အသုံးပြုရလိမ့်မယ်။

## ဘာသာရေးနဲ့ ပါတီ

နိုင်ငံတော်အနေနဲ့ ဘာသာရေးက ပုဂ္ဂလ ကိစ္စ ဖြစ်ပါတယ်။ ဒါပေမယ့် ပါတီအနေနဲ့ကြည့်ရင် ဘာသာရေးက ပုဂ္ဂလ ကိစ္စ မဟုတ်ဘူး။

တော်လှန်ရေး ပါတီဆိုတာ အလုပ်သမား လူတန်းစား လွတ်မြောက်ရေး တိုက်ပွဲဝင်ဖို့ တည်ဆောက်ထားတဲ့ လူတန်းစား အသိစိတ် စူးရှသော ရှေ့တန်းရောက် ဖိုက်တာများရဲ့ အဖွဲ့အစည်း ဖြစ်တယ်။

ကွန်မြူနစ်တွေအတွက် သဘောတရားရေး တိုက်ပွဲက ပုဂ္ဂလိက ကိစ္စ မဟုတ်ဘူး၊ လူတန်းစား တိုက်ပွဲရဲ့ အရေးကြီး အစိတ်အပိုင်း ဖြစ်တယ်။ အလုပ်သမား လူတန်းစားထဲက အမြော်အမြင် အကြီးဆုံး အလွှာတွေကို ကိုယ်စားပြုထားတဲ့ ပါတီက သဘောတရားရေး တိုက်ပွဲကို ပါတီတွင်း ပါတီပမှာ ပြတ်ပြတ်သားသားနဲ့ မဆုတ်မနစ် ဆင်နွှဲရပါတယ်။

တော်လှန်ရေး ပါတီရဲ့ ပရိုဂရမ်ကို သိပ္ပံနည်းကျ ရုပ်ဝါဒ လောကအမြင်ပေါ် လုံးဝဥသုံ အခြေခံထားရမယ်။ လူတန်းစား လူ့အဖွဲ့အစည်းကို အောင်အောင်မြင်မြင် တိုက်ပွဲဝင်နိုင်ဘို့ စစ်မှန်တဲ့ သမိုင်းဆိုင်ရာ နိယာမတွေ၊ ပကတိဘာဝ ဖြစ်စဉ်တွေကို လေ့လာဆန်းစစ်ပြီး နားလည်ထားဖို့ လိုပါတယ်။

ကျနော်တို့ပါတီက ဘာသာမဲ့ အယူအဆတွေကိုပဲ ဝါဒဖြန့်ပါတယ်။ ဒါပေမယ့် တချိန်တည်းမှာပဲ နိုင်ငံရေးဆိုင်ရာ ပညာပေးရေး တခုတည်းနဲ့ ဘာသာရေးကို တိုက်ဖျက်ဘို့ လုံလောက်ပြီလို့ ထင်မှတ်မှားခြင်းမျိုး ကျနော်တို့မှာ တစိုးတစိမှ မရှိပါဘူး။

ဒ့ါကြောင့် ဘာသာမဲ့ဖြစ်မှ ဘော်ရှီဗစ် ပါတီဝင် ဖြစ်ရမယ်လို့ သတ်မှတ်မထားပါဘူး။

ဘုန်းတော်ကြီး တပါး ဖြစ်ဦးတော့ ပါတီရဲ့ ပရိုဂရမ်ကို မဆန့်ကျင်ဘဲ နိုင်ငံရေး အလုပ်ကို လုပ်ဆောင်ရင်၊ ပါတီတာဝန်တွေကို သိစိတ်ရှိရှိ ထမ်းဆောင်ရင် ပါတီဝင် တယောက် ဖြစ်နိုင်တယ်လို့ လီနင်က ဥပမာပေး ပြောခဲ့ဖူးတယ်။ ပါတီ ပရိုဂရမ်ရဲ့ မူတွေနဲ့ ဘုန်းတော်ကြီးရဲ့ ကိုယ်ပိုင် ဘာသာရေး ယုံကြည်ချက်တို့ကြား ဝိရောဓိဖြစ်ခြင်းဟာ သူတယောက်တည်းရဲ့ ပုဂ္ဂလ အရေးသာ ဖြစ်တယ်။

သို့သော် ဘုန်းတော်ကြီးက ပါတီထဲမှာ ဘာသာရေး ဝါဒဖြန့်တာတွေ လုပ်လာခဲ့ရင်တော့ သူ့ကို ပါတီက ထုတ်ပစ်ရလိမ့်မယ်။

ဘာသာရေးရဲ့ အလွှမ်းမိုးခံတွေ ဖြစ်နေပါစေ၊ အရင်းရှင်စနစ်ကို တိုက်ဖျက်ချင်တဲ့ အလုပ်သမားတွေကို စည်းရုံး၊ စုစည်းရမယ်လို့ လီနင် ပြောခဲ့တယ်။

အဲဒီလို အဖွဲ့ဝင်တွေ မာ့(က်စ်)ဝါဒရဲ့ ရုပ်ဝါဒ အဘိဓမ္မာကို နားလည် လက်ခံလာအောင် ရည်ရွယ်ပြီး ကွန်မြူနစ် ပရိုဂရမ်ရဲ့ အနှစ်သာရကို ပညာပေးသင့်တယ်။

တချိန်တည်းမှာပဲ ပါတီအနေနဲ့ ပါတီဝင်ထုကြား ရုပ်ဝါဒ ဆန့်ကျင်ရေး လုပ်လာရင် လွှတ်ထားလို့ မရဘူး။

ဆက်ရန် -

မြန်မာပြန်သူ - တင်မောင်

Source: Lotta Angantyr's "Communism, Lenin, and religion: For a paradise in this world!"




# မဇ္ဈိမရဲ့ သတင်းစာ အရည်အသွေးကို အကဲခတ်ခြင်း

ဒီဇင်ဘာ ၃၁ ရက်နေ့က မဇ္ဈိမ ပေ့ဂ်ျမှာ တက်လာတဲ့ သတင်း တပုဒ်ကို ဖတ်ရတယ်။ “တရုတ်လူငယ်များ အစိုးရအလုပ် လျှောက်ထားမှု မြင့်တက်နေပြီး ‘သံထမင်းအုပ်’ ခေတ်စနစ်ဆီ ဦးလှည့်နေ” လို့ ခေါင်းစဉ်တပ်ထား တယ်။

ခေါင်းစဉ်မှာကို အဓိပ္ပါယ်က မရှင်းမလင်း ဖြစ်နေလို့ မူရင်း Renters သတင်းဌာနရဲ့ ဝက်(ဘ်)ဆိုက်(ထ်)ကို ဝင်ကြည့်ရတယ်။ ဒီနေရာမှာလဲ တခု ပြောစရာ ရှိတယ်။

မဇ္ဈိမက ရိုက်တာ(စ်) သတင်းဌာနက ဘယ်သူ့ဆောင်းပါးကို ဘာသာပြန်ထားကြောင်း ဖော်ပြမထားဘူး။ သတင်း ခေါင်းစီးဖော်ပြပြီး ပုံထည့်တယ်၊ အဲဒီအောက် ဒေါင့်လေးမှာတော့ Reuters လို့ ရေးထားပါရဲ့။ ဒါပေမယ့် မူရင်းသတင်းခေါင်းစဉ်နဲ့ ရေးသားသူက ပါမလာဘူး။ အနည်းဆုံးတော့ Reuters သတင်းဌာနမှာ ဘယ်နေ့ ဘယ်ရက်က ဖော်ပြထားတဲ့ သတင်းဆောင်းပါးကို ဘာသာပြန်ထားပါတယ် ဆိုတာလောက်တော့ ဖော်ပြဖို့ တာဝန်ရှိတယ်။

## မူရင်း သတင်းခေါင်းစဉ်နဲ့ အဓိပ္ပါယ်ကွဲလွဲ

မူရင်း သတင်းခေါင်းစဉ်က “Chinese youth flock to civil service, but slow economy puts ‘iron rice bowl’ jobs at risk” ဖြစ်ပါတယ်။ ဒါကို မဇ္ဈိမက “တရုတ်လူငယ်များ အစိုးရအလုပ် လျှောက်ထားမှု မြင့်တက်နေပြီး ‘ သံထမင်းအုပ်’ခေတ်စနစ်ဆီ ဦးလှည့်နေ” လို့ ဘာသာပြန်ပါတယ်။

ဒီစာကြောင်းမှာ ဝါကျတို နှစ်ပိုင်း ပါတယ်။ “တရုတ်လူငယ်များ အစိုးရအလုပ် လျှောက်ထားမှု မြင့်တက်နေပြီး” ဆိုတဲ့ အပိုင်းက မမှားပါဘူး။ ဒုတိယပိုင်းကတော့ တက်တက်စင်အောင် လွဲပါတယ်။ “but slow economy puts ‘iron rice bowl’ jobs at risk” ဆိုတာနဲ့ ‘သံထမင်းအုပ်’ခေတ်စနစ်ဆီ ဦးလှည့်နေ” ဆိုတာ ဘာမှ မဆိုင်ပါဘူး။ လုံးလုံး မှားပါတယ်။ ဒါထက် ပိုဆိုးတာက ရိုးရိုးသာသာ မသိလို့ မှားတာမျိုး မဖြစ်နိုင်ပါဘူး။ တမင် ရည်ရွယ်ချက်ရှိရှိနဲ့ အခုလို တလွဲ ပြန်ထည့်လိုက်ပုံပဲ။ ဒါ့ကြောင့် ဒီဝေဖန်ချက်

ဆောင်းပါးကို ရေးဖို့ ဖြစ်လာတာပါ။

အရင်ဆုံး ဘာမှားနေသလဲ ကြည့်ရအောင်။ မဇ္ဈိမ ဘာသာပြန်မှာ သုံးထားတဲ့ "သံထမင်းအုပ်" ဆိုတဲ့ အသုံးအနှုန်းမျိုး မြန်မာစကားမှာ (ကျနော် သိသလောက်) မတွေ့ဖူးပါဘူး။ ("iron rice bowl" ကို လုံးကောက် ယူထားပုံ ရပါတယ်။) သံထမင်းအုပ် ဆိုတဲ့ အသုံး မရှိပေမယ့် တရုတ်တွေ သုံးတဲ့ "iron rice bowl" အနက်မျိုးနဲ့ မြန်မာတွေလဲ ပြောလေ့ပြောထ ရှိပါတယ်။

မြန်မာတွေ ဘယ်လိုမျိုး ပြောလေ့ရှိသလဲ။ ကျေးလက်က တောင်သူ လယ်သမား မိသားစုတွေကစလို့ မြို့ပြက အလယ်အလတ် အလွှာက မိသားစုတွေအထိ ပြောလေ့ပြောထ ရှိတဲ့ စကားတခွန်းပါပဲ။

ဥပမာ၊ ကျေးလက် လယ်သမား မိဘနှစ်ပါးက ဆယ်တန်းအောင် ဘွဲ့ရ သားသမီးတွေကို အခုလို ပြောလေ့ရှိတယ် - "ငါ့သား/ငါ့သမီးရယ် ကျောင်းဆရာ/မ ဝင်လုပ်စမ်းပါ။ အစိုးရဝန်ထမ်း ဆိုတော့ လစာလဲ ပုံမှန် ရမယ်၊ စနေ တနင်္ဂနွေ ပုံမှန် ရုံးပိတ်ရက်လဲ ရှိသလို အလုပ်တည်မြဲပြီး ဂုဏ်လဲ ရှိသကွဲ့။ မင်းတို့ အသက်အရွယ် ကြီးလာလို့ အလုပ် မလုပ်နိုင်တော့ရင်တောင် ပင်စင်လစာလေး အားကိုးစရာ ရှိသေးသကွဲ့"။

ဒါက နမူနာ ပြောတာပါ။ ကျန်တဲ့ နယ်ပယ်တွေဆိုလဲ ဒီသဘောပါပဲ။ အစိုးရ အလုပ်ဝင်ရင် လစာ နည်းရင်တောင် ရေရှည် အလုပ်တည်မြဲမှု၊ ပိတ်ရက်ခံစားခွင့်၊ ပင်စင်ခံစားခွင့်နဲ့ ဝန်ထမ်းအိမ်ရာ ရရှိမှု အပါအဝင် အခြေခံ လူမှုဖူလုံရေး ခံစားခွင့်တွေကြောင့် မြန်မာ မိဘတော်တော်များများက အစိုးရ အလုပ်ဝင်ဖို့ တိုက်တွန်းတတ်ကြတယ်။ ပညာရေး၊ ကျန်းမာရေး နယ်ပယ်ဆိုရင် အစိုးရ အလုပ်ဝင်မှ ဘွဲ့လွန် မဟာဒီဂရီ တက်ခွင့်ရတာမို့ ၃သိန်း မပြည့်တဲ့ လစာလေးနဲ့ ဗမာ ဆရာဝန်တွေ အစိုးရ အလုပ်ဝင်ခဲ့ကြတယ် မဟုတ်ပါလား။ ၂၀၂၁ စစ်အာဏာမသိမ်းခင် ကာလကို ပြောပါတယ်။

ဒီမှာလဲ လူအများရဲ့ စဉ်းစားတွေးခေါ်ပုံနဲ့ စိတ္တဗေဒကို အကဲခတ်ကြည့်လို့ ရပါတယ်။ တဆက်တည်း ရိုက်တာ(စ်) သတင်းဌာနက သုံးလိုက်တဲ့ "iron rice bowl" jobs အသုံးကိုလဲ နားလည်လို့ ရပါပြီ။ ဗမာတွေနဲ့ မစိမ်းတဲ့ အဓိပ္ပါယ်ပါပဲ။ ဗမာတွေ ပြောနေကျ "ဘဝ အာမခံချက် ရှိသော" အလုပ်မျိုးလို့ တင်စားလိုက်တာပါပဲ။

မဇ္ဈိမရဲ့ သတင်းခေါင်းစဉ် ဖတ်ကြည့်ရင်တော့ သံအုပ်နဲ့ ထမင်း ထည့်စားရတဲ့ ခေတ်စနစ်ကိုပဲ ပြန်ရောက်တော့မလိုလို ထင်ရလိမ့်မယ်။

စစ်အာဏာမသိမ်းခင်က ဗမာပြည်မှာ သာမန်လူအများ စဉ်းစားခဲ့ကြသလို တရုတ် လူငယ်တွေလဲ စဉ်းစားကြပုံ ရပါတယ်။ ဒါ့ကြောင့်လဲ ဘဝ အာမခံချက်ရှိတဲ့ အစိုးရ အလုပ်တွေကို တရုတ် လူငယ်တွေ ပြုံတိုးနေကြတာပဲ၊ ဒါပေမယ့် တရုတ် စီးပွားရေး ထိုင်းမှိုင်းမှုကြောင့် သူတို့ထင်သလို အစိုးရ အလုပ်တွေလဲ အာမခံချက် ရှိလှတာ မဟုတ်ဘူးလို့ ဆောင်းပါး ခေါင်းစဉ်က ဆိုလိုပါတယ်။

ဒီလောက်ပဲ ဆိုရင်တော့ မဇ္ဈိမ ဘာသာပြန်က ပေါ့ဆမှု အမှားလို့ လျှော့ပေါ့တွေးလို့ ရနိုင်ပါတယ်။ ဒါတောင် မမှားသင့်တဲ့ အမှားပါ။ ဆောင်းပါး အတွင်း တနေရာမှာ "iron rice bowl" ကို အဓိပ္ပါယ် ဖွင့်ပြလိုက်တဲ့အခါမှာတော့ တမင်ရည်ရွယ်ချက်ရှိရှိ လုပ်လိုက်တာပဲလို့ ကောက်ချက်ချစရာ ဖြစ်သွားပြီ။

မူရင်းမှာ -

"Layoffs are rare in China's civil service, earning it the "iron rice bowl" moniker, though individuals can be dismissed for disciplinary violations."

မဇ္ဈိမ ဘာသာပြန် -

"တရုတ် အစိုးရအလုပ်များတွင် စည်းမျဉ်းစည်းကမ်းချိုးဖောက်ခြင်းအတွက် ဝန်ထမ်းများကို အလုပ်ထုတ်နိုင်သော်လည်း လက်တွေ့ အလုပ်ထုတ်ပယ်ခြင်းက ရှားရှားပါး

ပါး ဖြစ်သည်။ ယင်းကြောင့် ယခင် "သံထမင်းအုပ်" (iron rice bowl) ဆိုသော ခေတ်စနစ်မှ အကျိုးအမြတ်များကို ခံစားရစေသည်။"

ဒီအပိုဒ် ဘာသာပြန်မှာလဲ ဆိုးဆိုးရွားရွား မမှားဘူး ဆိုပေမယ့် အတိအကျတော့ မမှန်ပါဘူး။ အင်္ဂလိပ် စာကြောင်းကို အနက်ကောက်ရင် နောက်ဆုံးက စယူရတယ်ဆိုတဲ့ ငယ်ငယ်က ဆုံးမသြဝါဒအတိုင်း လုပ်ထားပုံပဲ။ မဇ္ဈိမ ဘာသာပြန်အာဘော်အရဆို အစိုးရ အလုပ်မှာ ဝန်ထမ်းတွေ အလုပ် ဖြုတ်ခံရနိုင်ခွင့် နည်းပါးတာကိုပဲ အဆိုးမြင်ရမလိုလို။

တခုတော့ ကြားညှပ် ပြောစရာ ရှိတယ်။ public sector မှာ ဝန်ထမ်း များများခန့်တာ၊ အဲဒီ ဝန်ထမ်းတွေကို အလုပ်အာမခံချက် ပေးထားတာ၊ အစိုးရက ထောက်ပံ့ကြေးပေးပြီး ဝန်ထမ်းအိမ်ရာတွေ တည်ဆောက်ပေးတာ၊ ကျန်းမာရေး ပညာရေး အစရှိတဲ့ လူမှုဖူလုံရေး ခံစားခွင့်တွေ ပေးထားတာမျိုးကို ဘာသာပြန် ဖော်ပြတဲ့ မဇ္ဈိမ မီဒီယာကပဲ မနှစ်မြို့တာ မဟုတ်ပါဘူး။ မူရင်း ဖော်ပြတဲ့ ရိုက်တာ(စ်) သတင်းဌာန အပါအဝင် အရင်းရှင်စနစ် ဘက်တော်သား မီဒီယာအားလုံးက မနှစ်မြို့ပါဘူး။ ဒီအချက်ကို ရိုက်တာ(စ်)ရဲ့ မူရင်း ဆောင်းပါးမှာလဲ တွေ့ရပါလိမ့်မယ်။ ဒါပေမယ့် သူတို့ကတော့ မဇ္ဈိမလို ရုပ်မပေါက်အောင် ထိန်းရေးတာပေါ့လေ။

မဇ္ဈိမက ဘယ်လို ရုပ်ပေါက်သလဲ။ မူရင်း ဆောင်းပါးမှာ မပါတဲ့ စာပိုဒ် နှစ်ပိုဒ်ကို အခုလို ဖြည့်စွက်ထားတယ် -

"သံထမင်းအုပ်" (iron rice bowl) ဆိုသည်မှာ တရုတ် ဥပစာစကားတရပ်ဖြစ်ပြီး ကွန်မြူနစ်များ အာဏာရလာပြီးနောက် အားလုံးသော အလုပ်သမားနှင့် လယ်သမားများကို အစိုးရ ထိန်းချုပ်မှုအောက် ထားရှိခြင်း ဖြစ်သည်။

"တရုတ်က ဗဟိုချုပ်ကိုင် စီးပွားရေးမှ ဈေးကွက်စီးပွားရေးဆီ အသွင်ပြောင်းလိုက်ပြီးနောက် လက်ရှိတွင် ဖျက်သိမ်းလိုက်သည့် ယင်း စနစ်သည် အလုပ်အကိုင် ဘဝတသက်တာ အာမခံပေးသော စနစ်ပဲ ဖြစ်သည်။"

ဒီနှစ်ပိုဒ်က မူရင်း ဆောင်းပါးမှာ မပါပါဘူး။ ဒီနေရာမှာ မေးစရာ ရှိလာတာက မူရင်းမှာ မပါတဲ့ စာပိုဒ်တွေ ဘာ့ကြောင့် ဖြည့်စွက်သလဲ။ စာဖတ်သူ နားလည်လွယ်အောင် ဖြည့်စွက်ရှင်းလင်းချင်ရင် မှတ်ချက် ဒါမှမဟုတ် ဖြည့်စွက်ရှင်းလင်းချက်လို့ သီးခြား ဖော်ပြရပါတယ်။ မူရင်းမှာပဲ ပါသလိုလို ကိုယ့်အာဘော်တွေ* လျှောက်မထည့်ရပါဘူး။ ဒါက အခြေခံ ကျင့်ဝတ်စည်းကမ်းပါ။

တကယ်တော့ မဇ္ဈိမရဲ့ ကိုယ်ပိုင်အာဘော်တောင် ဟုတ်ပုံမရဘူး။ ဘီဘီစီက ဖော်ပြဖူးတဲ့ "iron rice bowl" ရှင်းလင်းချက်အပိုဒ်ကို လိုသလို ဆွဲထည့်လိုက်တာပါ။

(ဘီဘီစီမှာ ဖော်ပြဖူးတဲ့ လင့်ခ်ကို အောက်မှာ ထည့်ပေးထားပါတယ်)။

လိုသလို ဆွဲထည့်ထားတာလို့ ပြောရတဲ့ အကြောင်းက ဘီဘီစီမှာ definition အနေနဲ့ ပထမဆုံး ဖော်ပြထားတဲ့ အပိုဒ်က ဒီလို -

"The "iron rice bowl" is a Chinese idiom which referred to the now abolished system of guaranteed lifetime employment."

ဒီအပိုဒ်မှာ အဲသလို ဖွင့်ဆိုပြီးမှ ဘီဘီစီက ဒုပိုဒ်အနေနဲ့ အခုလို ဖော်ပြတယ် -

"After the Communists came to power, all workers and farmers were put under state control."

ဒီအပိုဒ်ကို ဘာသာပြန်ပြီး မဇ္ဈိမက ထိပ်ဆုံးမှာ ပို့လိုက်တယ်။ အဲတော့ ဘယ်လို နားလည်ရမလဲ။ "iron rice bowl" ဆိုတဲ့ အသုံးကို ဖွင့်ဆိုရှင်းပြချင်တာလား၊ ကြုံတုန်းလေး မဆီမဆိုင် ကွန်မြူနစ် ဆန့်ကျင်ရေး လုပ်ချင်တာလား ဆိုတာ ဘူးပေါ်သလို ပေါ်သွားပါတယ်။

ဒါ့ကြောင့် မဇ္ဈိမရဲ့ ဘာသာပြန် အမှားဟာ မသိလို့၊ ပေါ့ဆလို့ မှားသွားတာမျိုး မဟုတ်ဘဲ တရုတ်ကို ကွန်မြူနစ်လို့ တံဆိပ်ကပ်ထားတဲ့ အမြင်ကို အသုံးချပြီး ကွန်မြူနစ် ဆန့်ကျင်

ရေး လုပ်ချင်လို့ ဖြစ်ပေါ်လာတဲ့ အမှားပဲ။

ရယ်စရာ အမှားတခုကတော့ “Becoming a civil servant is the endpoint of the universe” ကို မဇ္ဈိမက “အစိုးရဝန်ထမ်း ဖြစ်ခြင်းက တက္ကသိုလ်ဘဝ အဆုံးသတ်” ဟူ၍ ဖြစ်သည်” ဆိုပြီး ပြန်ထည့်လိုက်တာပဲ။

ကိုင်း ဘယ့်နှယ် လုပ်ကြမလဲ။ အင်္ဂလိပ်ပိုင်း သတင်းတွေ ဖော်ပြနေတဲ့ မီဒီယာတခုက အဲသလို ကပျက်ကချော် လုပ်နေမှတော့ သတင်း အရည်အသွေး ဘာဖြစ်နေမလဲ။

အစိပ္ပါယ် လွဲသလို လေနဲ့ ဟန်ကလဲ ဘာသာပြန်သူတွေ ဂရုစိုက်ရမယ့် ကိစ္စပဲ။ “Becoming a civil servant is the endpoint of the universe” ဆိုတာ တရုတ် လူငယ်တွေကြား ခေတ်စားနေတဲ့ ဆိုရှယ် မီဒီယာပေါ်က မီး(မ်) တခု။ ဒါကို ဘာသာပြန်တော့ ရှေးခေတ် မြန်မာစာရေးဟန်နဲ့။ မြန်မာစာရေးဟန် ခေတ်နောက်ပြန်ဆွဲရာမှာ ဒီကနေ့ မြန်မာ သတင်း မီဒီယာ တော်တော်များများ တူကြတယ်။ မြန်မာနောင်း၊ ဧရာဝတီ၊ မဇ္ဈိမ စသဖြင့်။ “လူထု သတင်းစာ” ရှေ့ကသွားခဲ့တဲ့ လမ်းကို အခုထိ မလျှောက်ရဲကြသေးဘူး။

## သူတို့ ဖုံးပေမယ့် ပေါ်သွားတဲ့ အချက်

တရုတ်ကို ကွန်မြူနစ်လို့ ပုံဖော်ရင်း ကွန်မြူနစ် ဆန့်ကျင်ရေး အမြင်နဲ့ အခုလို အလွဲလွဲ အမှားမှားတွေ ဖော်ပြခဲ့ကြောင်း အထက်မှာ ဆိုခဲ့တယ်။ ဒါပေမယ့် တရုတ်မှာ ကျင့်သုံးနေတာ ကွန်မြူနစ်စနစ် မဟုတ်ဘူး၊ အရင်းရှင်စနစ်ဆိုတာ သူတို့ ရေးသားချက်ထဲမှာကို အကြိမ်ကြိမ် ပါနေပြီးသား။ နမူနာ တခု၊ နှစ်ခုပဲ ပြပါရစေ -

“တရုတ်က ဗဟိုချုပ်ကိုင် စီးပွားရေးမှ ဈေးကွက် စီးပွားရေးဆီ အသွင်ပြောင်းလိုက်ပြီးနောက်” (မဇ္ဈိမ)။

“But China’s transition from a centrally planned economy to a market economy has smashed the old guarantees.” (BBC)

“Youth unemployment rates, which fell slightly in recent months, remain elevated compared to pre-pandemic  gures as China’s economy struggles to recover amid a prolonged property sector crisis and frail consumption.” (Reuters)

လစ်ဘရယ်တွေရဲ့ အစိပ္ပါယ် ဖွင့်ဆိုချက်အရ ကွန်မြူနစ်စနစ်ဆိုတာ ဗဟိုချုပ်ကိုင်တဲ့ စီမံကိန်း စီးပွားရေးစနစ် ဖြစ်ပါတယ်။ အခု တရုတ်မှာ အဲဒီစနစ်ကနေ သူတို့အခေါ် “ဈေးကွက် စီးပွားရေး” ကို ပြောင်းသွားခဲ့ပြီလို့ သူတို့ကိုယ်တိုင် ရေးသားဖော်ပြခဲ့တယ်။ ဒ့ါအပြင် ဗဟိုချုပ်ကိုင်တဲ့ စီမံကိန်း စီးပွားရေးစနစ်မှာ ရရှိခဲ့တဲ့ ဘဝ အာမခံချက်တွေ ပျက်သုဉ်းသွားပြီလို့လဲ ဆိုထားတယ်။ ဒါဆိုရင် တရုတ်မှာ အကျပ်အတည်း ဖြစ်နေတာ အရင်းရှင်စနစ်လား၊ ကွန်မြူနစ်စနစ်လား သဲကွဲမယ် ထင်ပါတယ်။

အခုလို အရင်းရှင်စနစ် အကျပ်ဆိုက်နေလို့ လူငယ်ထုကြား အလုပ်လက်မဲ့နှုန်း အရမ်းမြင့်တက်လာပြီး ရေရှည် အလုပ်အာမခံချက် ရှိမယ်လို့ သူတို့ ထင်ထားတဲ့ “iron rice bowl” အလုပ်တွေဆီ ပြုံတိုးနေကြတာပဲ။ အစိုးရ ဝန်ထမ်းတွေ လစာ နပ်မမှန်တာလဲ သူတို့ သိတယ်။

ဒါဖြင့် သူတို့ရဲ့ “ဈေးကွက် စီးပွားရေး” (အရင်းရှင်စနစ်) ဆိုတာက သူတို့ ဝါဒဖြန့်သလို “efficient” ဖြစ်ရဲ့လား။ ပုဂ္ဂလိက အရင်းရှင်စနစ်က လူတွေကို “incentivize” လုပ်နိုင်တယ်ဆိုတာ ဟုတ်သေးရဲ့လား။ ကြောင်ဖြူဖြူ မဲမဲ ကြွက်ခုတ်တတ်ဖို့ အရေးကြီးပါတယ် ဆိုပေမယ့် တကယ့် လက်တွေ့မှာ အရင်းရှင်စနစ်က လူတွေရဲ့ အခြေခံ စားဝတ်နေရေး ဖူလုံအောင် လုပ်မပေးနိုင်လို့ သန်းနဲ့ချီတဲ့ လူငယ်တွေ အခုလို အလုပ်လက်မဲ့ ဖြစ်နေရတာပဲ။ ဒါဟာ အရင်းရှင်စနစ်ရဲ့ failure ပဲ။

မပေါ်ဖူးသေးတဲ့ ကွန်မြူနစ်စနစ်ကြီး failed သွားပြီလို့ အရင်းရှင် မီဒီယာတွေက ထပ်တလဲလဲ အော်ကြတယ်။ တကယ့် လက်တွေ့မှာ အကြိမ်ကြိမ် failed နေတဲ့ အရင်းရှင်စနစ်

အကြောင်းကိုတော့ သူတို့ ဖုံးဖိပေးကြပါတယ်။ ဒါပေမယ့် ပုံပြင်ထဲက ရှင်ဘုရင်ကြီးလို ဝတ်လစ်စလစ် ဖြစ်နေတာကို ကျနော်တို့ ကွန်မြူနစ်တွေက မှန်တဲ့ အတိုင်း ထုတ်ပြောရလိမ့်မယ်။


ခင်နှူး

ရည်ညွှန်းကိုးကား။ ။


https://bur.mizzima.com/2024/12/31/42881

https://www.reuters.com/world/china/chinese-youth- ock-civil-service-slow-economy-puts-iron-rice-bowl-jobs-risk-2024-12-30/

http://news.bbc.co.uk/2/shared/spl/hi/in_depth/china_politics/key_people_events/html/4.stm



# ဒိုင်ယာလက်တစ် ရုပ်ဝါဒမိတ်ဆက်

### အဘိဓမ္မာတရပ် ရှိဖို့ လိုအပ်သလား

သိပ္ပံနည်းကျ ဆိုရှယ်လစ်စနစ် (ခေါ်) မာ့က်စ်ဝါဒတွင် ကဏ္ဍ(၃)ရပ် ပါဝင်သည်။ ဒိုင်ယာလက်တစ် ရုပ်ဝါဒ၊ သမိုင်းဆိုင်ရာ ရုပ်ဝါဒ နှင့် မာ့က်စ် ဘောဂဗေဒတို့ ဖြစ်ကြသည်။ မာ့က်စ်ဝါဒ၏ တွေးခေါ်ရှုမြင်နည်းကို ရှင်းရှင်းလင်းလင်း သဘောပေါက်အောင် ဒိုင်ယာလက်တစ်ရုပ်ဝါဒဖြင့် အစပြုကြရပါသည်။

မာ့က်စ်ဝါဒ အဘိဓမ္မာနှင့် အကျွမ်းတဝင် မရှိသေးသူများအတွက် ‘ဒိုင်ယာလက်တစ် ရုပ်ဝါဒ’ဆိုင်ရာ အာဘော်များသည် ရှုပ်ထွေးပြီး ခက်ခဲသည် ထင်ရသည်။ သို့သော် ရှုမြင်နည်း အသစ်တခုဖြစ်သော မာ့(က်စ်)ဝါဒကို အချိန်ယူလေ့လာလိုက်ပါက တော်လှန်သော လောကအမြင်တခုကို တွေ့ရှိသွားလိမ့်မည်။ ထိုအခါ ကျွန်ုပ်တို့ ရှင်သန်နေထိုင်ရာ ကမ္ဘာကြီးထဲက ရှုပ်ထွေးခက်ခဲသော ကိစ္စရပ်များကို ထိုးထွင်း နားလည်နိုင်လိမ့်မည်။ မာ့က်စ်ဝါဒကို နားလည် သဘောပေါက်နိုင်ရန် ဒိုင်ယာလက်တစ် ရုပ်ဝါဒကို ဖမ်းဆုပ်မိဖို့ မဖြစ်မနေ လိုအပ်သည်။ ဒိုင်ယာလက်တစ် ရုပ်ဝါဒ

သည် မာ့က်စ်ဝါဒ၏ အဘိဓမ္မာဖြစ်သလို သိပ္ပံနည်းကျပြီး ကျယ်ပြန့်သော လောကအမြင် တရပ်ကို ပေးသည်။ ဒိုင်ယာလက်တစ် ရုပ်ဝါဒသည် မာ့က်စ်ဝါဒ သဘောတရားတရပ်လုံး အခြေတည်ထားရာ အဘိဓမ္မာ အုတ်မြစ် ဖြစ်သည်၊ (တွေးခေါ် ရှုမြင်နည်း ဖြစ်သည်)။

‘ဒိုင်ယာလက်တစ် ဆိုသည်မှာ ကျွန်ုပ်တို့၏ အကောင်းဆုံး လုပ်ငန်းသုံး ကိရိယာဖြစ်ပြီး အထက်မြက်ဆုံးလက်နက်’ဟု အန်းဂယ်က ဆိုပါသည်။ ကျွန်ုပ်တို့ အဖို့မှာလည်း ဒိုင်ယာလက်တစ်သည် အလုပ်သမား လှုပ်ရှားမှုအတွင်း ပါဝင်ဆောင်ရွက်ရာ၌ အလုပ် လမ်းညွှန်တခု ဖြစ်ပေသည်။ ဒိုင်ယာလက်တစ်သည် ဝရုန်းသုန်းကား ဖြစ်ရပ်များထဲ မျက်စိလည် မသွားအောင် ကူညီပေးသည့် သံလိုက်အိမ်မြှောင် တခု (သို့မဟုတ်) လမ်းပြ မြေပုံတချပ်နှင့်

တူသည်။ ထို့ပြင် ကမ္ဘာလောကကို ပုံဖော်ပေးနေသည့် အကြောင်းရင်း ဖြစ်စဉ်များကို နားလည်သဘောပေါက်နိုင်အောင် ကျွန်ုပ်တို့ကို ကူညီပေးသည်။

လက်ခံချင်သည်ဖြစ်စေ၊ လက်မခံချင်သည်ဖြစ်စေ လူတိုင်းတွင် အဘိဓမ္မာ တရပ်ရပ် ရှိကြသည်ချည်းသာ။ သိစိတ်ရှိရှိ ကိုင်စွဲထားခြင်းနှင့် မသိလိုက်ဘဲ လွှမ်းမိုးခံထားရခြင်းတို့သာ ကွာမည်။

အဘိဓမ္မာဆိုသည်မှာ တခြားမဟုတ်။ လောကကို ရှုမြင်ပုံ ရှုမြင်နည်းပင် ဖြစ်သည်။ အရင်းရှင် စနစ်အောက်မှာ သိပ္ပံနည်းကျ ကိုယ်ပိုင် အဘိဓမ္မာ တရပ်သာ မရှိဘူးဆိုလျှင် ကျွန်ုပ်တို့ ကျင်လည်နေသည့် လူ့အဖွဲ့အစည်းထဲက အဂတိတရားများနှင့် အုပ်စိုးသူ လူတန်းစား၏ အဘိဓမ္မာတို့ကို သေချာပေါက် လက်ခံမိလျက်သား ဖြစ်နေလိမ့်မည်။

အပြောင်းအလဲကို ဖော်ဆောင်ဖို့ ကြိုးစားပေမယ့် အရာမထင် ဖြစ်သွားသည့်အခါ၊ ကြုံလာသမျှ အဆိုးအကောင်း ခါးစီးခံရမှာပဲဟု နှလုံးသွင်းလက်ခံဖို့ လိုအပ်လာသည့်အခါ “ဒီအခြေအနေတွေ ဘယ်တော့မှ ပြောင်းလဲမှာ မဟုတ်ပါဘူး” ဟု ထပ်တလဲလဲ ညည်းညူတတ်ကြသည်။ အလားတူ တခြားစကားပုံတွေလည်း ရှိသေးသည်။ ‘ကောင်းကင်နှင့် မြေကြီးကြား မဖြစ်ဖူးသေးသည့် အရာရယ်လို့ မရှိ’ ၊ ‘သမိုင်းသည် တပတ်လည်စမြဲ’ စသဖြင့်။ ၎င်းတို့တွင် ရှေးရိုးစွဲအမြင်နှင့် ရှုမြင်ပုံချင်းကား အတူတူပင်။ လူသားတို့၏ အသိစိတ်အပေါ် ထိုအယူအဆများ၏ ဩဇာသက်ရောက်မှု အလွန်တရာကြီးမားကြောင်း မာ့(က်စ်) ရှင်းပြခဲ့ဖူးသည်။

တက်သစ်စ ဘူဇွာ လူတန်းစားက ပဒေသရာဇ် လူ့အဖွဲ့အစည်းကို တော်လှန်ရာတွင် ပဒေသရာဇ် မင်းမျိုးစိုးနွယ်များ၏ ရှေးရိုးစွဲ အတွေးအခေါ်များကို တိုက်ခိုက်ခဲ့ရသည့် နည်းတူ အလုပ်သမား လူတန်းစားသည်လည်း လူ့အဖွဲ့အစည်း သစ်တရပ် ထူထောင်ရေး တိုက်ပွဲတွင် ကြီးစိုးနေသော ဖိနှိပ်သူ အရင်းရှင် လူတန်းစား၏ လောကအမြင်ကို ရင်ဆိုင်တိုက်ပွဲဝင်ဖို့ လိုအပ်သည်။ အားလုံးသိရှိပြီး ဖြစ်သည့်အတိုင်း အုပ်စိုးသူ လူတန်းစားသည် သတင်းမီဒီယာ၊ စာနယ်ဇင်း၊ စာသင်ကျောင်း၊ တက္ကသိုလ်နှင့် အတွေးအမြင် ဖော်ထုတ်ရာနေရာများကို လက်ဝါးကြီးအုပ် ချုပ်ကိုင်ထားနိုင်သည်။ ထိုသို့ ချုပ်ကိုင်ပြီး သွေးစုပ်ခြယ်လှယ်သော စနစ်ကြီးကို ‘သဘာဝအကျဆုံး လူ့အဖွဲ့အစည်း’ဟု ရည်ရွယ်ချက်ရှိရှိ တရားထူထောင်ပြကြသည်။ အရင်းရှင်စနစ်ကို တည်မြဲအောင် ထိန်းသိမ်းဖို့ရာ “လက်နက်ကိုင် အင်အားစုများ” ပါဝင်သည့် နိုင်ငံတော် ဆိုသော ဖိနှိပ်ရေး ယန္တယားရှိရုံမျှနှင့် မလုံလောက်ပေ။ ဘူဇွာ လူ့အဖွဲ့အစည်းတွင် ကြီးစိုးနေသော အတွေးအခေါ်များနှင့် ထုံးတမ်းကျင့်ဝတ်များသည် အုပ်စိုးသူ လူတန်းစား၏ အကျိုးစီးပွားကို ကာကွယ်ပေးသည့်နေရာတွင် အသက်တမျှ အရေးပါသည်။ ထိုသို့ အင်အားကောင်းသည့် အတွေးအမြင်စနစ်များသာ မရှိခဲ့လျှင် အရင်းရှင်စနစ်သည် ရေရှည် တည်မြဲနေနိုင်မည် မဟုတ်ချေ။

“တရားဝင် လစ်ဘရယ် သိပ္ပံပညာရပ် အားလုံးသည် လုပ်ခစား ကျွန်စနစ်ကို တနည်းမဟုတ် တနည်း ကာကွယ်ပေးကြသည်... လုပ်ခစား ကျွန်စနစ် လူ့အဖွဲ့အစည်းအတွင်း သိပ္ပံပညာရပ်ကို သမာသတမတ်ကျဖို့ မျှော်လင့်နေခြင်းသည် ‘အရင်းရှင်ဘက်က အမြတ်ကို လျှော့ယူပြီး အလုပ်သမားတွေကို လုပ်အားခ တိုးမပေးသင့်ဘူးလား’ ဆိုသည့် မေးခွန်းနှင့် စပ်လျဉ်း၍ လုပ်ငန်းရှင်များဘက်က သမာသမတ်ကျမှုကို မျှော်လင့်နေခြင်းကဲ့သို့ ရိုးအ မိုက်မဲရာရောက်သည်”ဟု လီနင်က ဆိုသည်။

လူအများတရားဝင် လက်ခံထားကြသည့် ဘူဇွာ အယူဝါဒများက မာ့(က်စ်)ဝါဒသည် အရင်းရှင်စနစ်ကို မြေမြှုပ်ပစ်မည့် အန္တရာယ်တရပ်ဟု ဟုတ်တိုင်းမှန်စွာ သိမြင်ကြသည့်အတွက် မာ့(က်စ်)ဝါဒကို တရစပ် ထိုးနှက် တိုက်ခိုက်ကြသည်။ မာ့က်စ်ဝါဒအပေါ် အယုံအကြည် ကင်းမဲ့သွားအောင် ဘူဇွာကျမ်းပြု ဆရာများ၊ ပညာရှင်ကြီးများက အလုံးအရင်းနှင့် ဝါဒမှိုင်းတိုက်ကြသည်။ အထူးသဖြင့် ဒိုင်ယာလက်တစ်ကို ပုံဖျက်ပစ်ဖို့ အထူးကြိုးပမ်းကြသည်။ ဤသည်မှာ ဘာလင်တံတိုင်း ပြိုကျအပြီး မာ့က်စ်ဝါဒ၊ ကွန်မြူနစ်စနစ်၊ တော်လှန်ရေး စသည်တို့အပေါ် ဝါဒရေးရာအရ ရက်စက်ကြမ်းကြုတ်စွာ ထိုးနှက်တိုက်ခိုက်လာစဉ်ကတည်းက ဖြစ်လာခဲ့သည့် ကိစ္စကြီးပင်။ ‘မာ့က်စ်ဝါဒ ကျဆုံးသွားပြီ’ဟု ဂါထာရွတ်သည့်ပမာ အကြိမ်ကြိမ် ကြွေးကြော်ကြသည်။ သို့သော် မာ့က်စ်ဝါဒကား အနှီ ပယောဂဆရာများ၏ ရှေ့မှောက်တွင် အညံ့မခံ၊ ငြင်းဆန်ဆဲ။ မာ့က်စ်ဝါဒသည် အလုပ်သမား လူတန်းစား

၏ လူ့အဖွဲ့အစည်းကို ပြောင်းလဲပစ်လိုသော မသိစိတ်ကို ထင်ဟပ်ပြနေသည်။ မာ့(က်စ်)ဝါဒ၏ ကမ္ဘာသည် ပစ္စည်းမဲ့ လူတန်းစား၏ ကမ္ဘာနှင့် ချည်နှောင်ထားပြီး ဖြစ်သည်။

အရင်းရှင်စနစ် ဘက်တော်သားများနှင့် အလုပ်သမား လှုပ်ရှားမှုအတွင်းက ၎င်းတို့၏ လက်ပါးစေများက သူတို့စနစ်သည် လောကဓမ္မတာအတိုင်း ဖြစ်သည့် လူ့အဖွဲ့အစည်း ပုံစံဖြစ်ပြီး ရှေ့လျှောက်လည်း ထိုအတိုင်းသာ ဆက်ရှိသွားလိမ့်မည်ဟု မပြတ်ကြွေးကြော်ကြသည်။ တဖက်မှာကား 'မည်သည့်အရာမျှ ထာဝရ မတည်မြဲ၊ အချိန်တန်လျှင် အရာအားလုံး ချုပ်ငြိမ်းပျောက်ကွယ်သွားရစမြဲ'ဟု အနုပဋိလောမက အခိုင်အမာဆိုသည်။ ထိုကဲ့သို့ တော်လှန်သော အဘိဓမ္မာတရပ်သည် အရင်းရှင်စနစ်ကို အကြီးအကျယ် ခြိမ်းခြောက်နိုင်သည့်အတွက် ဘက်ပေါင်းစုံက သိက္ခာချခံနေရခြင်းပင်။ ဤသည်ပင် မာ့က်စ်ဝါဒ ဆန့်ကျင်ရေး မှိုင်းတိုက်သူများ နေ့ရှိသ၍ ခလောက်ဆန် အကောက်ကြံကြသည့် အကြောင်းရင်း ဖြစ်တော့သည်။ သို့ဖြစ်သည့်တိုင်အောင် သိပ္ပံနှင့် အသိပညာရပ်များ ရှေ့တလှမ်း တက်လှမ်းနိုင်တိုင်း 'ဒိုင်ယာလက်တစ်' မှန်ကန်ကြောင်းသာ တွေ့တွေ့လာရသည်။ သန်းပေါင်းများစွာသော လူထုအဖို့ အရင်းရှင်စနစ် အကျပ်အတည်း တနေ့တခြား ကြီးထွားလာခြင်းက မာ့က်စ်ဝါဒ ကျိုးကြောင်းခိုင်လုံမှု ရှိခြင်းကို ပြသလျက်ရှိသည်။ အလုပ်သမား လူထုကို ချောင်ပိတ်မိနေသော အခြေအနေကနေ ထွက်ရပ်လမ်း ရှာဖွေဖို့ ပကတိအခြေအနေက တွန်းပို့နေသည်။ 'ဘဝက သင်ကြားပေးတတ်သည်'ဟု လီနင် မှတ်ချက်ပြုလေ့ရှိသည်။ ယခုအခါမှာကား ကွန်မြူနစ် ကြေငြာစာတမ်းထဲက နာမည်ကြီးစာသားကို ယူပြောရလျှင် 'ကွန်မြူနစ်ဝါဒဆိုသည့် တစ္ဆေကြီးတကောင်သည် ဥရောပတိုက်ကို ခြောက်လှန့်လျက်ရှိသည်'။

အလုပ်သမားထု လွတ်မြောက်ရေး တိုက်ပွဲဝင်ရာတွင် မာ့က်စ်ဝါဒက အရင်းရှင်စနစ်ကို ပြတ်ပြတ်သားသား တိုက်ပွဲဝင်သလို စျေးကွက် စီးပွားရေး ဟု ခေါ်သော သွေးစုပ်ခြယ်လှယ်သည့် စနစ် ဘက်က ရှေ့နေလိုက် အကာအကွယ်ပေးနေသည့် အယူဝါဒများကိုလဲ အပြင်းအထန် တိုက်ပွဲဆင်လျက်ရှိသည်။ မာ့(က်စ်)ဝါဒ၏ အလုပ်မှာ ထို့ထက်ပင် ပိုပါသေးသည်။ မာ့က်စ်ဝါဒသည် အလုပ်သမား လူတန်းစားကို " အယူသီးမှု၊ ဖောက်ပြန်မှု ပုံစံအားလုံး (သို့မဟုတ်) ဘူဇွာ ဖိနှိပ်ရေးကို ထောက်ခံအားပေးသည့် အတွေးအခေါ်များနှင့် ရင်ကြားစေ့မရနိုင်လောက်အောင် ပြီးပြည့်စုံသော လောကအမြင်တရပ်"ကို ထုတ်ဖော်ပေးသည် (လီနင်)။ မာ့က်စ်ဝါဒသည် အရင်းရှင်စနစ် အတွင်းက လူမှု ဆက်ဆံရေး အစစ်အမှန်များကို ဖော်ထုတ်ပေးပြီး အလုပ်သမား လူတန်းစား လွတ်မြောက်ရေးအတွက် အလုပ်သမား လူတန်းစားကိုယ်တိုင် မည်ကဲ့သို့ စွမ်းဆောင်နိုင်ကြောင်း သဘာတရားရေး လက်နက်တပ်ဆင်ပေးသည်။ ရုရှား မာ့က်စ်ဝါဒီ ပလက်ခနော့ စကားနှင့် ဆိုရလျှင် ဒိုင်ယာလက်တစ် ရုပ်ဝါဒသည် လောကအမြင်တခု ဆိုသည်ထက် ပိုသော 'အလုပ်နဲ့ ပေါင်းစပ်ထားသည့် အဘိဓမ္မာတရပ်' ဖြစ်ပေသည်။

## သမားရိုးကျ ယုတ္တိဆင်ခြင်နည်း၏ အားနည်းချက်များ

လူတို့သည် ယုတ္တိနည်းကျ တွေးခေါ်စဉ်းစားဖို့ ကြိုးစားကြသည်။ အင်္ဂလိပ်ဘာသာဖြင့် 'Logic' ဟု ခေါ်သည့် ယုတ္တိဗေဒသည် ('စကားလုံး' သို့မဟုတ် 'ယုတ္တိ'ဟု အဓိပ္ပာယ်ရသော ဂရိစကား 'Logos' မှ ဆင်းသက်လာပြီး) တွေးခေါ်စဉ်းစားခြင်းဆိုင်ရာ ဥပဒေသများကို လေ့လာသည့် ပညာရပ် ဖြစ်သည်။ ကျွန်ုပ်တို့ မည်သို့သော အတွေးမျိုးကို တွေးသည်ဖြစ်စေ၊ ထိုအတွေးများကို မည်သို့သော ဘာသာစကားဖြင့် ရေးပြသည်ဖြစ်စေ ကျိုးကြောင်းဆင်ခြင်မှုအတွက် လိုအပ်သော အခြေခံအချက်များ ပြည့်မီရပါသည်။ ဤသို့သော အခြေခံလိုအပ်ချက်များမှ အတွေးအခေါ်ဆိုင်ရာ နိယာမများ၊ ယုတ္တိဗေဒ ဥပဒေသများ ပေါ်ပေါက်လာခဲ့သည်။ လက်ရှိအချိန်ထိ အသုံးပြုနေဆဲ သမားရိုးကျ ယုတ္တိ ဆင်ခြင်နည်းစနစ်ကို ဖော်ထုတ်ခဲ့သူမှာ လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင်ကျော်က

ဂရိ တွေးခေါ်ပညာရှင် အရစ္စတိုတယ် (ဘီစီ ၃၈၄ - ၃၂၂) ပင်ဖြစ်သည်။ ယင်းစနစ်မှာ ယနေ့ခေတ် ပညာရေး အဆောက်အအုံကြီး၏ အခြေခံ ဖြစ်နေဆဲ။ ယုတ္တိရှိရှိ၊ နည်းမှန်လမ်းမှန် စဉ်းစားတွေးခေါ်ပုံ၊ လိုရင်းရောက်အောင် အဆိုတခုပြီးတခု တင်ပြပုံ၊ ထိုမှတဆင့် နိဂုံးချုပ်ချက် ကောက်ယူပုံတို့ကို သူက ခွဲခြမ်းစိတ်ဖြာပြခဲ့သည်။ သူက ယုတ္တိဗေဒဆိုင်ရာ ဥပဒေသ သုံးရပ်ကို ဖော်ထုတ်တင်ပြခဲ့သည်။ ယင်းတို့မှာ -

(၁) တူညီခြင်း ဥပဒေသ (A သည် A နှင့် တူညီသည် ဆိုသော သဘော)၊

(၂) ဝိရောဓိ မဖြစ်ခြင်း ဥပဒေသ (A သည် A ဖြစ်သည် ဆိုလျှင် တချိန်တည်းတွင် not-A မဖြစ်နိုင် ဆိုသော သဘော)နှင့်

(၃) ကြားချယူ၍ မရခြင်း ဥပဒေသ (A သည် A ဖြစ်လျှင်ဖြစ်၊ သို့မဟုတ် non-A သာ ဖြစ်ရမည်၊ ကြားတခုခု မဖြစ်နိုင် ဆိုသော သဘော) တို့ပင် ဖြစ်သည်။

သမားရိုးကျ ယုတ္တိဆင်ခြင်နည်းသည် ထောင်စုနှစ် နှစ်ခုကျော် သြဇာလွှမ်းမိုးထားခဲ့ပြီး ခေတ်သစ် သိပ္ပံပညာ အကြီးအကျယ် အဆင့်မြင့်တက်လာခြင်းနှင့် စမ်းသပ်ချက်များအတွက် အခြေခံ ဖြစ်ခဲ့သည်။ ဤယုတ္တိဆင်ခြင်နည်းအပေါ်မှာပဲ အခြေခံပြီး သင်္ချာပညာရပ်သည် တိုးတက်ဖြစ်ထွန်း လာခဲ့သည်။ ဤယုတ္တိဆင်ခြင်နည်းကို အသုံးမပြုဘဲ ကလေးတစ်ယောက်ကို ပေါင်းတတ် နုတ်တတ်အောင် သင်ပေးဖို့ မဖြစ်နိုင်ပေ။ ‘၁’ နှင့် ‘၁’ ပေါင်းလဒ်သည် ‘၂’ သာဖြစ်ပြီး ‘၃’ မဖြစ်နိုင်။ သမားရိုးကျ ယုတ္တိနည်းသည် ဘဝပေးအသိနှင့် အလားတူသည်၊ ထို့ပြင် ဤနည်းဖြင့် နေ့တစဉ ကိစ္စအဝဝကို အထမြောက်စေနိုင်သည်။ သို့ပေမင့် (ဤ သို့ပေမင့်ကို အထူးအလေးထားပြောပါသည်) သူ့တွင် ကန့်သတ်ချက်များ ရှိနေပါသည်။ တမေ့တမော ရှည်လျားသည့် ဖြစ်စဉ်များ၊ ရှုပ်ထွေးပွေလီသည့် ဖြစ်ရပ်များနှင့် ကြုံလာရသည့် အခါတွင်ကား သမားရိုးကျ ယုတ္တိဆင်ခြင်နည်းနှင့် တွေးခေါ်ရုံဖြင့် လုံဝ ရတော့မည်မဟုတ်။ အထူးသဖြင့် လှုပ်ရှားမှု၊ အပြောင်းအလဲနှင့် ပဋိပက္ခများကို ကိုင်တွယ်ရသည့်အခါ သမားရိုးကျ ယုတ္တိနည်းသည် မလုံလောက်တော့။ သမားရိုးကျ ယုတ္တိဗေဒက အရာအားလုံးကို ရွေ့လျားခြင်းမရှိ၊ တသမတ်တည်း တည်မြဲနေသည့်ပမာ သဘောထားသည်။ ထိုသို့ဆိုသည့်အတွက် နေ့စဉ်ဘဝတွင် သမားရိုးကျ ယုတ္တိဗေဒ၏ လက်တွေ့အသုံးဝင်မှုကို ငြင်းကွယ်နေခြင်းမဟုတ်။ လက်တွေ့ဘဝတွင် အသုံးဝင်မှု အများအပြားရှိကြောင်း အသိအမှတ်ပြုပါသည်။ သို့ရာတွင် သမားရိုးကျ ယုတ္တိဗေဒမှာလဲ အားနည်းချက်များ ရှိကြောင်း သိထားမှ ရပေမည်။

“ဒိုင်ယာလက်တစ်သည် စိတ်ကူးယဉ် ထိုးဇာတ်တခု မဟုတ်သလို နားလည်ဖို့ မဖြစ်နိုင်သော ယုတ္တိလွန် ယုံကြည်မှုလည်း မဟုတ်ပေ၊ စဉ်းစား တွေးခေါ်နည်း သိပ္ပံပညာရပ်သာ ဖြစ်သည်။ နေ့စဉ်ဘဝထဲက ပြဿနာရပ်များသာမက ပို၍ ရှုပ်ထွေးနက်နဲသော၊ အလွန်တရာ ရှည်လျားသော ဖြစ်စဉ်များကို သိမြင် နားလည်နိုင်အောင် အားထုတ်ရာတွင် အသုံးပြုသည့် တွေးခေါ်မြော်မြင်ရေး ပညာရပ် ဖြစ်သည်။ ဒိုင်ယာလက်တစ်နှင့် သမားရိုးကျ ယုတ္တိဗေဒကြားက ဆက်နွှယ်မှုသည် အဆင့်မြင့် သင်္ချာပညာနှင့် အခြေခံ သင်္ချာပညာတို့ကြားက ဆက်နွှယ်မှုကဲ့သို့ ဖြစ်ပေသည်။” (Leon Trotsky, The ABC of Materialist Dialectics)

ခေတ်သစ်သိပ္ပံပညာ ဖြစ်ထွန်းတိုးတက်မှုအတွင်း လင်းနိယပ် (Linnaeus) ၏ ဇီဝ မျိုးခွဲနည်းစနစ်သည် သမားရိုးကျ ယုတ္တိဗေဒအပေါ် အခြေခံထားခြင်းဖြစ်ရာ သက်ရှိ အားလုံးကို မျိုးစိတ်နှင့် မျိုးစဉ်များအဖြစ် အုပ်စုခွဲပစ်သည်။ ဤသို့ မျိုးခွဲနည်းစနစ်က ဇီဝဗေဒပညာရပ်ကို သည့်မတိုင်မီ အခြေအနေများနှင့်ယှဉ်လျှင် အဆင့်များစွာ ခုန်ပျံကျော်လွှား တိုးတက်သွားစေသည်။ သို့သော်လည်း ၎င်းမှာ ပြုလွယ်ပြင်လွယ် မဖြစ်သည့် အုပ်စုသတ်မှတ်ချက်များနှင့် တရားသေ သတ်မှတ်ထားသည့် စနစ်ဖြစ်လေရာ ကာလ ရွေ့လျောသည်နှင့်အမျှ ဟာကွက်များ ပေါ်ပေါက်လာသည်။ ဆင့်ကဲပြောင်းလဲခြင်း ဖြစ်စဉ်အတွင်း

မျိုးစိတ်တခုသည် အခြားမျိုးစိတ်တခုအဖြစ် ပြောင်းလဲသွားနိုင်ကြောင်း ဒါဝင်က သက်သေပြခဲ့သည်။ သို့ဖြစ်သည်နှင့် အညီ သဘာဝတ္တ အမြင်သစ်ကို နေရာပေးဖို့ ဤတရားသေ မျိုးခွဲနည်းစနစ်ကို ပြောင်းလဲပစ်လိုက်ရတော့သည်။

စင်စစ် သမားရိုးကျ ယုတ္တိဗေဒ၏ ခေတ်ကောင်းချိန်မှာ ဤတွင် တခန်းရပ်သွားပြီ ဖြစ်သည်။ ၎င်းက ဆိုခဲ့ပြီးသော ပဋိပက္ခများကို ပြေလည်အောင် ဖြေရှင်းမပေးနိုင်။ တဖက်မှာကား သဘာဝတရားနှင့် လူ့အဖွဲ့အစည်းတွင် ပကတိသဘော သို့မဟုတ် တသမတ်တည်း ဖြစ်နေသော မျိုးတူစုဟူ၍ မရှိကြောင်း ပြောင်းလဲခြင်း သဘောတရားဖြစ်သည့် ဒိုင်ယာလက်တစ်က ဖွင့်ဆိုသည်။ အန်းဂယ်က ဘဲတူ ဖျံတူ တကောင်ကို ဥပမာပေးပြီး တရားသေ မျိုးခွဲနည်း ပုံစံခွက်ထဲက မည်သည့် အုပ်စုထဲ ထည့်နိုင်သလဲဟု ဟာသနှော၍ ဆိုခဲ့သည်။

ဆင့်ကဲဖြစ်စဉ်နှင့် ပြောင်းလဲခြင်းတို့၏ နိယာမများကို ဒိုင်ယာလက်တစ် ရုပ်ဝါဒကသာ ရှင်းပြနိုင်သည်။ ဒိုင်ယာလက်တစ် ရုပ်ဝါဒအရ လောကကြီးကို အသင့်ပြုလုပ်ပြီး အရာများနှင့် ဖွဲ့စည်းထားသည်ဟု မမြင်၊ ထာဝရ ပြောင်းလဲနေသော ဖြစ်စဉ်များ၏ အစုအဝေးအဖြစ်သာ မြင်သည်။ ယင်းဖြစ်စဉ်များသည် ဖြစ်တည်လာခြင်း ရှိသကဲ့သို့ ချုပ်ငြိမ်း ပျက်သုဉ်းခြင်းလည်း မလွဲမသွေ ကြုံရပေသည်။ ဟေဂယ်အဖို့ သမားရိုးကျ ယုတ္တိဗေဒသည် ဂျစ်ဆော အပိုင်းအစများကို ရုပ်ပုံဖြစ်အောင် ဆက်ယူရသည့် ကလေး ကစားနည်းနှင့် တူနေသည်။ “အနှစ်ကင်းမဲ့နေသော ပေါ့ပျက်ပျက် အတွေးအခေါ်၏ အခြေခံ မှားယွင်းချက်သည်ကား အစစ်အမှန်တရား၏ အပြောင်းအလဲ မရှိသော အမှတ်အသားများနှင့်သာ တင်းတိမ်ရောင့်ရဲလိုခြင်း ဖြစ်သည်။ စင်စစ် ယင်း အစစ်အမှန်တရားတွင် ထာဝရ ရွေ့လျား ပြောင်းလဲခြင်းတို့သာ ရှိနေသည်” ဟု ထရော့စကီးက မှတ်ချက်ပြုခဲ့သည်။

ဒိုင်ယာလက်တစ် ရုပ်ဝါဒ၏ ပင်မ ဥပဒေသများကို မသွားခင် ရုပ်ဝါဒအမြင်၏ အယူအဆရေးရာ ဇာစ်မြစ်များကို ကြည့်ကြဦးစို့။

## ရုပ်ဝါဒနှင့် စိတ်ဝါဒ

‘မှာ့က်စ်ဝါဒ အဘိဓမ္မာသည် ရုပ်ဝါဒ ဖြစ်သည်’ဟု လီနင်က ရေးသားခဲ့သည်။ အဘိဓမ္မာတို့မည်သည် ရုပ်ဝါဒဂိုဏ်းနှင့် စိတ်ဝါဒဂိုဏ်း ဆိုသည့် အဘိဓမ္မာဂိုဏ်းကြီး နှစ်ဂိုဏ်းတွင် အကျုံးဝင်စမြဲ။ ရှေ့ဆက်မဆွေးနွေးမီ ထိုဝေါဟာရနှစ်ရပ်ကို ရှင်းရှင်းလင်းလင်း သိထားမှ တော်ကာကျပေမည်။ ဤဝေါဟာရများ၏ နေ့စဉ်သုံး အဓိပ္ပါယ်နှင့် အဘိဓမ္မာ နယ်ပယ်တွင် သုံးသော ရုပ်ဝါဒ၊ စိတ်ဝါဒတို့၏ အဓိပ္ပါယ်မှာ လားလားမှာ မသက်ဆိုင်။ နေ့စဉ်သုံး စကားတွင် ရုပ်ဝါဒသည် ဝိသမလောဘ၊ အကောက်ကြံမှုတို့နှင့် ဆက်စပ်နှီးနွှယ်နေပြီး၊ စိတ်ဝါဒကား မြင့်မားသော ကိုယ်ကျင့်စံနှုန်းများ၊ သူတော်ကောင်း တရားများနှင့် နှီးနွှယ်ပတ်သက်နေသည်။ ပြဒါးတလမ်း သံတလမ်းသာ ဖြစ်ချေသည်။

ရုပ်ဝါဒ အဘိဓမ္မာသည် ရုပ်လောကကြီး တခုသာ ရှိကြောင်း ရှင်းလင်းဖွင့်ဆိုသည့် လောကအမြင် ဖြစ်သည်။ နတ်ပြည်၊ ငရဲပြည်တို့ ဆိုသည်ကား မရှိပေ။ အမြဲတစေ ရှိနေခဲ့သည် စကြဝဠာသည် မည်သည့် သဘာဝလွန် တန်ခိုးရှင်၏ ဖန်ဆင်းမှုမျှ မဟုတ်ချေ။ ယင်းစကြာဝဠာသည် တရံမလပ် လှုပ်ရှားပြောင်းလဲနေသည်။ လူသားများကား သဘာဝထဲက အစိတ်အပိုင်း တရပ်သာဖြစ်ပြီး အဆင့်နိမ့် သက်ရှိများမှ ဆင့်ကဲ ပြောင်းလဲလာခြင်းပင်။ လွန်ခဲ့သော နှစ်သန်းပေါင်း သုံးထောင့် ခြောက်ရာခန့်က သက်ရှိဟူ၍ မရှိသေးသည် ဂြိုလ်တခုပေါ်မှာ ခုန်ကူးပြောင်းလဲရာမှ အဆင့်နိမ့် သက်ရှိများ စတင်ပေါ်ထွက်လာခြင်း ဖြစ်သည်။ အဆင့်တခု ရောက်လာသောအခါ သက်ရှိတို့၏ ဆင့်ကဲပြောင်းလဲခြင်းနှင့်အတူ အာရုံကြောစနစ် ရှိသည့် သတ္တဝါများ ထွက်ပေါ်လာခဲ့သည်။ ဤသို့ဖြင့် နောက်ဆုံးတွင် ကြီးမားသော ဦးနှောက် ပါရှိသည့် လူသားများ ဖြစ်ပေါ်လာခြင်းပင်။ လူသားတို့နှင့်အတူ လူ့အတွေးအခေါ်နှင့် အသိဉာဏ်တို့ ပေါ်ပေါက်လာသည်။ လူသား ဦးနှောက်ကသာလျှင် စိတ်ကူး အထွေထွေကို ထုတ်လုပ်ပေးနိုင်သည်။ ၎င်းကို စဉ်းစားတွေးခေါ်ခြင်းဟု ခေါ်သည်။

ထို့ကြောင့် 'ရုပ်'ဆိုသည်မှာ အစဉ်တစိုက် တည်ရှိနေခဲ့သည့် အပြင် လူသားနှင့် အတွေးစိတ်ကူးတို့ကနေ အမှီအခိုကင်းကင်း တည်ရှိနေခဲ့သည်ချည်းပင်။ သက်ရှိ မျိုးစိတ်တွေမှာ အသိစိတ်ရယ်လို့ မပေါ်မီ ပဝေသဏီကပင် ရုပ်ပစ္စည်းများ တည်ရှိနေခဲ့သည်။

ရုပ်ဝါဒီများအဖို့ ရုပ်ခန္ဓာ၏ အစိတ်အပိုင်းတခုသာဖြစ်သည့် သက်ရှိ ဦးနှောက်နှင့် ကင်းကွာ၍ 'အသိစိတ်'ဆိုသည်မှာ မတည်ရှိနိုင်ပေ။ 'ရုပ်ခန္ဓာ'မရှိဘဲ 'အသိစိတ်' ရှိနိုင်ဖို့ ဆိုသည်မှာ ယုတ္တိကင်းမဲ့လှပါသည်။ ရုပ်သည် စိတ်၏ အထွက်ပစ္စည်း မဟုတ်ဘဲ စိတ်ကသာလျှင် ရုပ်၏ အဆင့်မြင့်ဆုံး အထွက်ပစ္စည်း ဖြစ်သည်။ အတွေးစိတ်ကူးများသည် ကျွန်ုပ်တို့ ပတ်လည်တွင် အမှီအခိုကင်းကင်း တည်ရှိနေသည့် ရုပ်လောကကြီးကို ထင်ဟပ်ပြခြင်းသာဖြစ်သည်။ ကြေးမုံတွင် အရိပ်လာထင်သည့် အရာများသည် ၎င်းတို့ဖြစ်တည်မှုအတွက် ကြေးမုံရိပ်အပေါ် မှီခိုအားထားနေစရာ မလိုပေ။ 'အတွေးစိတ်ကူးအားလုံးသည် အတွေ့အကြုံကနေပေါ်ပေါက် လာပြီး အရှိတရားကို သရုပ်မှန်အတိုင်းဖြစ်စေ၊ ပုံပျက်ယိုယွင်းလျက်ဖြစ်စေ ထင်ဟပ်ဖော်ပြခြင်း ဖြစ်သည်' ဟု အန်းဂယ်က ရေးသားခဲ့သည်။ သို့မဟုတ် မာ့က်စ်အတိုင်း ပြောရလျှင် 'ဘဝကို အသိစိတ်က ပြဋ္ဌာန်းခြင်း မဟုတ်၊ ဘဝကသာ အသိစိတ်ကို ပြဋ္ဌာန်းသည်'။

စိတ်၊ နာမ်၊ အတွေး၊ စေတနာ၊ ခံစားချက်နှင့် အာရုံများ အမှတ်တကယ် ရှိသည့်အချက်ကို မာ့က်စ်ဝါဒီများက မငြင်းဆိုပေ။ ရုပ်ဝါဒီများ ငြင်းဆိုသည်ကား 'စိတ်'ဟု ခေါ်ဆိုသော အရာသည် 'ရုပ်ခန္ဓာမှ သီးခြားကင်းလွတ်၍ တည်ရှိနေနိုင်သည်'ဆိုသည့် အချက်ပင်။ စိတ်ကို ရုပ်မှ ခွဲထုတ်၍ မရနိုင်။ 'စဉ်းစားတွေးခေါ်ခြင်း'သည် စဉ်းစားတွေးခေါ်နိုင်သော ကိုယ်အင်္ဂါ အစိတ်အပိုင်း ဖြစ်သည့် ဦးနှောက်၏ အထွက်ပစ္စည်း ဖြစ်သည်။

ထိုသို့ဆိုသည့်အတွက် ကျွန်ုပ်တို့ အသိစိတ်သည် ကြေးမုံကဲ့သို့ သဘာဝကို တသွေမတိမ်း ထင်ဟပ်ပြခြင်းဟု မဆိုလိုပေ။ လူသားတို့သည် ရှင်သန်နေထိုင်ရာ ပတ်ဝန်းကျင်ကို အမှီသဟဲပြုရသည်။ ပတ်ဝန်းကျင်ကို အသိစိတ်ကပ်ပြီး ရှုမြင်ကာ သင့်လျော်သလို တုန့်ပြန်လေ့ ရှိကြသည်။ အပြန်အလှန်အားဖြင့် ပတ်ဝန်းကျင်ကလည်း ယင်းတို့အပေါ် ပြန်လည်တုန့်ပြန်သည်။ ရုပ်အခြေအနေမှာ မြစ်ဖျားခံသော်လည်း လူသားသည် သဘောတရား ကောက်နှုတ်ယူပြီး ဖန်တီးမှုရှိရှိ တွေးခေါ်တတ်သည်။ ထိုမှတဖန် လူသားက ရုပ်ပတ်ဝန်းကျင်ကို ပြောင်းလဲစီရင်ပြန်သည်။

တဖက်တွင် ရုပ်ကမ္ဘာလောကသည် အစစ်အမှန် မဟုတ်ဘဲ အတွေးစိတ်ကူးတို့၏ ထင်ဟပ်ပြသချက်သာ ဖြစ်ကြောင်း စိတ်ဝါဒ အဘိဓမ္မာက ဆိုသည်။ စိတ်ဝါဒ ပုံစံအမျိုးမျိုး ကွဲပြားသော်လည်း အနှစ်သာရအားဖြင့် စိတ်သာ ပဓာန အခြေခံဖြစ်ပြီး 'ရုပ်'မှာ တည်ရှိသည်ဆိုလျှင်တောင် တဆင့်ခံသာ ဖြစ်သည်ဟု စိတ်ဝါဒ အားလုံးက ယူဆသည်။ စိတ်ဝါဒီများအဖို့ စိတ်သည် 'ရုပ်'မှ ၊ 'သဘာဝ'မှ သီးခြား ကင်းလွတ်နေနိုင်သည်။ ဤသည်ပင်လျှင် 'အကြွင်းမဲ့ အိုင်ဒီယ' ရှိသည်ဟု ခံယူသည့် ဟေဂယ်၏ သဘောတရား ဖြစ်ပြီး 'ဘုရားသခင်ရှိသည်'ဟု အဓိပ္ပာယ် သက်ရောက်စေသော အယူအဆလည်း ဖြစ်သည်။ စိတ်ဝါဒ အဘိဓမ္မာများသည် ဘာသာရေးနှင့် အယူသည်းမှုတို့ကို တနည်းတဖုံ ခုခံကာကွယ်ပေးရာ ရောက်သွားလေ့ရှိသည်။ စိတ်ဝါဒ အမြင်သည် မှားရုံသာမက အင်မတန် ရှေးရိုးစွဲ ဆန်သည်၊ ထို့ကြောင့် ကျွန်ုပ်တို့သည် ကမ္ဘာလောကကြီး၏ "ဆန်းကြယ်သော ဖြစ်စဉ်များ"ကို ဘယ်သောအခါမျှ နားလည်နိုင်မည် မဟုတ် ဆိုသည့် အဆိုးမြင် ကောက်ချက်ကိုသာ ဆွဲမိပေလိမ့်မည်။ လူသားတို့သည် ရုပ်ကမ္ဘာကို စူးစမ်းလေ့လာနိုင်ရုံသာမက ပြောင်းပါ ပြောင်းလဲပစ်နိုင်သည်၊ ထိုသို့ပြောင်းလဲရင်း လူသားကိုယ်တိုင် ပြောင်းလဲသွားစေနိုင်ကြောင်း ရုပ်ဝါဒက ရှင်းပြသည်။

စိတ်ဝါဒီတို့၏ လောကအမြင်သည် ကာယအလုပ်နှင့် ဉာဏအလုပ် ဆိုသည့် အလုပ် ခွဲဝေခြင်းမှ ပေါက်ဖွားလာခြင်း ဖြစ်သည်။ ဤသို့ ကွဲပြားသွားခြင်းကြောင့် လူ့အဖွဲ့အစည်း၏

အလွှာတရပ်ကို ကာယအလုပ်မှ လွတ်မြောက်သွားစေပြီး သိပ္ပံနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အချိန်ပေး လုပ်ကိုင်နိုင်စေသည်။ သို့ဖြစ်ရာ အလွန်တရာ ကြီးမားသော တိုးတက်မှုကြီး ဖြစ်ခဲ့သည်။ သို့သော်ငြား ကာယအလုပ်နှင့် ပိုပိုပြီး ကင်းကွာသွားလေ ယင်းတို့၏ အတွေးအခေါ်များလဲ ပို၍ ပို၍ စိတ္တဇဆန်လာလေ ဖြစ်ခဲ့သည်။ အတွေးအခေါ် အယူအဆများကို ပကတိ လောကနှင့် ခွဲထုတ်ပစ်လိုက်သည့်အခါ ယင်းတွေးခေါ်ရှင်တို့သည် စိတ္တဇဆန်ဆန် 'အတွေးသက်သက်'ဖြင့်သာ တစထက်တစ အချိန်ကုန်လာပြီး စိတ်ကူးယဉ် ကမ္ဘာထဲမှာပင် တဝဲလည်လည် ဖြစ်ကုန်သည်။ ယနေ့ခေတ်အခါ စကြဝဠာဗေဒ ဘာသာရပ်မှာလည်း စိတ္တဇဆန်ဆန် ရှုပ်ထွေးနေသည့် သင်္ချာ သဘောတရားများနှင့် ပြည့်နှက်နေရာ 'စကြဝဠာ မဟာပေါက်ကွဲမှု သီဝရီ'(The Big Bang Theory)၊ အချိန်၏ မူလဘူတ၊ အပြိုင်စကြဝဠာ (Parallel Universes) အစရှိသည့် အံ့သြဘနန်း ဖြစ်ရသလောက် ကြောင်စီစီနိုင်သည့် လွဲမှားသော သီဝရီများ ထွက်ပေါ်လာခဲ့သည်။

ရုပ်ဝါဒအမြင်သည် ရှေးဂရိခေတ် အနဇာဂိုးရပ်(Anaxagoras- ဘီစီ ၅၀၀-၄၂၈ ဝန်းကျင်) နှင့် ဒီမိုကရိုက်တပ် (Democritus- ဘီစီ ၄၆၀- ၃၇၀ ဝန်းကျင်)တို့မှ အစပြုခဲ့သော ရှည်လျားသည့် သမိုင်း အစဉ်အလာ ရှိသည်။ ရှေးဟောင်း ဂရိခေတ် ပြိုလဲသွားသည့်အခါ ဤ ရာရှင်နယ် အမြင်လည်း သမိုင်းခေတ်ကြီး တခုစာ တိမ်မြုပ်သွားခဲ့ရသည်။ ခရစ်ယာန် အလယ်ခေတ် ကျဆုံးသွားပြီး အတွေးအခေါ်ရေးရာ ပြန်လည်နိုးထလာမှသာ အဘိဓမ္မာနှင့် သဘာဝ သိပ္ပံပညာရပ်တို့ တကျော့ပြန် အားကောင်းလာခဲ့ ခြင်းဖြစ်သည်။ ၁၇ ရာစုကစ၍ အင်္ဂလန်သည် ခေတ်သစ်ရုပ်ဝါဒ ပေါက်မြောက်ဖြစ်ထွန်းရာ ဖြစ်ခဲ့သည်။ 'အင်္ဂလန်ပြည်တွင် ရုပ်ဝါဒ၏ လက်ဦးဖခင် အစစ်အမှန်မှာ 'ဘေကွန်' ဖြစ်သည် ဟု မာ့က်စ်က ရေးခဲ့သည်။ ထို့နောက် ဖရန်စစ်ဘေကွန် Francis Bacon (၁၅၆၁ - ၁၆၂၆) ၏ ရုပ်ဝါဒကို တောမတ်ဟော့ဘ် Thomas Hobb (၁၅၈၈- ၁၆၇၅) က စနစ်တကျ ဖြစ်အောင်၊ တိုးတက်ကောင်းမွန်အောင် ပြုလုပ်ခဲ့သည်။ ၎င်း၏ ယူဆချက်များကိုလည်း ဂျွန်လော့ခ် John Locke (၁၆၃၂-၁၇၀၄) က တဖန်ပြန်လည်ပြီး ချဲ့ထွင်ခဲ့သည်။ ထိုစဉ်ကတည်းက ရုပ်တရားတွင် စဉ်းစားတွေးခေါ်နိုင်စွမ်း ရှိသည်ဟု လော့ခ် ယူဆခဲ့ပြီး ဖြစ်သည်။ ထိုသို့ အတွေးအခေါ်ရေးရာ တိုးတက်မှုများသည် ဘူဇွာ လူတန်းစား ပေါ်ထွက်လာခြင်း၊ စက်မှုပညာ၊ နက္ခတ်ပညာနှင့် ဆေးပညာတို့ကဲ့သို့သော သိပ္ပံပညာများ အကြီးအကျယ် တိုက်ဆိုင်နေသည်မှာ အကြောင်းမဲ့ မဟုတ်ပေ။ ဆိုခဲ့ပါ တွေးခေါ်ပညာရှင်ကြီးများကတဆင့် ၁၈ ရာစုအတွင်း အလွန်တရာ ထူးချွန်လှသည့် ပြင်သစ် ရုပ်ဝါဒီဂိုဏ်း ထွက်ပေါ်လာခြင်း ဖြစ်သည်။ ပြင်သစ် ရုပ်ဝါဒီဂိုဏ်းတွင် ရနေဒေးကား Rene Descarte (၁၅၉၆-၁၆၅၀)မှာ အထူး ထင်ရှားသည်။

ထိုစဉ်အချိန်က ကြောင်းကျိုးဆင်ခြင်မှုဝါဒ (Rationalism) နှင့် ရုပ်ဝါဒတို့သည် ၁၇၈၉ ခုနှစ် ပြင်သစ် တော်လှန်ရေးကြီး၏ လက်သုံးဒေသနာဖြစ်ခဲ့သည်။ ထို တော်လှန်ရေးသမား တွေးခေါ် ပညာရှင်ကြီးများသည် မည်သို့သော ပြင်ပ သြဇာကိုမျှ အသိအမှတ် မပြုပေ။ ဘာသာတရားမှစ၍ သဘာဝ သိပ္ပံပညာရပ်အထိ၊ လူ့အသိုက်အဝန်းမှစ၍ နိုင်ငံရေး အဖွဲ့အစည်းတွေအထိ အရာအားလုံးကို လက်ကုန်နှိုက် ဝေဖန်စစ်ဆေးကြည့်သည်။ ဆင်ခြင်တုံတရားသည် အရာအားလုံး၏ မှတ်ကျောက် ဖြစ်လာခဲ့သည်။

ဟိုးဘတ်ခ် Holbach (၁၇၂၃-၁၇၈၉)နှင့် ဟယ်ဗဲရှပ် (Helvetius) တို့ တစိုက်မတ်မတ် ရပ်တည်ကာကွယ်ပေးခဲ့သည့် ဤရုပ်ဝါဒ အဘိဓမ္မာသည် တော်လှန်သော အဘိဓမ္မာ တရပ် ဖြစ်ခဲ့သည်။ "စကြဝဠာ ဟူသည် အရာအားလုံးတို့၏ ရောမ အစုအဝေးကြီး ဖြစ်သည်၊ ဆိုလိုသည်မှာ နေရာတိုင်းတွင် လှုပ်ရှားပြောင်းလဲနေသော ရုပ်သာ ရှိသည်" ဟု ဟိုးဘတ်ခ် ပြောခဲ့သည်။ "လှုပ်ရှား ပြောင်းလဲနေသော ရုပ်သည်သာ တည်ရှိမှု အားလုံး ဖြစ်သည်။ ယင်းရုပ်၏ သက်ရောက်မှု၊ တုံ့ပြန်မှု အကြောင်းတရား ချိန်းတန်းကြီးကား အဆုံးအစ မ

ရှိ အဆက်မပြတ် ဖြစ်ပေါ်နေသည်။ ကျွန်ုပ်တို့၏ အာရုံတွေအပေါ် တိုက်ရိုက် ရိုက်ခတ်လာသည့် အကြောင်းတရား တချို့ကို ကျွန်ုပ်တို့ သိနိုင်သည်။ တချို့ အကြောင်းတရားများကိုမူ ကျွန်ုပ်တို့ မသိရချေ၊ ယင်းတို့သည် မူလ အကြောင်းတရားများနှင့် ဝေးကွာသွားပြီး ကျွန်ုပ်တို့အပေါ် အကျိုးဆက်အနေဖြင့်သာ သက်ရောက်နိုင်သောကြောင့် ဖြစ်သည်။”

ဤယုတ္တိဆင်ခြင်ရေး အဘိဓမ္မာသည် တော်လှန်သော ဘူဇွာ လူတန်းစား၏ သက်ဦးဆံပိုင် ဘုရင်စနစ် ဆန့်ကျင်ရေး ၊ ပဒေသရာဇ် ဆန့်ကျင်ရေး၊ ဘုရားကျောင်းတော် ဆန့်ကျင်ရေး တိုက်ပွဲ၏ အတွေးအခေါ်ရေးရာ ထင်ဟပ်ချက် ဖြစ်သည်။ ခေတ်ဟောင်းစနစ်ဟောင်းက အတွေးအခေါ်စနစ် တခုလုံးကို အပြင်းအထန် တိုက်ပွဲဝင်ခြင်းလည်း ဖြစ်သည်။ အဆုံး၌ကား ဆင်ခြင်တုံတရား နိုင်ငံတော်ကြီးသည် ဘူဇွာ လူတန်းစား စိတ်ကူးစံပြုထားသော လောကတခု ဆိုတာထက် မပိုခဲ့ချေ။ ဘူဇွာ ပိုင်ဆိုင်မှုသည် လူသားတို့၏ မရှိမဖြစ် အခွင့်အရေး တရပ်ပမာ ဖြစ်လာခဲ့သည်။ တော်လှန်ရေးသမား ရုပ်ဝါဒီတို့သည် ဘူဇွာ လူ့အဖွဲ့အစည်းသစ် ပေါ်ထွန်းလာပြီး ပုဂ္ဂလိက ပိုင်ဆိုင်မှု ပုံစံအသစ်များ လွှမ်းမိုးနိုင်ရေးအတွက် လမ်းခင်းပေးခဲ့ကြသည်။ “မတူညီသော ခေတ်ကာလများ၊ မတူညီသော အခြေအနေများ၊ မတူကွဲပြားသော အဘိဓမ္မာ”ဟု ဒန်နီ ဒိဒရိုး Denis Diderot (၁၇၁၃-၁၇၈၄) က ရေးသားခဲ့သည်။

အသစ်ဖြစ်ပေါ်လာသည့် ထိုရုပ်ဝါဒသည် တော်လှန်သော တိုးတက်မှုတခု ဖြစ်ခဲ့သော်လဲ တရားသေဖြစ်ပြီး စက်ယန္တရား ဆန်လှသည်။ အသစ်ပေါ်ထွန်းလာသည့် ဤတွေးခေါ်ပညာရှင်ကြီးများသည် ခရစ်ယာန် ဘုရားကျောင်းတော်ကို ဆန့်ကျင်တိုက်ခိုက်ပြီး အသက်ဝိညာဉ်၏ လွတ်လပ်စွာ သီးခြားဖြစ်တည်နိုင်မှုကို ငြင်းပယ်သည်။ လူသားဆိုသည်မှာ အခြားတပါးသော သတ္တဝါများနှင့် ဓာတ်အစုအဝေးများကဲ့သို့ ရုပ်ကိုယ်ထည် တခုသာ ဖြစ်သည်ဟု ယုံကြည်ကြသည် ။ အခြားသော ရုပ်ကိုယ်ထည်များထက် ပိုရှုပ်ထွေး ပိုသိမ်မွေ့သော ယန္တရား ဖြစ်သည် ဟူ၍သာ သဘောထားသည်။ လာမစ်ထရီး La Mettrie (၁၇၀၉-၁၇၅၁) ၏ အထင်ကရ လက်ရာဖြစ်သည့် ‘လူဆိုသည့် ယန္တရား’စာအုပ်ထဲတွင် “ကျွန်ုပ်တို့သည် ခံစားချက်၊ မှတ်ဉာဏ်တို့နှင့် အစာသွပ်ထားသည့် ကိရိယာများ ဖြစ်သည်”ဟု ရေးသားခဲ့သည်။

ပြင်သစ် ရုပ်ဝါဒီများအဖို့ အသိပညာ၏ မူလဘူတ ( ပကတိ သစ္စာတရားကို ရှာဖွေခြင်း) သည် ကျွန်ုပ်တို့ အာရုံများအပေါ် သဘာဝတရား၏ ရိုက်ခတ်မှုတွင် တည်နေသည်။ သဘာဝတရားကိုယ်တိုင်နှင့် ဆိုလာ စနစ် အတွင်းရှိ ဂြိုဟ်နှင့် လူသားတို့၏ အနေအထားကို တသမတ်တည်း နေရာချထားပြီး ဖြစ်သည်။ သူတို့အဖို့ သဘာဝ လောကသည် နာရီကဲ့သို့ သံပတ်ပေးထားသော လောကကြီး ဖြစ်သည်၊ ထိုလောကကြီးတွင် အရာရာသည် ယုတ္တိနည်းကျ သတမတ်တည်းသဘောဆောင်နေသည်။ လှုပ်ရှားပြောင်းလဲရန် တွန်းအားသည်လည်း ပြင်ပကသာ လာခြင်း ဖြစ်သည်။ ချဉ်းကပ်ပုံ ချဉ်းကပ်နည်း တခုလုံးသည် ရုပ်ဝါဒဆန်သော်လည်း စက်ယန္တရားဆန်လှသည်၊ လောက၏ သက်ဝင်လှုပ်ရှားနေသော အရှိတရားကို ဖမ်းဆုပ်နိုင်ခြင်း မရှိချေ။ စကြာဝဠာကြီးကို ဖြစ်စဉ်တရပ်အဖြစ်၊ အပြောင်းအလဲများ တရစပ် ဖြစ်ပေါ် နေသော ရုပ်တရားအဖြစ် မဖမ်းဆုပ်နိုင်။ ဤချို့ယွင်းချက်ကြောင့် ရုပ်လောကနှင့် နာမ်လောက ဟူ၍ မှားယွင်းသော ဆန့်ကျင်ဖက် အုပ်စုခွဲခြင်းမျိုး ဖြစ်ပေါ်စေခဲ့သည်။ ဤဒွန်တွဲဝါဒက စိတ်ဝါဒကို တံခါးဖွင့်ပေးခဲ့သည်။

စကြာဝဠာသည် စိတ်ဝိဉာဉ်သက်သက် သို့မဟုတ် ရုပ်သက်သက် ဖြစ်နေသော စနစ်တခု မဟုတ်ဘူး ဆိုသည့် ကေဝါဒအမြင်ကို ကိုင်စွဲသည့် အခြားသော ရုပ်ဝါဒီများလည်း ရှိခဲ့သည်။ ထိုစနစ်ကို ပထမဆုံး စတင်ဖော်ထုတ်ခဲ့သူမှာ စပင်နိုဇာ ဖြစ်သည်။ စပင်နိုဇာက ဘုရားသခင် လိုအပ်ချက်ကို မပစ်ပယ်ခဲ့သော်လည်း စကြာဝဠာသည် တသားတည်း ပြည့်စုံနေသော ရုပ်တရားသာ ဖြစ်သည့် စနစ်တခုဟု ဖော်ထုတ်ပြခဲ့သည်။

## ဒိုင်ယာလက်တစ်နှင့် ရုပ်လွန်ပညာ

မာ့က်စ်ဝါဒီတို့၏ လောကအမြင်သည် ရုပ်ဝါဒအမြင် ဖြစ်ရုံသာမက ဒိုင်ယာလက်တစ်လည်း ဖြစ်ပေသည်။ ယင်းကို ဝေဖန်တိုက်ခိုက်သူများက ဒိုင်ယာလက်တစ်ကို ဒဏ္ဍာရီ ယုံတမ်းတပုဒ်ပမာ ပုံဖော်ပြောလေ့ရှိပြီး အခြေအမြစ်မရှိဟု ဆိုတတ်ကြသည်။ သို့သော် သူတို့ စွပ်စွဲသလို မဟုတ်ချေ။ ဒိုင် ယာလက်တစ် နည်းသည် အပြန်အလှန် အမှီသဟဲပြု တည်ရှိ နေသော ပကတိ လောကကို ပို၍ ရှင်းရှင်းလင်းလင်း နားလည် နိုင်ရန် အားထုတ်မှု တရပ်သာ ဖြစ်သည်။ 'ဒိုင်ယာလက်တစ် ဆိုသည်မှာ သဘာဝတရား၊ လူ့အဖွဲ့အစည်းနှင့် အတွေးအခေါ် တို့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် လှုပ်ရှားပြောင်းလဲမှုဆိုင်ရာ ယေဘုယျ နိယာမများကို လေ့လာသော သိပ္ပံပညာရပ်သာ ဖြစ် ချေသည်' ဟူ၍ 'ဒူရင်းသို့ ချေပချက်'ကျမ်းတွင် အန်းဂယ်က ဖွင့်ဆိုခဲ့သည်။ ရိုးရိုးရှင်းရှင်း ဆိုရလျှင် ဒိုင်ယာလက်တစ်သည် လှုပ်ရှားပြောင်းလဲခြင်း၏ လော့ဂျစ် ဖြစ်သည်။

ကျွန်ုပ်တို့ နေထိုင်ရာ လောကသည် မပြောင်းမလဲ တည်တံ့နေသည် မဟုတ်ကြောင်း လူအများ သိထားပြီး ဖြစ်သည်။ အမှန်တကယ်အားဖြင့် သဘာဝတရားထဲက အရာ ရာသည် တရံမလပ် ပြောင်းလဲလျက် ရှိသည်။ 'ရွေ့လျား ပြောင်းလဲခြင်းဟာ ရုပ်ရဲ့ ဖြစ်တည်မှု ပုံစံပဲ' ဟု အန်းဂယ်က ဆိုသည်။ 'ရွေ့လျားပြောင်းလဲခြင်း မရှိသော ရုပ်ဟူ၍ ဘယ်မှာ မျှ မရှိခဲ့၊ ရှိလည်း မရှိနိုင်'။ ကမ္ဘာသည် သူ့ဝင်ရိုးပေါ်မှာ အဆက်မပြတ် လည်လျက် ရှိသည်၊ ထိုသို့လည်ရင်း နေကို လည်း ပတ်လျက် ရှိသည်။ ဤသို့ဖြင့် ကျွန်ုပ်တို့ တနှစ်ပတ်လုံး ကြုံတွေ့ရသော ဥတုအမျိုးမျိုး၊နေ့နှင့်ညတို့ကို ဖြစ်ပေါ် စေသည်။ ကျွန်ုပ်တို့ မွေးဖွားလာရသည်။ ကြီးပြင်းလာသည်။ အိုမင်းကြသည်။ နောက်ဆုံး သေဆုံးကြရသည်။ အရာရာ သည် ရွေ့လျားနေသည်။ ပြောင်းလဲနေသည်။ ပေါ်ပေါက်ကာ ဖွံ့ဖြိုးတိုးတက်လာခြင်းလော။ ဆုတ်ယုတ် ပျက်ဆီးသွားခြင်း လော။ မျှခြေတခုခုတွင် တည်ငြိမ်နေသည် ဆိုခြင်းမှာ နှိုင်းရသ ဘောသာ ဖြစ်ပြီး အခြားတပါးသော ပြောင်းလဲမှုများနှင့် နှိုင်းယှဉ်ကြည့်မှသာ အဓိပ္ပာယ်ရှိပေသည်။

"ကျွန်ုပ်တို့သည် သဘာဝလောက တခုလုံးကို ခြုံငုံ၍ ဖြစ်စေ၊ လူသားမျိုးနွယ်တို့၏ သမိုင်းကြောင်းကိုဖြစ်စေ သို့တည်းမဟုတ် ကျွန်ုပ်တို့၏ တွေးခေါ်ရှုမြင်ခြင်း ကိစ္စများကို ဖြစ်စေ ဆင်ခြင်သုံးသပ်ကြည့်သည့်အခါ မဆုံးနိုင်သော ကြောင်းကျိုးဆက်နွယ်မှုများ၊ အပြန်အလှန် တုံ့လှယ်မှုများ၊ ပတ်လည်ရိုက် အတွဲအစပ်များ တထွေးကြီး ပါဝင်သော ပန်းချီ ကားတချပ်ကို ကနဦး မြင်ရပေသည်။ ထိုပန်းချီကားကြီးတွင် မည်သည့်အရာမျှ ရှိခဲ့ဖူးသည့်အတိုင်း၊ ဖြစ်ခဲ့ဖူးသည့်အတိုင်း၊ ရှိဖူး ဖြစ်ဖူးသည့် နေရာတွင် အမြဲ ဖြစ်မနေနိုင်၊ ရှိမနေနိုင် ပေ။ အရာရာသည် ရွေ့လျားသည်။ ပြောင်းလဲသည်။ ဖြစ် တည်သည်။ ပျက်စီးခြင်းသို့ ရောက်သည်'ဟု အန်းဂယ်က မှတ်ချက်ပြုသည်။

"ထို့ကြောင့် ကျွန်ုပ်တို့သည် ရှုခင်းတခုလုံးကို ပထမ ဆုံး မြင်ယောင်လိုက်စဉ် ထိုရှုခင်းကို ဖွဲ့စည်းထားသည့် အစိတ်အပိုင်း တခုချင်းကို အသေးစိတ် မကြည့်အား၊ ခဏတာ နောက်ပို့ထားရသည်။ 'မည်သည့်အရာများက ပြောင်းလဲသွား သည်၊ မည်သည့်အရာများ ပေါင်းစပ်လျက်ရှိသည်၊ မည်သည့် အရာများက နှီးနွယ်ဆက်စပ်နေသည်' စသည်တို့ထက် လှုပ်ရှားမှုများ၊ အသွင်ကူးပြောင်းမှုများ၊ ပတ်သက်ဆက်နွယ် မှုများကိုသာ အကဲခတ် လေ့လာသည်။ ဤကဲ့သို့ လောက အမြင်သည် အခြေခံကျလွန်းပြီး အင်မတန် ရိုးစင်းနေနိုင် သော်လည်း မှန်ကန်သည်။ ရှေးခေါ်မ အဘိဓမ္မာ၏ ဤလောက အမြင်ကို ဟေရာကလိုက်တပ် (Heraclitus) က အခုလို ပထမ ဆုံး ရှင်းလင်းဖော်ထုတ်ခဲ့သည်။ အရာရာသည် ရွေ့လျား စီး ဆင်းနေပြီး မပြတ်ပြောင်းလဲနေသည်၊ ဖြစ်တည်ခြင်းနှင့် ပျက်သုဉ်းခြင်းတို့ အစဉ် ဖြစ်ပေါ်လျက်ရှိသည်၊ ထို့ကြောင့် တ စုံတရာသည် ဖြစ်တည်နေသည်၊ တချိန်တည်းတွင် ဖြစ်တည် နေခြင်း မရှိဟု ဆိုခဲ့သည်။"

ခေါမတို့သည် သဘာဝ သိပ္ပံပညာရပ်အရာတွင် တော်

လုန်သော လေ့လာတွေ့ရှိချက် တသီတတန်းကြီး ဖော်ထုတ်နိုင်ခဲ့ပြီး ရှေ့တန်းရောက်ခဲ့သည်။ ယနေ့တွင် တပိုင်းတစမျှသာ ကျန်ရှိနေခဲ့ပေပြား အနက်ဇီမန်းဒါး (Anaximander) သည် ကမ္ဘာ့မြေပုံကို ရေးဆွဲခဲ့ပြီး စကြဝဠာဗေဒဆိုင်ရာ စာအုပ်လည်း ရေးသားပြုစုခဲ့သည်။ အန်တီခစ်သဲရာ ယန္တရား (Antikythera Mechanism) သည် ဘီစီ၁ ရာစု ကာလခန့်က သံပတ်ဖြင့် လည်ပတ်သော ဂြိုလ်ပတ်လမ်းပုံစံတူ၏ လက်ကျန် ဖြစ်ပုံရသည်။ ထိုခေတ် ထိုကာလ၏ အသိပညာ အကန့်အသတ်ကြောင့် တီထွင်ဖန်တီးမှု အတော်များများသည် မျှော်လင့်စောင့်စားချက်များ၊ စိတ်ကူးကောင်းသော မှန်းဆချက်များသာ ဖြစ်ခဲ့သည်။ ကျေးပိုင်ကျွန်ပိုင်ခေတ် လူ့အဖွဲ့အစည်းအတွင်း ဤကဲ့သို့ ပြောင်းမြောက်သော တီထွင်ဖန်တီးမှုများကို ထုတ်လုပ်ရေး အသုံးအဖြစ် အသက်မသွင်းနိုင်ခဲ့ချေ၊ အပျော်တမ်းလောက်သာ သဘောထားခဲ့ကြသည်။ ဆယ့်ငါးရာစု အလယ်ခန့် ရောက်မှသာ သဘာဝ သိပ္ပံပညာရပ်နယ်ပယ်တွင် စစ်မှန်သော တိုးတက်မှုများ ဖြစ်ပေါ်လာခဲ့သည်။ သဘာဝတရားကို အစိတ်အပိုင်းတွေ သီးခြားခွဲထုတ်ပြီး စူးစမ်းလေ့လာသည့် နည်းသစ်များ ပေါ်ပေါက်လာခဲ့သည်။ ထိုသို့ ပိုင်းခြားလိုက်သည့်အခါ လေ့လာခံ အချင်းအရာများ၊ ဖြစ်စဉ်များကို မျိုးတူစုပြု၍ ရသွားသည်။ ထိုနည်းဖြင့် အချက်အလက်များ တနင့်တပိုး ရရှိလာသည်၊ သို့သော် သဘာဝထဲက အကြောင်းချင်းရာများကို ၎င်းတို့ မှီတည်ရာ ပတ်ဝန်းကျင်နှင့် ဆက်စပ်လေ့လာခြင်း မပြုမိဘဲ သီးခြားခွဲထုတ်ပြီး လေ့လာသကဲ့သို့ ဖြစ်နေသည်။ ဤသို့ဖြင့် တရားသေဆန်သော၊ ကျဉ်းမြောင်းသော မက်တာဖစ်ဆစ်ကယ် အတွေးအခေါ် နည်းတရပ် ပေါက်ဖွားလာပြီး လက်တွေ့မျက်မြင် အခြေခိုက် ဒဿန(Empiricism) ၏ အထင်ကရ အမှတ်အသား ဖြစ်လာခဲ့သည်။ အချက်အလက်'သည်သာ ပဓာန ဖြစ်လာခဲ့သည်။ "ကိုင်း အခု ကျုပ်လိုချင်တာ အချက်အလက်တွေပဲ။ ဒီသူငယ်လေးတွေ၊ ကလေးမလေးတွေကို အချက်အလက်ကလွဲပြီး တခြား ဘာမှ သင်ပေးစရာ မလိုဘူးဗျာ။ ဘဝမှာ အချက်အလက်တွေကိုပဲ အလိုရှိတယ်"။ ဤသည်မှာ အင်္ဂလိပ် စာရေးဆရာကြီး ချားလ်စ် ဒစ်ကင်း(Charles Dickins) ၏ 'Hard Times' ဝတ္ထုထဲက ဇာတ်ကောင် တောမတ် ဂရက်ဂရင်း (Thomas Gradgrind) ၏ ပြောစကားဖြစ်သည်။

"မက်တာဖစ်ဆစ်ကယ် သမားတွေအဖို့ ရုပ်ဝတ္ထုတွေနဲ့ ယင်းတို့ရဲ့ စိတ်ပိုင်းဆိုင်ရာ တုံ့ပြန် ရိုက်ခတ်ချက်တွေဟာ သီးခြားစီဖြစ်နေတယ်၊ တခုပြီးမှ နောက်တခု စဉ်းစားသလို တခုနဲ့တခုကိုလည်း ခွဲထုတ် ကြည့်မြင်တယ်၊ ဒီအရာ တွေကို ပုံသေသဘော ရှုကြည့်လေ့လာတယ်၊ အစဉ်ပြောင်းလဲနေတဲ့ သဘောမကြည့်ဘဲ တခါဖြစ်ပြီးရင် အမြဲ ဒီလို ဖြစ်တည်နေမယ့် သဘော ရှုမြင်တယ်။ သဘာဝတ္ထု ဖြစ်စဉ်တွေ၊ အရာဝတ္ထုတွေကြားက ပဋိပက္ခကို အကြွင်းမဲ့ သဘောလို့ ယူဆကြတယ်။ " သူ့အမြင်မှာ အရာအားလုံးကို 'အဖြူမဟုတ်ရင် အမည်း' အနေနဲ့ပဲ ကြည့်တယ်။ ဒီလို အဖြူနဲ့အမည်း မဟုတ်တဲ့ အရာရာတိုင်းဟာ မလိုလားအပ်တဲ့ နာနာဘာဝ ဖြစ်သွားတယ်"။ သူ့အဖို့၊ တစုံတရာ ဟာ တည်ရှိနေတယ် (မဟုတ်ရင်) တည်ရှိမနေဘူး၊ တချိန်တည်းမှာပဲ ဖြစ်တည်နေသလို ဖြစ်တည်မနေဘူး ဆိုတာ (မက်တာဖစ်ဆစ်ကယ် သမားအဖို့) မရှိနိုင်ဘူး။ (မက်တာဖစ်ဆစ်ကယ် သမားအဖို့) အဖိုသဘောနဲ့ အမ သဘော ဆိုတာ တခုနဲ့တခု ပကတိသဘော ငြင်းဖယ်နေကြတယ်၊ အကြောင်းတရားနဲ့ အကျိုးတရားဟာလည်း အမြဲ တသမတ်တည်း ပဋိပက္ခဖြစ်နေတယ်၊ တစုံတရာဟာ အကြောင်းတရား ဖြစ်နေရင် အမြဲ အကြောင်းတရား ဖြစ်နေသလို အကျိုးတရား ဖြစ်နေတဲ့ အရာကလည်း ဘယ်တော့မဆို အကျိုးတရားပဲ ဖြစ်နေတယ်။

"အစပိုင်းမှာ ဒီလို တွေးနည်းက အထင်ကြီးစရာပဲ၊ အကြောင်းက ယုတ္တိတန်တဲ့ သမားရိုးကျ အမြင်ဆိုတာ ဒီလို တွေးခေါ်နည်း ဖြစ်နေလို့ပဲ။ ကျင်လည်နေကျ နံရံလေးဖက် ကမ္ဘာလေးထဲမှာတော့ ကြောင်းကျိုးခိုင်လုံတဲ့ အဲဒီ သမားရိုးကျ အမြင်က အလုပ်ဖြစ်တယ်၊ ယုံကြည်ကိုးစားလို့ ရတယ်။ ဒါပေမယ့် ကျယ်ပြောလှတဲ့ ကမ္ဘာလောကကို စူးစမ်းလေ့လာဖို့ အရဲ

စွန့် ထွက်လိုက်တာနဲ့ ချက်ချင်းဆိုသလို အံ့သြဘနန်း စွန့်စားခန်းတွေ တွေ့ရတော့တာပဲ။ မက်တာဖစ်ဆစ်ကယ် တွေးခေါ်နည်းဟာ နယ်ပယ် တော်တော်များများမှာ လိုအပ်သလို သုံးဖို့လည်း ကြောင်းကျိုးခိုင်လုံပါတယ်။ ဘယ်အတိုင်းအတာအထိ ဒီနည်းကို သုံးလို့ရသလဲ ဆိုတာကတော့ စူးစမ်းလေ့လာသော အကြောင်းချင်းရာရဲ့ သဘော သဘာဝအပေါ် မူတည်ပြီး ပြောင်းလဲနေတယ်။ ဒါပေမယ့် အနေးနဲ့အမြန် ဆိုသလို ဒီတွေးခေါ်နည်းကို သုံးလို့ရနိုင်တဲ့ နယ်နိမိတ်စွန်းကို ရောက်သွားမယ်။ အဲဒီနယ်နိမိတ်ကို ကျော်သွားရင်တော့ ဒီတွေးခေါ်နည်းဟာ တဖက်သတ်ဆန်သွားမယ်၊ အကန့်အသတ်ရှိသွားမယ်၊ စိတ္တဇဆန်သွားမယ်၊ ရှင်းမရနိုင်တဲ့ ပဋိပက္ခတွေကြား လမ်းပျောက်သွားမယ်။ ပါဝင်ရာအစိတ်အပိုင်း တခုချင်းစီကို အလေးအနက် ဆင်ခြင်နေရင်း သူတို့ကြားက ဆက်နွယ်ချက်ကို မေ့သွားတယ်၊ ဖြစ်တည်မှုကို ဆင်ခြင်သုံးသပ်ရင်း ဖြစ်တည်မှုရဲ့ အစနဲ့ အဆုံးကို မေ့သွားတယ်၊ သဘာဝ ဖြစ်စဉ်တွေကို အငြိမ်ထား လေ့လာရင်း ရွေ့လျားခြင်းသဘောကို မေ့သွားတယ်။ သစ်တပင်စီကိုသာ မြင်နေပြီး တောအုပ် တခုလုံးကို သတိမမူမိတော့” ဟု အန်ဂယ်လ်က ဆိုခဲ့သည်။

အန်းဂယ်က ဆက်ရှင်းပြသည်။ နေ့စဉ်ဘဝတွင် သတ္တဝါတကောင် သေသလား၊ ရှင်သလား ကျွန်ုပ်တို့ အလွယ်ကလေး ပြောနိုင်သည်။ သို့သော် အနီးကပ် စောကြောကြည့်ပါက အဆိုပါမေးခွန်းသည် ထိုမျှ မရိုးရှင်းကြောင်း ကျွန်ုပ်တို့ လက်ခံရပေသည်။ မရိုးရှင်းသည့်အပြင် ရှုပ်ထွေးနက်နဲသော မေးခွန်းတခု ဖြစ်နေသည်။ သတ္တဝါတခုသည် မိခင်၏ ဝမ်းကြာတိုက်ထဲတွင် မည်သည့်အချိန်၌ အသက်ဓာတ် စတင် ဖြစ်ပေါ်သနည်း ဆိုသည့် အကြောင်းနှင့်ပတ်သက်၍ ယနေ့ခေတ်ကာလမှာပင် လက်သီးလက်မောင်း တန်းရသည်အထိ အငြင်းအခုံများလည်း ရှိနေဆဲပင်။ အလားတူ မည်သည့်အချိန်တွင် အသက်ဓာတ် ကုန်လွန်ကြောင်းနှင့် ပတ်သက်၍လည်း အတိအကျပြောရန် ခက်ခဲသည်သာပင်။ အဘယ်ကြောင့်ဆိုသော် အသက်ဓာတ် ကုန်လွန်ခြင်းသည် ပွဲချင်းပြီး လုပ်ဆောင်ချက် တခု မဟုတ်ဘဲ ရှည်လျားကြာညောင်းသော ဖြစ်စဉ်တခုဟု ဇီဝကမ္မပညာရပ်က လေ့လာဖော်ထုတ် သက်သေပြထားပြီး ဖြစ်သည်။ ခေါမ အဘိဓမ္မာဆရာ ဟေရာကလိုက်တပ်၏ ပြောင်မြောက်လှသော စကားလုံးများနှင့် ဆိုရလျှင် -

“ကျွန်ုပ်တို့ထဲတွင် ရှင်သန်ခြင်းနှင့် သေဆုံးခြင်း၊ အိပ်စက်ခြင်းနှင့် နိုးကြားခြင်း၊ ငယ်ရွယ်ပျိုမျစ်ခြင်းနှင့် အိုမင်းရင့်ရော်မှုတို့ တချိန်တည်းမှာ ဖြစ်ပေါ်နေသည်။ တခုနှင့် တခု နေရာလဲပြီး ဆန့်ကျင်ဖက် အခြားတခုအဖြစ် ပြောင်းသွားသည်။ တခုတည်းသော စမ်းချောင်းအတွင်းသို့ ကျွန်ုပ်တို့ ဆင်းသက်ကြပြီး ကျွန်ုပ်တို့ မဆင်းသက်ကြ။ ကျွန်ုပ်တို့ ဖြစ်ရှိနေသည်၊ တချိန်တည်းတွင် ကျွန်ုပ်တို့ ဖြစ်ရှိနေခြင်း မဟုတ်။”

အရာရာတိုင်းက အပေါ်ယံ မြင်ရသည့်အတိုင်း မဟုတ်ချေ။ မည်သည့် သက်ရှိ မျိုးစိတ်မဆို၊ သက်ရှိဘဝ၏ မည်သည့် အစိတ်အပိုင်းမဆို အချိန်တိုင်းမှာ အတူတူ ဖြစ်နေပြီး အတူတူလည်း မဟုတ်ချေ။

သက်ရှိရုပ်သည် ပြင်ပက ရုပ်ပစ္စည်းများကို ယူငင်စားသုံးပြီး ကြီးထွားဖွံ့ဖြိုးလာသည်၊ တချိန်တည်းတွင် မလိုအပ်သော အခြား ရုပ်တို့ကို စွန့်ထုတ်ဖယ်ရှားပစ်သည်။ အဆက်မပြတ် သေဆုံးနေသော ဆဲ(လ်)များ ရှိသကဲ့သလို အဆက်မပြတ် အသစ်ဖြစ်ပေါ်နေသော ဆဲ(လ်)များလည်း ရှိသည်။ သို့နှင့် အချိန်တခု ကြာလာသည့်အခါ ရုပ်ခန္ဓာသည် လုံးလုံးလျားလျား ပြောင်းလဲသွားတော့သည်။ ခေါင်းအစ ခြေအဆုံး အသစ် ဖြစ်သွားသည်။ ထို့ကြောင့် အော်ဂဲနစ် ရုပ်တိုင်းသည် ၎င်း၏ ဖြစ်တည်မှုအတိုင်း ဖြစ်ရှိနေသည့် တချိန်တည်းမှာပင် အခြားသော ဖြစ်တည်မှုလည်း ဖြစ်နေပြန်သည်။

ဤကဲ့သို့ ဖြစ်စဉ်များကို ရုပ်လွန်ပညာ တွေးခေါ်နည်းဖြင့်လည်းကောင်း၊ သမားရိုးကျ ယုတ္တိ ဆင်ခြင်နည်းဖြင့်လည်းကောင်း ရှင်းမပြနိုင်ပေ။ ထိုချဉ်းကပ်နည်းသည် ပဋိပက္ခကို ရှင်းပြနိုင်စွမ်းမရှိ။ နေ့စဉ်ဘဝ စဉ်းစားနည်းတွင် ဤကဲ့သို့

ပဋိပက္ခဖြစ်နေသော အရှိတရားမျိုး မပါဝင်။ ဒိုင်ယာလက်တစ်သည် အကြောင်းချင်းရာများကို အပြန်အလှန် ဆက်နွယ်နေမှု၊ ရှင်းသန်ဖွံ့ဖြိုးမှု၊ လှုပ်ရှားပြောင်းလဲမှုများအရ နားလည်နိုင်ရန် ကြိုးစားသည်။ အန်းဂယ်(စ်) အလေးထား ပြောခဲ့သည့်အတိုင်း ဆိုရလျှင် "သဘာဝတရားသည် ဒိုင်ယာလက်တစ်၏သက်သေခံ မှတ်ကျောက် ဖြစ်သည်"။

အန်းဂယ်(စ်)က များပြားလှသော ပြောင်းလဲခြင်း ဖြစ်စဉ်များကို သူ၏ သဘာဝ၏ ဒိုင်ယာလက်တစ် စာအုပ်တွင် အခုလို ဖော်ပြခဲ့ဖူးသည် -

ရုပ်သည် အဆုံးအစမဲ့ စက်ဝန်းအသွင်ဖြင့် ပြောင်းလဲ ရွေ့လျားနေသည်၊ ၎င်း တိုးတက်ဖြစ်ထွန်းရာ လမ်းကြောင်းသည် တမျှော်တခေါ် အပြောကျယ်လွန်းလှ၍ ၎င်းနှင့်နှိုင်းစာလျှင် ကျွန်ုပ်တို့ ကမ္ဘာမြေ နှစ်ဌာန်းကာလသည် ဘာမျှ မပြောပလောက်ပေ၊ ယင်းကဲ့သို့ ရွေ့လျားပြောင်းလဲနေသော စက်ဝန်းအတွင်း တိုးတက်ဖွံ့ဖြိုးမှု အမြင့်ဆုံးကာလ၊ နာမည်တပ်ပြောရလျှင် အော်ဂဲနစ် သက်ရှိရုပ်များ ပေါ်ထွန်းလာပြီး အောင်မြင်မှု အထွတ်အထိပ်ဟု ဆိုနိုင်သည့် အသိစိတ် ထွက်ပေါ်လာသည့် ကာလ အပိုင်းအခြားသည် သက်ရှိများနှင့် အသိစိတ်ပေါ်ထွက်လာရာ သမိုင်းကြောင်းနှင့် နှိုင်းစာသော် မိနစ်ပိုင်းမျှသာ ရှိသေးသည်၊ အဆိုပါ စက်ဝန်းအတွင်း နေဖြစ်စေ သို့တည်းမဟုတ် နက်ဗျူလာ ဖြစ်စေ၊ သက်ရှိတကောင်ကောင် သို့မဟုတ် သက်ရှိ မျိုးစိတ်ဖြစ်စေ၊ ဓာတု ပေါင်းစည်းခြင်း သို့မဟုတ် ပြိုကွဲခြင်းဖြစ်စေ၊ မည်သို့သော ဖြစ်တည်မှုပုံစံနှင့် တည်ရှိနေစေကာမူ ရုပ်အားလုံးသည် ကူးလူးပြောင်းလဲနေရတာချင်း အတူတူသာ ဖြစ်ချေသည်၊ ယင်းစက်ဝန်းတွင် ထာဝရ ပြောင်းလဲနေသော၊ ထာဝရ လှုပ်ရှားနေသော ရုပ်နှင့် ၎င်း၏ ပြောင်းလဲခြင်း၊ လှုပ်ရှားခြင်းဆိုင်ရာ နိယာမတရားတို့ကလွဲ၍ ထာဝရ တည်မြဲသော အရာဟူ၍ တခုမျှ မရှိချေ။ သို့သော် ယင်းစက်ဝန်းကြီးသည် အချိန်နှင့် အာကာသအတွင်း ညှာတာထောက်ထားခြင်း ကင်းမဲ့စွာဖြင့် အဘယ်မျှပင် အဖန်တလဲလဲ ဖြစ်ပွားနေစေကာမူ၊ နေအဖွဲ့အစည်းနှင့် ကပ်ကမ္ဘာများ မရေတွက်နိုင်အောင် အဘယ်မျှပင် ပေါ်ထွန်းလိုက်၊ ပျက်သုဉ်းလိုက် ရှိနေစေကာမူ၊ နေအဖွဲ့အစည်းများအတွင်း ဂြိုလ်တချို့ပေါ်တွင် ဇီဝရုပ် ဖြစ်ထွန်းရန် သင့်လျော်သည့် အခြေအနေများ ပေါ်ပေါက်လာသည်အထိ အဘယ်မျှပင် ကြာညောင်းအောင် စောင့်ဆိုင်းရန် လိုအပ်စေကာမူ၊ (ကာလတိုမျှသာ ရှင်သန်နိုင်ခဲ့သည် ဆိုစေဦး) ရှင်သန်နေထိုင်ရန် သင့်လျော်သော ဝန်းကျင်ကို ရှာဖွေတတ်သည့် တွေးခေါ်စဉ်းစားတတ်သော ဦးနှောက်ပိုင်ရှင် သက်ရှိများ ပေါ်ထွန်းမလာမီ ကြီးစိုးမင်းမူ၊ မျိုးတုန်းသွားခဲ့ရသော သတ္တဝါပေါင်း မရေတွက်နိုင်လောက်အောင် များပြားနေစေကာမူ၊ ကျွန်ုပ်တို့ အသေအချာ ပြောနိုင်သည်မှာ ပြောင်းလဲမှု အဖုံဖုံ ဖြစ်ပေါ်နေသော ရုပ်သည် အမြဲတစေ ရုပ်သာ ဖြစ်လျက်ရှိသည်၊ ယင်းရုပ်၏ ပင်ကိုအရည်အသွေးများ တခုမျှ ပျက်သုဉ်းမသွားနိုင်ချေ၊ ရုပ်၏ အမြင့်ဆုံး ဖူးပွင့်မှုဟု ဆိုနိုင်သော တွေးခေါ်စဉ်းစားနိုင်စွမ်းရည်ကို ပျက်သုဉ်းခြင်းဆီ အတင်းအကျပ် တွန်းပို့ခဲ့သော ယင်းသံမဏိ နိယာမတရားအရပင် အခြားသော အချိန်၊ အခြားသော အာကာသတွင် ယင်းအသိစိတ် တကျော့ပြန် မွေးဖွားရန် မဖြစ်မနေ လိုအပ်လာသည်။"

၁၈ရာစု ပြင်သစ် အတွေးအခေါ်နှင့် ခေတ်ပြိုင်၊ မရှေးမနှောင်းဟုလည်း ဆိုနိုင်သည့် ကာလတွင် ရာဒီကယ် ဂျာမန် ဒဿန အသစ်တရပ် ပေါ်ထွန်းလာခဲ့သည်။ အီမန်နျူအယ် ကန့် အလွန် ဂျော့(ဂ်ျ) ဖရက်ဒရစ် ဟေဂယ် လက်ထက်တွင် ဂျာမန် ဒဿနသည် အမြင့်ဆုံးအဆင့်သို့ ရောက်ခဲ့သည် ။ ဟေဂယ်သည် ပြင်သစ်တော်လှန်ရေးကို အလွန်တရာ လေးစား အားကျခဲ့သူ ဖြစ်သည်။ ဟေဂယ်သည် စိတ်ဝါဒီတဦး ဖြစ်သော်လည်း သူ့ခေတ်တွင် စွယ်စုံ သိမြင်နံ့စပ်သော ပညာရှင်ကြီး ဖြစ်ခဲ့သည်။ နှစ်ပေါင်း နှစ်ထောင် ဝန်းကျင်ခန့်က ခေါမခေတ် တွေးခေါ်ရှင်ကြီးများ ကနဦး ဖော်ထုတ်ခဲ့သည့် ဒိုင်ယာလက်တစ် တွေးခေါ်နည်းကို ဆယ်ယူနိုင်ခဲ့ခြင်းသည် ဟေဂယ်၏ အကြီးမားဆုံး အကျိုးပြုချက်ပေတည်း။

"ဖြစ်တည်မှုတိုင်း၏ အပြောင်းအလဲများတွင်

အရေအတွက် တခုမှ တခုသို့ ကူးပြောင်းသည့် အချက်သာမက အရေအတွက်မှ အရည်အသွေးသို့ ပြောင်းလဲနိုင်သည်၊ ထို့အတူ အရည်အသွေးမှ အရေအတွက်သို့လည်း ပြောင်းလဲနိုင်သည်” ဟူ၍ ဟေဂယ်က ရေးသားခဲ့သည်။ အရည်အသွေးသဘောကူးပြောင်းခြင်းတမျိုး ဖြစ်ပေါ်တိုင်း အဆက်ပြတ်တောက်မှု ဖြစ်သွားလေ့ရှိသည်။ ထိုအခါ သက်ဆိုင်ရာ ဖြစ်စဉ်ကို ယခင်အခြေအနေနှင့် အရည်အသွေးအားဖြင့် သိသိသာသာ ခြားနားသွားသည့် အခန်းသစ် တရပ် ဖွင့်လှစ်ပေးသည်။ သို့ဖြစ်သောကြောင့် ရေကို အအေးခံလိုက်သည့်အခါ မာကြောသွားသည်။ ဖြည်းဖြည်းချင်း ဖြစ်သွားသည်မဟုတ်၊ ရုတ်တရက် ခဲသွားခြင်း ဖြစ်သည်။ ရေခဲမှတ်အထိ အအေးခံထားလိုက်ပြီဆိုပါက ဆိတ်ငြိမ်သော အခြေအနေကို ဆက်ထိန်းနိုင်မှသာ အရည်အဖြစ် ဆက်ရှိနိုင်မည်၊ ထိုအခိုက်တွင် မဆိုစလောက် လှုပ်ခတ်မှု ဖြစ်ရုံမျှနှင့် ရုတ်တရက် အခဲဖြစ်သွားစေနိုင်သည်။ ကိုယ်ကျင့်စံနှုန်းများနှင့် ပတ်သက်သည့် ဖြစ်ရပ်များတွင်လည်း အလားတူပင်။ အရေအတွက်မှ အရည်အသွေးသို့ ကူးပြောင်းသည့် အပြောင်းအလဲများ ဖြစ်ပွားသည်။ အဆိုပါ ဖြစ်ရပ်များတွင်လည်း အရည်အသွေးဆိုင်ရာ ခြားနားချက်များသည် အရေအတွက် ကွာခြားချက်များအပေါ် အခြေခံထားသည်။ ထို့ကြောင့် မဆိုစလောက် အတိုး အလျှော့ လုပ်ရုံဖြင့် အပျော်အပြက်နှင့် ရာဇဝတ်မှုကြားခြားထားသည့် စည်းကို ကျော်လွန်ပြီး အရည်အသွေးသဘော ပြောင်းလဲမှု ဖြစ်သွားနိုင်သည်။” (The Science of Logic)

ဟေဂယ့် ရေးသားချက်များတွင် ဒိုင်ယာလက်တစ် နှင့် ပတ်သက်သော ဥပမာများ၊ မှီငြမ်းကိုးကားချက်များ ပြည့်နှက်နေပါသည်။ ဟေဂယ်သည် စိတ်ဝါဒီတယောက် ဖြစ်သည့်အပြင် သူ၏ အရေးအသားမှာ အဓိပ္ပာယ် ကွယ်ဝှက်လွန်းသောကြောင့် ခဲရာခဲဆစ် တွေးယူရပေရာ သူ့လက်ရာများကို ဖတ်ရသည်မှာ အတော်ပင် အခက်ကြုံရပေသည်။ ပထမကမ္ဘာစစ်ကာလ ပြည်ပတွင် တိမ်းရှောင်နေရစဉ် ဟေဂယ့်လက်ရာများကို ပြန်လည်ဖတ်ရှုရင်း လီနင်က အောက်ပါအတိုင်း ရေးသားခဲ့သည်။

“ယေဘုယျအားဖြင့် ဟေဂယ် (ရဲ့ လက်ရာများ)ကို ရုပ်ဝါဒနည်းကျ ကြိုးစားဖတ်နေတယ်။ (အန်းဂယ် ပြောသလို ဆိုရရင်) ဟေဂယ် (ရဲ့ ဒဿန)ဟာ မြေပေါ် ခေါင်းစိုက်ပြီး ရပ်နေတဲ့ ရုပ်ဝါဒပဲ။ အများအားဖြင့် ပရမတ်တရား၊ အိုင်ဒီယာ သက်သက်၊ ဘုရားသခင်၊ စသဖြင့်၊ အဲလိုဟာတွေ ပါလာရင် ဘေးဖယ်ပြီး ဖတ်လိုက်တာပဲ။”

လီနင်သည် ဟေဂယ်(၏ လက်ရာများ)ကို လွန်စွာသဘောကျ နှစ်ခြိုက်ခဲ့သည်။ ဟေဂယ်၏ စိတ်ဝါဒကို သိသော်လည်း လီနင်သည် ဟေဂယ်၏ လက်ရာများကို ကိုယ်တိုင်လေ့လာကြည့်ကြဖို့ လူငယ်ကွန်မြူနစ်များကို အကြံပြုတိုက်တွန်းခဲ့သည်။

လူငယ်ဘဝတွင် မာ့က်စ်နှင့် အန်းဂယ်တို့သည် ကြီးမြတ်သော ဟေဂယ်၏ တွေးခေါ်ယူဆချက်များကို လက်ခံလိုက်နာသူများ ဖြစ်ခဲ့ကြသည်။ ဆရာသမားဖြစ်သူထံမှ ပညာအမြောက်အမြား သင်ယူခွင့် ရလိုက်ကြသည်။ ဒိုင်ယာလက်တစ်နည်းဖြင့် စံကိုက်ချိန်ထိုးကာ လောကကို ရှုထောင့်အသစ်မှ ကြည့်ရှုတတ်အောင် သူက အမြင်ဖွင့်ပေးလိုက်ခြင်းဖြစ်သည်။ ဒိုင်ယာလက်တစ်ကို ထွေးပွေ့ကြိုဆိုခြင်းဖြင့် ဟေဂယ်သည် သမိုင်းကို ရုပ်လွန်ပညာမှ လွတ်မြောက်စေခဲ့သည်။ ဒိုင်ယာလက်တစ်သဘောအရ မည်သည့်အရာမျှ ဆုံးခန်းတိုင်သည် ဟူ၍မရှိ၊ အကြွင်းမဲ့ ဟူ၍မရှိ၊ ထူးကဲမြင့်မြတ်နေသည် မရှိ။ အရာရာတိုင်းသည် တဒင်္ဂမဆိုင်း အစဉ်ပြောင်းလဲနေတတ်သည့် သဘောကို ဒိုင်ယာလက်တစ်က ရှာဖွေဖော်ထုတ်သည်။ သို့သော်ငြား သူ့ခေတ် အသိပညာ၊ သူ့ကိုယ်ပိုင် အသိပညာနှင့် သူကိုင်စွဲသည့် စိတ်ဝါဒတို့က ဟေဂယ်ကို ကန့်သတ်ချုပ်နှောင်ထားသည်။ ဦးနှောက်ထဲက အတွေးများသည် အမှန်တကယ် တည်ရှိနေသော ဖြစ်စဉ်များ၊ ရုပ်အထည်များ၏ ဒြပ်မဲ့ ပုံရိပ်များအဖြစ် သူသဘောမထား၊ ထာဝရ တည်ရှိနေသော “ပရမတ်တရား”၏ ကိုယ်ထင်ပြချက်များအဖြစ် သဘောထားခဲ့သည်။ ပကတိ အရှိတရားသည်


ဟေဂယ်၏ စိတ်ဝါဒကြောင့် ဦးစောက် ပြောင်းပြန်လန်သွားသည်ဟု ဆိုရပေမည်။

မည်သို့ဆိုစေ ဟေဂယ်သည် အရေးကြီးသော ပြောင်းလဲခြင်းဆိုင်ရာ နိယာမများကို စနစ်တကျ ဖော်ထုတ်ပေးခဲ့သူ ဖြစ်သည်။

မြန်မာပြန်သူ မွန်းနောင်

(ယင်းနိယာမများကို ဒုတိယအပိုင်းတွင် ဆက်လက် ဖော်ပြသွားမည်။)


REVOLUTIONARY
COMMUNIST
INTERNATIONAL


MARX
WAS
RIGHT!